# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၁၇၉)


**ယနေ့ မာ တိ ကာ**


**တိုင်းရင်းသားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လမ်းပြမြေပုံ ဖြစ်လာစေမည့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာ အတည်ပြုရေးဆွဲနိုင်ရေး တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ** စာ ၄

**ဥပဒေကြောင်းနဲ့ ဆုတွေတောင်း** စာ ၆

**ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး စာ ၈

**ရွေးကောက်ပွဲအပေါ် ရှုမြင်သုံးသပ်ချက်** စာ ၂၀




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။ ဓာတ်ပုံ– တင်စိုး(မြန်မာ့အလင်း)

# ပထမဦးဆုံးအကြိမ် ပျံသန်းမည့် အပျော်စီးလေယာဉ်ခရီးစဉ်ကို မြန်မာအမျိုးသားလေကြောင်းလိုင်းက ဒီဇင်ဘာ ၂၀ ရက်တွင် စတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ပျံသန်းမည့် အပျော်စီးလေယာဉ်ခရီးစဉ် (Non Landing Sightseening Flights Tour)ကို Myanmar National Airlines က ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

အဆိုပါ အပျော်စီးလေယာဉ်ခရီးစဉ်ကို ရန်ကုန် – ကျိုက်ထီးရိုး – ဘားအံ – ရန်ကုန်သို့ Myanmar National Airlines ရှိ ATR – 72 မှ အနိမ့်ပျံသန်းမှုဖြင့် ကျိုက်ထီးရိုးဘုရားကို ဖူးမြော်ပြီး ဘားအံမြို့၏ ပတ်ဝန်းကျင်ရှုခင်းအလှတရားများကိုလည်း ဝေဟင်မှကြည့်ရှုနိုင်မည်ဖြစ်သည်။

"အခုလောလောဆယ် Non Landing Sightseening Flights Tour ဆိုတာက လေယာဉ်ပျံက ရန်ကုန်ကနေတက်ပြီး ရန်ကုန်ကို ပြန်ဆင်းမှာပါ။ ခရီးစဉ်ကတော့ အရင်ကလိုမျိုး တစ်မြို့ကနေတစ်မြို့ကို ခရီးသွားတဲ့ပုံစံမဟုတ်ဘဲနဲ့ ရှုခင်းတွေကို ကြည့်တယ်။ လေယာဉ်ပျံက အနိမ့်ပျံပြီးတော့ သွားမှာပါ။ အခုလောလောဆယ်တော့ ကျိုက်ထီးရိုးပေါ့။ ကျိုက်ထီးရိုးကိုသွားမယ်။ ကျိုက်ထီးရိုးမှာပတ်ပြီးတော့ပြမယ်။ ပြီးသွားလို့ရှိရင် ကရင်ပြည်နယ် ဘားအံပေါ့။ ဇွဲကပင်တောင်နဲ့ ဘားအံမြို့ရဲ့အလှကို ပတ်ပြီးတော့ ပြမယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒

# ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများနှင့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံတွင် EPS စနစ်ဖြင့် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းကုန်ဆုံးနေသဖြင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၉၄ ဦးအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အလားတူ ကိုရီးယားသမ္မတနိုင်ငံတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၃၉ ဦးအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သားများ လုပ်ငန်းရှင်များ အဖွဲ့ချုပ်(MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI)ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍




မြန်မာ့အလင်း

# အာဟာရဖွံ့ဖြိုး ခွန်အားတိုးကြစေဖို့

သက်ရှိသတ္တဝါဟူသမျှ အာဟာရဟူသော အထောက်အပံ့ကြောင့် အသက်ရှင်သန်ကြရသည်။ လူသားအပါအဝင် သက်ရှိသတ္တဝါတို့၏ အသက်ရှင်ကျန်းမာရေး၊ ခန္ဓာကိုယ်ရှင်သန်တည်တံ့ရေးအတွက် လိုအပ်သော ဩဇာဓာတ်တို့ကို အစားအစာအာဟာရ စားသောက်ခြင်းမှ ရရှိနိုင်သည်။ အာဟာရချို့တဲ့သည့်အခါ ကိုယ်ခန္ဓာကြံ့လှီသေးငယ်ပြီး ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုလည်း နိမ့်ကျနိုင်သလို ရောဂါအမျိုးမျိုးတို့ အလွယ်တကူ ဝင်ရောက်ကူးစက်နိုင်သည်။

လူ့ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များကို လိုက်၍ အစားအစာအုပ်စု သုံးစုခွဲထားရာ ကစီဓာတ်နှင့် အဆီဓာတ်တို့ ပါဝင်သည့် အင်အားဖြစ်စေသော အစာအုပ်စု၊ အသားဓာတ်များပါဝင်သည့် ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စု၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်၊ ရေဓာတ်တို့ ပါဝင်သည့် ရောဂါကာကွယ်စေသော အစာအုပ်စုဟူ၍ ဖြစ်သည်။ သားငါး ပုစွန်၊ ဥအမျိုးမျိုး၊ နို့နှင့် ပဲအမျိုးမျိုးတို့က ခန္ဓာကိုယ်ကြီးထွားစေနိုင်ပြီး အစိမ်းရောင်ဟင်းသီးဟင်းရွက်များအပါအဝင် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများက ရောဂါများကို ကာကွယ်ပေးနိုင်သည်။ ဆန်၊ ဂျုံ၊ ပြောင်း၊ ကန်စွန်းဥ၊ ပိန်းဥ၊ အာလူး၊ သကြားနှင့် ဆီများက အင်အားကို ဖြစ်စေသည်။ မိမိတို့နေ့စဉ်စားသုံးနေသည့် အစာအာဟာရများတွင် ဆိုခဲ့ပါ အစာအုပ်စု သုံးစုတို့ပါဝင်အောင် ညီညွတ်မျှတစွာ စားသုံးခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်နိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုများ၏ ၄၉ ဒသမ ၃ ရာခိုင်နှုန်းခန့်ကသာ အစာအုပ်စုစုံလင်စွာ စားသုံးနေကြောင်း၊ အိမ်ထောင်စုများ၏ ၈၆ ရာခိုင်နှုန်းသည် အိုင်အိုဒင်းဆား စားသုံးနေကြသော်လည်း ၃၆ ဒသမ ၈ ရာခိုင်နှုန်းသာလျှင် အရည်အသွေးပြည့်ဝစံမီသည့် အိုင်အိုဒင်းဆားကို စားသုံးနေကြောင်း စသည်တို့အပါအဝင် သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ်ချို့တဲ့မှုအခြေအနေများကို "မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေး စစ်တမ်း (၂၀၁၇–၁၈)" လေ့လာကောက်ယူမှုမှ တွေ့ရှိခဲ့ရာ အာဟာရပြည့်ဝစွာ စားသုံးတတ်ရန် အသိပညာတို့ လိုအပ်လျက်ရှိနေခြင်းပင်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ အစားအစာထုတ်လုပ်မှုအခြေအနေမှာ အာဟာရဓာတ်ကြွယ်ဝသော စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များပေါ်များပြီး ဝင်ငွေအဆင့်အတန်းအလိုက် အာဟာရဓာတ်ပြည့်စုံအောင်စားသုံးနိုင်သည့်အနေအထားတွင်ရှိသည်။ ကျန်းမာရေးအသိဖြင့် နေ့စဉ်အစားအစာများတွင် အာဟာရပြည့်စုံစွာ စားသုံးတတ်ရန်သာ လိုအပ်သည်။ အခြားတစ်ဖက်တွင်မူ ဆီ၊ သကြားနှင့် ဆားစားသုံးမှုလွန်ကဲခြင်းကဲ့သို့သော အကြောင်းများကြောင့် ဆီးချို၊ သွေးတိုး စသည့်ရောဂါများဖြစ်ပွားခြင်း၊ အဝလွန်ခြင်းနှင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားခြင်းတို့ကလည်း ရှိနေသည်။

ယခုအခါ မြန်မာနိုင်ငံပြည်သူများအတွင်း အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စသော ဆက်စပ်ဌာနများကပါ ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် အခြေခံကျကျ အရေးပါသည့် အမျိုးသားအာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကို ပြည်သူတို့၏ပူးပေါင်းပါဝင်မှုရယူ၍ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# မြန်မာ–အီးယူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး





**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Ranieri Sabatucci ဦးဆောင်သော မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် Video Conference စနစ်ဖြင့် လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်ဖက်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးရာတွင် မကြာသေးမီက ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) သဘောတူစာချုပ်တွင် မြန်မာနိုင်ငံ ပါဝင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါစာချုပ်သည် ယခင်ကရှိခဲ့သော ကုန်သွယ်မှုစာချုပ်များနှင့် မတူဘဲ စီးပွားရေးဖွံ့ဖြိုးမှု အဆင့်အတန်း မတူညီသည့် အဖွဲ့ဝင် ၁၅ နိုင်ငံ ပါဝင်သော ကမ္ဘာ့အကြီးဆုံး ကုန်သွယ်မှုနယ်မြေစာချုပ်တစ်ခု ဖြစ်ပါကြောင်းနှင့် အဆိုပါစာချုပ် ချုပ်ဆိုနိုင်ခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံများအကြား နက်ရှိုင်းသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ရှေ့ဆက်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအုတ်မြစ်တစ်ခုကို ချမှတ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် လုပ်ငန်းများအနေဖြင့် RCEP စာချုပ်ပါ ရှင်းလင်းလွယ်ကူသည့် ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့်အညီ ထုတ်ကုန်များထုတ်လုပ်၍ အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့နိုင်မည့် အခွင့်အလမ်းများရရှိမည် ဖြစ်ပါကြောင်း၊ အာရှသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကဒေသအဖြစ် ယခင်ကတည်းက ရပ်တည်မှုကို RCEP ပူးပေါင်းဆောင်ရွက်မှုက ပိုမိုခိုင်မာအားကောင်းစေမည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ်–၁၉ ကာလအတွင်း ပိုမိုဘက်စုံလွှမ်းခြုံပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် ကုန်ထုတ်လုပ်မှု ကွင်းဆက်ကို ထူထောင်နိုင်ရန် လိုအပ်လာသည့်အတွက် အာရှနိုင်ငံအများစုပါဝင်သည့် RCEP က ကမ္ဘာ့ ထုတ်လုပ်မှုကွင်းဆက်ကို ပုံမှန်ပြန်လည် လည်ပတ်လုပ်ကိုင်နိုင်သည်အထိ တစ်ဆင့်ပြီးတစ်ဆင့် စွမ်းဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ RCEP သည် ပွင့်လင်း၍ စည်းမျဉ်းအခြေခံသည့် ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပုံသဏ္ဍာန်ဖြစ်သည့်အတွက် ဥရောပသမဂ္ဂနိုင်ငံများနှင့် RCEP အဖွဲ့ဝင်နိုင်ငံများ အားလုံးက အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဥရောပသမဂ္ဂ သံအမတ်ကြီးတို့က မြန်မာနိုင်ငံ အနေဖြင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုထားပြီးဖြစ်သည့်အတွက် ရေအား၊ လေအားနှင့် ဆိုလာစွမ်းအင်စီမံကိန်းများတွင် ပွင့်လင်းမြင်သာ၍ တာဝန်ယူမှု ၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂသံအမတ်ကြီးက ဥရောပသမဂ္ဂအနေဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှုဒဏ်လျှော့ချရေးတို့တွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်းနှင့် နှစ်ဖက်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သွားရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲ၌ ပြင်သစ်နိုင်ငံ သံအမတ်ကြီး Mr. Christian Lechervy၊ ဂျာမန်သံအမတ်ကြီး Mr. Thomas Neisinger၊ အီတလီနိုင်ငံ သံအမတ်ကြီး Ms. Alessandra Schiavo၊ စပိန်သံရုံး ယာယီတာဝန်ခံ Ms. Beatriz Lorenzo နှင့် ဆွီဒင်သံရုံး သံမှူးကြီး Ms. Frida Zaric တို့ကလည်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Ranieri Sabatucci နှင့်အတူ ဥရောပသမဂ္ဂနိုင်ငံများမှ သံအမတ်ကြီးများနှင့် အာဆီယံနိုင်ငံတွင်းမှ ဥရောပသမဂ္ဂကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၃၃ ဦး တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်နှင့် အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း ထောက်ပံ့ငွေများရရှိခဲ့သည့် အခြေခံလူတန်းစားမိသားစုများ၏ အမည်စာရင်းများနှင့် နောက်တိုးရရှိနိုင်မည့်သူများ၏ အမည်စာရင်းများ ကပ်ထားကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

နိုင်ငံတော်မှ ထောက်ပံ့ငွေများ ရရှိခဲ့သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား မိသားစုများ၏ အမည်စာရင်းများနှင့် နောက်တိုးရရှိနိုင်မည့်သူများ၏ အမည်စာရင်းများကို ကြည့်မြင်တိုင်မြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ဒီဇင်ဘာ ၁၅ ရက် ညပိုင်းမှစတင်၍ ကြေညာကပ်ထားသည်ကို တွေ့ရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား မိသားစုများ၏ စာရင်းပိုမိုပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။ အစည်းအဝေးသို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်နှင့် ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်း၊ မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ လေးဖွဲ့မှ ဌာနဆိုင်ရာ အရာရှိများ တက်ရောက်ဆွေးနွေးကြသည်။

ညှိနှိုင်း ဆွေးနွေးချက်အရ ထောက်ပံ့ကြေးရရှိထားပြီးသူများ၏ အမည်စာရင်းများနှင့် နောက်တိုးတင်ပြလာသည့် အမည်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်အလိုက် အုပ်ချုပ်ရေးမှူးရုံးများတွင် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကပ်ထားကြေညာခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## စုပေါင်းပြီး ထူထောင်ထားတဲ့ ပြည်ထောင်စုကြီး

**ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ် ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခု ဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့ မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။**

**[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပြောကြားသည့်နှုတ်ခွန်းဆက်စကားမှကောက်နုတ်ချက်]**



မြန်မာ့ရိုးရာ ဦးရွှေရိုး ဒေါ်မိုးအက ဓာတ်ပုံ - ဖော်မောင်မောင်ဦး (စန္ဒကူး)

# မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ (ဆဋ္ဌမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာ- တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ (ဆဋ္ဌမအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည် ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က မြန်မာ-တရုတ် နှစ်နိုင်ငံ သဘောတူညီချက်များအရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်အတွက် မြန်မာနိုင်ငံဘက်မှ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပါဝင်သော ဒေသအဆင့် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ရာ ၎င်းအဖွဲ့အနေဖြင့် နှစ်နိုင်ငံ ချိတ်ဆက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ကျင်းပခဲ့ကြောင်း၊ မြန်မာဘက် ပူးပေါင်းဆောင်ရွက်မှုဇုန်တည်နေရာနှင့် ရေယာသတ်မှတ်တင်ပြနိုင်ရေးအတွက် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဇုန်၏ မြေယာ အသုံးချခွင့်ရရှိရေးအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်း၍ ဆောလျင်စွာစိစစ်ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ရေယာသတ်မှတ်ပြီးမှသာ ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ကို နှစ်နိုင်ငံလက်မှတ်ရေးထိုးခြင်း အပါအဝင် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လုပ်ငန်းစဉ်အားလုံး မြန်ဆန်ချောမွေ့စေရေးအတွက် ဗဟိုကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ဗဟိုကော်မတီအဖွဲ့ဝင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်တယ်ချန်၊ ဗဟိုကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဗဟိုကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာ - တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မြန်မာဘက်မှ ပူးပေါင်းဆောင်ရွက်မှုဇုန်တည်နေရာနှင့် ရေယာသတ်မှတ်တင်ပြနိုင်ရေးအတွက် ကွင်းဆင်းလေ့လာမှု ဆောင်ရွက်ခဲ့သည့် အခြေအနေကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ပြန်လည်ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❒ ***ရွှေ့ဖုံးမှ***

ပြီးရင် သံလွင်မြစ်ရဲ့ ရှုခင်းကိုကြည့်ပြီးတော့ ရန်ကုန်ကို ပြန်လာမယ်'' ဟု ဦးနောင်းနောင်းဟန်က ပြောသည်။

အပျော်စီးလေယာဉ်ခရီးစဉ်(Non Landing Sight-seening Flights Tour)ကို လိုက်ပါစီးနင်းမည့် ခရီးသည်များသည် ကိုဗစ်- ၁၉ ရောဂါ ရှိ မရှိ မိမိအစီအစဉ်ဖြင့် စစ်ဆေးရမည်ဖြစ်ပြီး Negative ဖြစ်မှသာ လေယာဉ်ပေါ်တက်ခွင့်ရမည်ဖြစ်ကြောင်း၊ လေယာဉ်မှာလည်း ရန်ကုန်လေဆိပ်မှတက်၍ ရန်ကုန်လေဆိပ်တွင် ပြန်ဆင်းမည်ဖြစ်သောကြောင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ရန်မလိုကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါခရီးစဉ်အပေါ် မူတည်ကာ ဈေးကွက်အရတုံ့ပြန်မှုကောင်းပါက ထပ်မံပြီးခရီးစဉ်အသစ်များကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"နောက်ပိုင်းမှာတော့ ဈေးကွက်က တောင်းဆိုမှုရှိတယ်။ ဈေးကွက်က တုံ့ပြန်မှုကောင်းတယ်ဆိုရင်တော့ ကျွန်တော်တို့ ထပ်မံပြီးတော့ ဆွဲပါ့မယ်။ အခုလောလောဆယ်တော့ ဒါစမ်းသပ်ခရီးစဉ်ပေါ့၊ စမ်းသပ်ပြီးတော့ ဆွဲကြည့်တာ၊ အရင်တုန်းက ဒီလိုမျိုး ဆွဲတယ်ဆိုတာမျိုးက မရှိခဲ့ပါဘူး၊ တစ်ခါမှမရှိခဲ့ဖူးတော့ မြန်မာပြည်မှာ ပထမဆုံး စဆွဲကြည့်တယ်၊ နောက် အခါအားလျော်စွာ ဈေးကွက်လိုအပ်ချက်အရ ကျွန်တော်တို့ ထပ်ပြီးဆွဲပါ့မယ်'' ဟု ဦးနောင်းနောင်းဟန်က ဆက်ပြောသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ကိုးလခန့်ရပ်ဆိုင်းနေပြီး တချို့မှာ အပြီးပိတ်သိမ်းသည်အထိရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတကာခရီးသွားများ မမျှော်လင့်နိုင်သေးသည့်ကာလတွင် ပြည်တွင်းခရီးသွားများနှင့် ခရီးသွားလုပ်ငန်းများကို ကောင်းကောင်းလည်ပတ်နိုင်ရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။

'' ဒီအတွက်လည်း အစိုးရအနေနဲ့ကလည်း ဒါကို လက်ခံတဲ့အတွက် ပြည်တွင်းခရီးသွားတွေ ဖွင့်ဖို့အတွက် ကျွန်တော်တို့က ကြိုးစားနေတယ်။ ဒီပြည်တွင်းခရီးသွားတွေမှာ စနစ်တကျနဲ့ စည်းကမ်းတကျနဲ့ ကိုင်တွယ်ပြီးတော့ တစ်ဖက်ကလည်း ရောဂါမပြန့်ပွားအောင် ထိန်းချုပ်ရင်းနဲ့ ခရီးသွားလုပ်ငန်းကို ပြန်ပြီးတော့ စနစ်တကျနဲ့ ဖွင့်နိုင်မယ်ဆိုလို့ရှိရင် ဖြည်းဖြည်းချင်း ပြန်လည်ပတ်လာမယ်။ ဒီလည်ပတ်မှုရဲ့ အောင်မြင်မှုနဲ့ နိုင်ငံတကာ ခရီးသွားတွေကို ပြန်ပြီးတော့ ဆွဲဆောင်နိုင်မယ်။ အရေးကြီးဆုံးက ကိုယ့်နိုင်ငံထဲမှာ Safety ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့က ပြနိုင်ဖို့ပဲ'' ဟု ဦးနောင်းနောင်းဟန်က ပြောသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အပျော်စီးလေယာဉ်ခရီးစဉ်(Non Landing Sightseening Flights Tour) သာမက ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ်၊ ကုန်းတွင်းခရီးစဉ်များ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် ရပ်ဆိုင်းနေသည့် ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေး ကနဦးကြိုးပမ်းမှုအဖြစ် အပျော်စီးလေယာဉ်ခရီးစဉ်၊ မြစ်တွင်းသင်္ဘောခရီးစဉ်၊ ကုန်းတွင်းယာဉ်တန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်းကို ဆောင်ရွက်သွားရန် ခွင့်ပြုထားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်ထားသော စံသတ်မှတ်ချက်များအပေါ် မူတည်၍ ဆောင်ရွက်သွားရမည်ဟု ထုတ်ပြန်ထားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွန့်စားအားကစားခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်း၊ မြစ်တွင်းနှင့် ရထားအပျော်စီးခရီးသွားလုပ်ငန်း၊ ကုန်းတွင်းယာဉ်တန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်း၊ MICE ခရီးသွားလုပ်ငန်းတို့ကို ဖွံ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာစတင်တွေ့ရှိခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းမှစ၍ ခရီးသွားလုပ်ငန်းများရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ **ငြိမ်းငြိမ်း**

**ပြည်သူသာလျှင် အဓိက**

# တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လမ်းပြမြေပုံဖြစ်လာစေမည့် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာ အတည်ပြုရေးဆွဲနိုင်ရေး တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ အတည်ပြုရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနား တက်ရောက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ အတည်ပြုရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနရုံးများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားပြုပုဂ္ဂိုလ်များ၊ ပူးပေါင်းဆောင်ရွက်ပေးသော ပွိုင့်-ရိုးရာဝန်းကျင် မြှင့်တင်ရေးအဖွဲ့မှ ဒါရိုက်တာနှင့် ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် သတ်မှတ်နေရာများမှ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြီးခဲ့သော ငါးနှစ်တာကာလအတွင်း ဝန်ကြီးဌာနဖွဲ့စည်းပုံရေးဆွဲအတည်ပြုခြင်း၊ ဝန်ထမ်းအင်အားစုဖွဲ့ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ညွှန်ကြားရေးမှူးရုံးများ ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်အတူ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို တိုင်းရင်းသားများ ပိုမိုသိရှိနိုင်ရေးအတွက်နေထိုင်ရာဒေသများသို့ သွားရောက်၍ အသိပညာပေးဆောင်ရွက်ခြင်း၊ တိုင်းရင်းသားရေးရာအခြေခံအချက်အလက်များကောက်ယူခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အငြင်းပွားမှုများကို ကွင်းဆင်းကြားနာစစ်ဆေးခြင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ စီမံကိန်း၏ အကျိုးအပြစ်နှင့် အကြောင်းအရာများကို တိုင်းရင်းသားများအား ကြိုတင်ချပြရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှု ဆန်းစစ်ခြင်း၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ အငြင်းပွားမှုဖြေရှင်းရေးတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှု တိုးပွားစေသော လေ့လာရေးခရီးများစီစဉ်ခြင်း၊ တိုင်းရင်းသားကလေးငယ်များ သင်ကြားသင်ယူမှု တိုးတက်စေရေးအတွက် တိုင်းရင်းသား ဘာသာစကားအသီးသီးဖြင့် ပုံပြပုံပြင်စာအုပ်များ ပုံနှိပ်ဖြန့်ဝေခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အခြေခံပညာကျောင်းများတွင် Teaching Assistant နှင့် Language Teacher များ ခန့်ထားနိုင်ရေး ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနေ့ထူးနေ့မြတ် အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးခြင်း၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရုပ်သံမှတ်တမ်းတင်ခြင်း၊ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် အသုံးအဆောင်များပြသသည့် ပြခန်းများပြုလုပ်ခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို လွှဲပြောင်းရယူခဲ့ကာ တိုင်းရင်းသားများ၏ ပွဲတော်များ ကျင်းပခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအပါအဝင် တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးသော "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း၊ အခြားသော ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ကာ ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာန၏ ကျောထောက်နောက်ခံဥပဒေဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မဟာဗျူဟာတစ်ရပ်ချမှတ်မည်ဆိုပါက ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝန်ကြီးဌာန၏ မဟာဗျူဟာပေါ်ထွက်နိုင်ရေး ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

ယခု မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကောက်ယူရရှိခဲ့သည့် တိုင်းရင်းသားရေးရာ အခြေခံအချက်များနှင့် စစ်တမ်းများကို အခြေခံကာရေးဆွဲခဲ့ပါကြောင်း၊ မဟာဗျူဟာရေးဆွဲရာတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ မျှော်မှန်းချက်များနှင့် ကိုက်ညီရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးရရှိရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားရေးရာကိစ္စရပ်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးဆိုသည်မှာ မတူကွဲပြားသော အမြင်၊ အယူအဆ၊ မျှော်မှန်းချက်များကို ထိန်းညှိကာ ညီညွတ်ရေးတည်ဆောက်ရခြင်းဖြစ်၍ လွန်ခဲ့သည့် ငါးနှစ်တာကာလတွင် အခြေခံအုတ်မြစ်ချထားနိုင်ခဲ့ပြီး ရှေ့ဆက်ကြိုးပမ်းကြရဦးမည် ဖြစ်ပါကြောင်း၊ အစိုးရ၏ တိုင်းရင်းသားရေးရာ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရန် ဝန်ကြီးဌာနအနေဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ မဟာဗျူဟာ၏ ရည်မှန်းချက်ဖြစ်သည့် တိုင်းရင်းသားများအားလုံးတန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိနိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါရည်မှန်းချက်များနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတိုင်း ပြည့်ဝအောင်မြင်နိုင်ရေးဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရပါကြောင်း၊ မဟာဗျူဟာတွင် အခန်းကဏ္ဍကြီး (၆)ရပ်ပါဝင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ SDG၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP တို့နှင့် ချိတ်ဆက်၍ ဝန်ကြီးဌာန၏ရည်မှန်းချက်နှင့် ကိုက်ညီအောင် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ မဟာဗျူဟာပါအခန်းကဏ္ဍများကိုနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ဖွံ့ဖြိုးမှုကွာဟချက်များ လျော့နည်းကျဉ်းမြောင်းလာမည်ကို မျှော်လင့်ရပါကြောင်း၊ မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရာတွင် ပါဝင်သင့်ပါဝင်ထိုက်သည်များ ပြည့်စုံစွာပါဝင်နိုင်ရေး အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လမ်းပြမြေပုံ ဖြစ်လာစေမည့် မဟာဗျူဟာတစ်ရပ်ပေါ်ထွက်လာရေးအတွက် နှစ်အလိုက် ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ယခုတတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသည် မဟာဗျူဟာ (တတိယမူကြမ်း)ကို အခြေခံ၍ ဆွေးနွေးသွားမည်ဖြစ်ရာ မဟာဗျူဟာကို လက်တွေ့အကောင်အထည်ဖော်ရန် ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းစဉ်များ Action Plan ကို တက်ရောက်ဆွေးနွေးကြသူများက ဆွေးနွေးအကြံပြု ပေးကြရန်နှင့် ယင်းအကြံပြုချက်များကို ဖြည့်စွက်၍ မဟာဗျူဟာကို အပြီးသတ်ရေးဆွဲကာ အတည်ပြုထုတ်ပြန်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပွိုင့်- ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့မှ ဒါရိုက်တာ နော်အိအိမင်းက ယခုဆွေးနွေးပွဲမှ ရရှိလာမည့် ဆွေးနွေးချက်များသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအတွက် လွန်စွာအရေးပါသော ကိစ္စရပ်များ ဖြစ်လာမည်ကို ယုံကြည်သဖြင့် ပူးပေါင်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာနိုင်က မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ တတိယမူကြမ်းတွင်ပါဝင်သော ကဏ္ဍ (၆) ရပ်၏ ခေါင်းစဉ်များကို ရှင်းလင်းတင်ပြပြီးနောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီး ညှိနှိုင်းဆွေးနွေးပွဲကို အွန်လိုင်းစနစ်ဖြင့် ဆက်လက်ကျင်းပရာ အုပ်စုအလိုက်ဆွေးနွေးခြင်းအစီအစဉ်တွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၏ လူမျိုးစုကိုယ်စားလှယ်များဖြစ်ကြသော ကချင်၊ ရှမ်း၊ ဗမာ၊ ကယား၊ ကယန်း၊ ကယောဂေဘား၊ မနုမနော၊ ယင်းတလဲ၊ ကရင်၊ မွန်၊ ပအိုဝ်း၊ ကတူး၊ ထားဝယ်၊ ပလောင်၊ လီဆူ၊ သက်၊ မြို၊ ဒိုင်းနက်၊ ရခိုင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ အင်းသား၊ အာခါ၊ သျှမ်းနီနှင့် ချင်းလူမျိုးစုများဖြစ်ကြသော လိုင်မီး၊ ဇိုမီး၊ လိုင်ဇိုး၊ ဇိုတုန်၊ ချိုး၊ ခူမီး စသော တိုင်းရင်းသားများ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်များရှိတိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနရုံးများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၄၅ ဦးတို့က မဟာဗျူဟာတတိယမူကြမ်း Action Plan ကို အုပ်စု ၁၀စု ခွဲ၍ ဆွေးနွေးကြသည်။ ထို့နောက် အုပ်စုအလိုက်ဆွေးနွေးချက်များ၊ အကြံပြုချက်များကို တစ်ဖွဲ့ချင်းစီ၏ ကိုယ်စားလှယ်များက အုပ်စုအဖွဲ့များနှင့် တက်ရောက်လာကြသူများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အုပ်စုအလိုက် ဆွေးနွေးအကြံပြုချက်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြရာတွင် ဆွေးနွေးအကြံပြုချက်များသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ မဟာဗျူဟာရေးဆွဲအတည်ပြုနိုင်ရေး ရှေ့တိုးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် များစွာအထောက်အကူပြုပါကြောင်း၊ ဆွေးနွေးပေးကြသူအားလုံးနှင့် ပူးပေါင်းပါဝင်ပေးသော ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့အား ဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ အမူအကျင့်ကောင်းများကို လက်ကိုင်အသံချဲ့စက်များဖြင့် ကျန်းမာရေးအသိပညာပေးခြင်း၊ အသိပညာပေးဆိုင်းဘုတ်များကိုင်ဆောင်၍ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် မြို့နယ်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ စသည့်ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြပြီး ယခုကဲ့သို့ Mask Campaign လှုပ်ရှားမှုများကို မုံရွာမြို့ပေါ်ရှိ လူစည်ကားသည့် အခြားနေရာများနှင့် ကျေးလက်ဒေသများတွင်လည်း ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ဒါအောင်ကုမ္ပဏီများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု ရှင်းလင်းတင်ပြခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ဒါအောင်ကုမ္ပဏီများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု ရှင်းလင်းတင်ပြခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖုန်းမြတ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ Online စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြေပြင်အခြေအနေများကို ညှိနှိုင်းသုံးသပ်ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင်ရှိသည့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများနှင့်လည်း ဗီဒီယိုကွန်ဖရင့်ဖြင့် တစ်ပြိုင်တည်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ထူးခြားသည့် ဝိသေသလက္ခဏာများရှိ

နယ်စပ်ဒေသများသည် ထူးခြားသည့်ဝိသေသလက္ခဏာများရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ရာသီဥတုဆိုးရွားမှုနှင့် တချို့နေရာများမှာ လုံခြုံရေးအခြေအနေ ထူးခြားသည့်ဒေသများဖြစ်သဖြင့် လုပ်ငန်းများ စံချိန်စံညွှန်း သတ်မှတ်ချက်နှင့်အညီ အချိန်မီ ပြီးစီးရေးအတွက် တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများကို ကြိုတင်မျှော်တွေးပြီး ဆောင်ရွက်ကြရခြင်းဖြစ်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကို လွှတ်တော်ကအတည်ပြုပြီး ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ရလျှင်ရချင်း၊ နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် (၁/၂၀၁၇) ပါ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောက်တိုဘာလ ဒုတိယပတ်တွင် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး တင်ဒါအောင်ကုမ္ပဏီများနှင့် အောက်တိုဘာလ တတိယပတ်တွင် စာချုပ်ချုပ်ဆို လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါမှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး တင်ဒါစည်းမျဉ်း စည်းကမ်းနှင့်အညီ အောင်မြင်ထားပြီးဖြစ်သည့် ကုမ္ပဏီများက စတင်ဆောင်ရွက်နေပြီဖြစ်ပြီး အချို့သော လုပ်ငန်းများမှာ ၂၅ ရာခိုင်နှုန်း / ၃၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များ၊ လွှတ်တော်ကတိကဝတ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ တင်ပြချက်များ၊ ဒေသခံလူထု၏ တောင်းဆိုမှုများ၊ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို စီမံကိန်းတွင် လျာထားခဲ့ပြီး ဘဏ္ဍာငွေ ခွင့်ပြုဝင်ဆံ့မှုအရ ဦးစားပေးအလိုက် အဆင့်ဆင့် ကြပ်မတ်စစ်ဆေးရွေးချယ်ခွင့်ပြုခဲ့သည့်လုပ်ငန်းများ ဖြစ်ကြောင်း။

## တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေ

ယင်းသို့ စီမံကိန်းလျာထားသည့်အခါတွင် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၇)ရပ်၊ နှစ် ၃၀ စီမံကိန်း၊ နှစ်ရှည်၊ နှစ်လတ်၊ နှစ်တို စီမံကိန်းများအပြင် Myanmar Sustainable Development Plan (MSDP) ၏ မဏ္ဍိုင်ကြီး (၃)ခု၊ ရည်မှန်းချက် (၅)ခုတို့၏ အစိတ်အပိုင်းများအဖြစ် ချိတ်ဆက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အခါတွင် COVID-19 ကို ကြာရှည်ရင်ဆိုင်ခဲ့ရသည့်အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan – CERP)၏ ပန်းတိုင် (၇) ခု၊ မဟာဗျူဟာ ၁၀ ခုတို့နှင့်လည်း ချိတ်ဆက်မိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် ပြည်မနှင့် ပြည်နယ်အကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေပြီး ပြည်မနှင့် ပြည်နယ်များ အကြားအလပ်မရှိ ဟန်ချက်ညီညီ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသများတွင်ရှိသည့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဖွံ့ဖြိုးမှုရေရှည်တည်တံ့စေရေးအတွက် ဦးတည်ချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို နှစ်စဉ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေ အကန့်အသတ်ရှိသည့်အတွက် ခွဲဝေရရှိသည့် ရန်ပုံငွေနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများကို ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းမှု အများဆုံးဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မရှိအောင် ထိန်းသိမ်းကြပ်မတ်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း။

## လုပ်ငန်း ၅၄၈ ခု

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စုစုပေါင်းလုပ်ငန်း ၅၄၈ ခုကို ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၅ ဒသမ ၂၅၈ ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိသည့်အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုအပိုင်းနှင့် ကြီးကြပ်မှုအပိုင်းတွင် အခက်အခဲများလည်းရှိနိုင်ပြီး တချို့လုပ်ငန်းခွင်များမှာ နှောင့်နှေးကြန့်ကြာနေမှုများ ရှိကောင်းရှိနိုင်သဖြင့် အခက်အခဲရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း။

နိဂုံးချုပ်အားဖြင့် နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး မိမိတို့ပြည်သူအများ မျှော်မှန်းထားသည့် စစ်မှန်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ရှိစေရေးအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာလုပ်ငန်းဌာန၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးတည်ဆောက်ရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများကို ဒေသအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၃၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၃၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေရိုင်းများမှ သစ်တောဖုံးလွှမ်းမှု အားကောင်းသော ဒေသများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက နိုင်ငံတော်၏ သယံဇာတနှင့် ရာသီဥတု ထိန်းကျောင်းနိုင်ရေး ကိစ္စများအတွက် သစ်တောကြိုးဝိုင်းများ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း သစ်တောနယ်မြေအဖြစ် သတ်မှတ်ရန် မသင့်တော်တော့သည့် ဒေသများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်ကြောင်း။

## ပြုပြင်ပြောင်းလဲဆောင်ရွက်ပေး

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးနိုင်ရေးသည် အထူးအရေးပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားရယူပြီး စိုက်ပျိုးလုပ်ကိုင်ရာတွင်လည်း ဖော်ထုတ်စိုက်ပျိုးမှု တည်ငြိမ်လာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)အား ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့မှသာ စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် မိမိတို့ ရင်းနှီးမြှုပ်နှံမှုအပေါ် သားစဉ်မြေးဆက် ရေရှည်ပိုင်ဆိုင်ခွင့်များရရှိသွားမည်ဖြစ်ကြောင်းနှင့် မြေခွန်တော်များ ကြွေးကျန်မရှိစေရေး ကြိုးပမ်းကောက်ခံသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

## ဆွေးနွေးဆောင်ရွက်

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် သက်ဆိုင်ရာဌာနများမှ ဗဟိုကော်မတီဝင်များ စုံညီစွာ ပါဝင်တက်ရောက်ကြပြီး အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းကိစ္စရပ်များနှင့် ပတ်သက်၍ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများအား ဖတ်ကြားတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၃၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယခုအစိုးရကာလ သက်ဆိုင်ရာ ဝန်ကြီးဌာနများက သဘောထားမှတ်ချက် ပြန်ကြားလာသည့် အမှုတွဲများနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အကြံပြုချက်အရ ရရှိထိုက်သော မြေခွန်တော်များ ကောက်ခံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်သော ခွင့်ပြုလုပ်ငန်းအလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလနှင့် မြေခွန်နှုန်းထားတို့အတွက် သဘောထားပြန်ကြားလာခြင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများက မြန်မာ့စီးပွားရေးဘဏ်သို့ မြေခွန်ပေးသွင်းလာမှု အခြေအနေများကိစ္စ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအား ပြင်ဆင်ဖွဲ့စည်းပေးပါရန် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများ၏ တင်ပြချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ယခင် ဗဟိုအဖွဲ့မှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားခြင်းအား ပယ်ဖျက်ပေးနိုင်ပါရန် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာခြင်း၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာခြင်း၊ ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ဖွဲ့စည်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အထူးအဖွဲ့ အမည်စာရင်း အဆိုပြုတင်ပြလာသည့် ကိစ္စရပ်နှင့် ပတ်သက်၍ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ ပုဒ်မ ၁၂ အပိုဒ်ခွဲ က အပိုဒ်ခွဲငယ် ၂ နှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်နှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေကြောင်းနဲ့ ဆုတွေတောင်း

မြင်းမူသား

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီတစ်ခုကို အသိပေးကြေညာချက် ထုတ်ပြန်ခဲ့တာ သတင်းစာတွေထဲမှာ ဖတ်ရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန် ကြေညာချက်မှာ အဲဒီပါတီဟာ ရွေးကောက်ပွဲတာဝန်ရှိသူများအပေါ် ခြိမ်းခြောက်ကာ ရွေးကောက်ပွဲလုပ်ငန်းကို နှောင့်ယှက်စော်ကားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို လေးစားလိုက်နာမှုမရှိတာ တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။ အသိပေးကြေညာချက်ထဲမှာ ဥပဒေတွေ၊ ပုဒ်မတွေ ဖော်ပြထားတာတွေ့ရတော့ တော်တော်စိတ်ဝင်စားသွားပါတယ်။**

## လေ့လာသုံးသပ်မိ

မြင်းမူသားကတော့ ၁၉၆၇ – ၆၈ ပညာသင်နှစ်က စပြီး ငါးနှစ်လုံးလုံး ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနမှာ လေ့လာသင်ကြားခဲ့ရသူဆိုတော့ ဥပဒေပုဒ်မတွေ တွေ့ရင်လေ့လာပြီး ပညာယူတယ်။ ကိုယ့်မှာရှိတဲ့ ဥပဒေအသိလေးနဲ့ တိုင်းတာသုံးသပ်တယ်။ မှန်၊ မမှန် ဝေဖန်တတ်တဲ့ အလေ့အကျင့်ရှိလေတော့ ကြေညာချက်တွေအပေါ် ဉာဏ်မီသမျှ သုံးသပ်ကြည့်မိပါတယ်။ ဒါကြောင့် အသိပေးကြေညာခြင်းခံရတဲ့ ပါတီက ထုတ်ပြန်ထားတဲ့ ကြေညာချက်အမှတ် (၅/၂၀၂၀) နဲ့ (၆/၂၀၂၀) ကို ဖတ်ပြီး ရေးသား ဖော်ပြချက်တွေမှာ ဥပဒေနဲ့ ညီ မညီ၊ မှန် မမှန်၊ ဟုတ် မဟုတ် လေ့လာသုံးသပ်မိပါတယ်။

ပါတီရဲ့ကြေညာချက်အမှတ် (၅) နဲ့ (၆) ဟာ အနှစ်သာရ ကွဲပြားမှုမရှိဘဲ အဓိကအချက်တွေ တူညီနေတာ တွေ့ရပါတယ်။ ထုတ်ပြန်ချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဈ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (၁၀) (ဍ) ပါ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်းဖြစ်ပါသည်လို့ ဖော်ပြထားတာ တွေ့ရတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ (ဈ) ပြဋ္ဌာန်းချက်က ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဍ) ကလည်း အခြေခံဥပဒေအတိုင်းပါပဲ၊ ဥပဒေတစ်ရပ်ရပ်ဆိုတာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ အဓိကတိုက်ရိုက်သက်ဆိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များကို အလေးထားလိုက်နာရမှာ ဖြစ်ပါတယ်။ ကြေညာချက်ရဲ့ အဓိကဖော်ပြတာက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ (ဈ) ရဲ့ ပြဋ္ဌာန်းချက်ပဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဈ) အရ တာဝန်များ မထမ်းဆောင်ရင်တော့ ရာဇသတ်ကြီး ပုဒ်မ (၁၃၀) (က)ကို ကျူးလွန်တယ်လို့ သူတို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဥပဒေကြောင်းအရ သုံးသပ်တင်ပြချင်တာက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဈ) နဲ့ ရာဇသတ်ကြီး ပုဒ်မများအပေါ်မှာပဲ ပြောလိုပါတယ်။ ကြေညာချက်မှာ ရေးသားဖော်ပြချက်က ရာဇသတ်ကြီးမှာ ပုဒ်မ (၁၃၀) (က) လို့ တိတိကျကျ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။ ရာဇသတ်ကြီးမှာ ပုဒ်မ (၁၃၀) (က) ဆိုတာမတွေ့ပါဘူး၊ မရှိပါဘူး။ မူရင်းဥပဒေမှာ ၁၃၀ ကို ကွင်းစကွင်းပိတ်နဲ့ ဖော်ပြပြီး မရေးပါ။ က အက္ခရာကိုလည်း ကွင်းစကွင်းပိတ်နဲ့ ဖော်ပြရေးသားထားတာ မတွေ့ရပါ။ မရှိပါ။ ဥပဒေပုဒ်မကို ကိုးကားဖော်ပြချင်တယ်ဆိုရင် မူရင်းဥပဒေမှာ ရေးသားဖော်ပြထားတဲ့အတိုင်းပဲ ဖြစ်သင့်ပါတယ်။ ဒါမှလည်း သူ့ဥပဒေအတိုင်း အမှန်ဖြစ်မှာပေါ့။ မူရင်းဥပဒေမှာ ရေးသားဖော်ပြထားခြင်းမရှိဘဲ ပုဒ်မတစ်ခုကို ပေါ့ပေါ့တန်တန် ရေးသားရန် မသင့်တော်ဘူးလို့ သဘော ရပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၁၃၀ မှာ ကွင်းစကွင်းပိတ် မရှိ၊ ၁၃၀ ရဲ့ နောက်မှာရှိတဲ့ က အက္ခရာမှာလည်း ကွင်းစ ကွင်းပိတ်မပါ။ အမှန်မှာ ၁၃၀–က သာ ဖြစ်ပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၃၉၉ ကိုလည်း ကွင်းစကွင်းပိတ်နဲ့ ရေးသားဖော်ပြထားပါတယ်။ စာသားများနဲ့ ဂဏန်းများရောထွေးနေမှာစိုးလို့ ရှင်းလင်းအောင် ဂဏန်းအရေအတွက်ကို ကွင်းခတ်မိသည်လို့ပဲ ယူဆမိပါတယ်။ မိမိထင်သလို ရေးသားဖော်ပြလို့မရပါ။ ဥပဒေရေးထုံးရေးနည်းကို ကြေညာချက်မှာ မှန်မှန်ကန်ကန် ဖော်ပြရေးသားဖို့ လိုပါတယ်။ အရေးကြီးပါတယ်။

ကြေညာချက်မှာ ရေးသားဖော်ပြတဲ့အတိုင်း ရာဇသတ်ကြီး ပုဒ်မ (၁၃၀) (က) ကို မသိလို့၊ အမှတ်မထားမိလို့၊ လွယ်လွယ်ရေးမိသည်ပဲထားပါဦး၊ ဥပဒေမှာပါရှိတဲ့ အမှန် ပုဒ်မ ၁၃၀–က ဟာ ၂၀၁၆ ခုနှစ်မှာ ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၆ နဲ့ ပြင်ဆင်ထားပါတယ်။ အဲဒီ ပြင်ဆင်ချက်ဥပဒေထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ ဆိုတာမပါပါ။ ဖော်ပြထားခြင်းလည်း လုံးဝမရှိပါ။ ၃၉၉(ဈ)လို့လည်း ဖော်ပြပါရှိတာ မတွေ့ရပါ။ ရာဇသတ်ကြီး ပုဒ်မ ၁၃၀–က မှာ ၃၉၉ (ဈ)ကို ထည့်သွင်းဖော်ပြမထားတဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဈ)အရ ပျက်ကွက်ပါက ရာဇသတ်ကြီးနဲ့ အရေးယူလို့မရပါ။ ပုဒ်မ ၁၃၀–ကနဲ့ ငြိစွန်းမှုမရှိပါဘဲနဲ့ ရာဇသတ်ကြီးပုဒ်မ (၁၃၀) (က) ကို ကျူးလွန်သည်လို့ ရေးသားပြောဆိုတာဟာ အများပြည်သူများ ဥပဒေလေ့လာသူ ကျောင်းသား ကျောင်းသူများနဲ့ မြင်းမူသားတို့လို ဥပဒေဝါသနာရှင်များ အထင်မှား၊ အမြင်မှား၊ အမှတ်မှား၊ အသိမှားဖြစ်စေပါတယ်။ ဒီလိုပြောရခြင်းဟာလည်း အမှားများကို ထောက်ပြီးအပြစ်ရှာ၍ နစ်နာစေလိုသော သဘောမဟုတ်ပါ။ လေ့လာမှတ်သားမိသမျှအပေါ်တွင် အခြေခံပြီး ဥပဒေရေးချိန်နှင့် တိုင်းတာပြခြင်းသာ ဖြစ်ပါတယ်။ ဘဘကြီးများ မိမိအောက်ခြေက ပုဂ္ဂိုလ်များကို ထောက်ပြ၍ လမ်းညွှန်မှုပေးနိုင်ရန်သာ ရည်ရွယ်ပါတယ်။ ပြုပြင်ပေးကြပါ ဘဘတို့။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဈ) နဲ့ ရာဇသတ်ကြီးပုဒ်မ ၁၃၀–က ဟာ လုံးဝ ဆက်စပ်မှု မရှိပါ။ သက်ဆိုင်မှုလည်း မရှိပါဘူးခင်ဗျာ။

ထုတ်ပြန်ကြေညာချက်ထဲမှာ ရာဇသတ်ကြီး ပုဒ်မ သုံးမျိုးကို ကျူးလွန်တယ်လို့ ဖော်ပြထားတယ်ဗျာ။ အထက်က ပြောခဲ့တဲ့ ပုဒ်မ (၁၃၀) (က) (ကြေညာချက်မှာ ဖော်ပြတဲ့အတိုင်း) အပြင် ပုဒ်မ (၁၂၀) (က)နဲ့ ပုဒ်မ (၄၇၁) တို့ကိုပါ ကျူးလွန်ကြောင်း ရေးသားဖော်ပြထားပါတယ်။ ရာဇသတ်ကြီးမှာတော့ ပုဒ်မ (၁၂၀) (က) နဲ့ ပုဒ်မ (၄၇၁) ကို ကွင်းစကွင်းပိတ်နဲ့ဖော်ပြရေးသားထားတာ မတွေ့ရပါ၊ မရှိပါ။ စာသားများနှင့် ရောထွေးနေမှာဖြစ်တဲ့အတွက်ကြောင့် ကွင်းစကွင်းပိတ်နဲ့ ထင်ရှားပေါ်လွင်အောင် ရေးရပါတယ်လို့ ဆိုလာပါက ဥပဒေပုဒ်မများနဲ့ပတ်သက်ပြီး ပေါ့ပေါ့ဆဆ ရေးချင်သလိုရေး၊ တွေးချင်သလိုတွေး၊ ထားချင် သလိုထား၊ ပွားချင်သလို ပွားလို့မရတာကို သတိပြုသင့်ပါတယ်။ တခြား ဂဏန်းအရေအတွက်များဆိုရင်တော့ မိမိဆန္ဒအတိုင်း ကြိုက်သလိုရေးသားလို့ ရပါလိမ့်မယ်။ အခုဟာက ပြဋ္ဌာန်းဥပဒေရဲ့ ပုဒ်မကိစ္စဖြစ်လို့ တိကျမှန်ကန်ရပါမယ်။

ရာဇသတ်ကြီးပုဒ်မ (၁၂၀) (က) ဆိုတာ မရှိပါ၊ မတွေ့ပါ၊ အမှန်က ၁၂၀–က ဖြစ်ပါတယ်။ ဒီပုဒ်မ မှာက လူနှစ်ယောက် သို့မဟုတ် လူနှစ်ယောက်ထက်ပိုသောသူများက ဥပဒေနှင့် မညီသော ပြုလုပ်မှုနဲ့ ဥပဒေနှင့်မညီသော နည်းနဲ့ပြုလုပ်ရင် ရာဇဝတ်မကင်းတဲ့ ပူးပေါင်းကြံစည်မှုလို့ ရေးသားဖော်ပြထားပါတယ်။ ကြေညာချက်အပိုဒ် ၉ မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူများသည်လို့ ဖော်ပြထားတော့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ တာဝန်ယူကြသူအားလုံးကို ရည်ရွယ်တယ်လို့ သဘောပေါက်ပါတယ်။ သူတို့အားလုံးက ဥပဒေနဲ့မညီတဲ့ ပြုလုပ်မှုကို ပြုလုပ်တယ်လို့ ဖော်ပြထားပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ အထွေထွေရွေးကောက်ပွဲကြီးနဲ့ ပတ်သက်သမျှ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်ခဲ့ကြတာလို့ သိရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးနဲ့ ကမ္ဘာ့နိုင်ငံကြီးများ၊ အိမ်နီးချင်းနိုင်ငံအများအပြား၊ ပြည်တွင်း ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက ဂုဏ်ပြုပြီး အသိအမှတ်ပြုကြတာ တွေ့ရပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ကျင်းပပေးခဲ့ကြတာဟာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ကြတာလို့ ပြောရမှာပါ။

## အလှမ်းဝေးတဲ့ကိစ္စ

နောက်ပုဒ်မတစ်ခုကတော့ ထုတ်ပြန်ကြေညာချက်မှာ ရေးသားဖော်ပြတဲ့ (၄၇၁) ပါ။ ဒီပုဒ်မကိုလည်း ကွင်းစကွင်းပိတ်နဲ့ရေးသားထားတာ တွေ့ရပြန်ပါတယ်။ အမှန်ပုဒ်မကွင်းမခတ်ဘဲ ရေးသားဖော်ပြထားတာက ၄၇၁ ပါ။ လိမ်လည် အတုပြုလုပ်ထားတဲ့ စာတမ်းအမှတ်အသားကို အစစ်အမှန်အနေနဲ့ အသုံးပြုတဲ့ကိစ္စပါ၊ သူတို့က ဆန္ဒမဲလက်မှတ်တွေကို လိမ်လည်ပြီး အတုပြုလုပ်ထားတယ်လို့ ပြောချင်တာပေါ့။ သူတို့ ကြေညာချက်အမှတ် (၆/၂၀၂၀) မှာ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်များကို မဲပုံးထဲသို့ ထည့်သွင်းခြင်းလို့ ရေးသားထားတာတွေ့ရပါတယ်။ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲအသီးသီးက တာဝန်ရှိသူများကတော့ ရွာတွေမှာရှိတဲ့ မဲပုံးတွေထဲကို ဆန္ဒမဲလက်မှတ်အတုတွေ ယူသွားပြီး ထည့်တယ်ဆိုတာတော့ ဖြစ်နိုင်မယ်မထင်ပါ။ မဲစာရင်းမှာအမည်မပါရင်တော့ ဘယ်လိုမှ မဲပေးလို့ မရနိုင်ပါ။ ဒါကလည်း တော်တော် အလှမ်းဝေးတဲ့ ကိစ္စလို့ ထင်ပါတယ်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများရဲ့ အခန်း (၁၃)၊ ပုဒ်မ ၅၉ (ည) မှာ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံး အတွင်းသို့ ထည့်သွင်းခြင်း၊ အားပေးကူညီခြင်း ထင်ရှားပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ရဲအရေးပိုင်တဲ့အမှုပါ၊ သက်ဆိုင်ရာ ရဲစခန်းကို တိုင်လို့ရပါတယ်၊ ရွေးကောက်ပွဲကျင်းပတဲ့နေ့ကစပြီး ၁၅ ရက်အတွင်း တိုင်နိုင်ပါတယ်လို့ ဥပဒေက ဖော်ပြပြီးသားပါ။ ကြေညာချက်ထုတ်ပြန်တဲ့ နိုဝင်ဘာ ၆ ရက်၊ ၉ ရက်နေ့ ဆိုတော့ ရွေးကောက်ပွဲမကျင်းပမီနဲ့ ကျင်းပပြီး ကျင်းပတဲ့နေ့ကနေ ၁၅ ရက်အတွင်း တိုင်လို့ရပါတယ်။ ဥပဒေက အခွင့်အရေးပေးထားတာပါ။ လိမ်တိုင်ရင်တော့ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၄ အရ ထောင် သုံးနှစ်၊ ဒါမှမဟုတ် ငွေဒဏ် သုံးသိန်းနဲ့ ဒဏ်နှစ်ရပ်စလုံး ချမှတ်ခံရနိုင်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အသိပေးကြေညာခြင်းခံရတဲ့ ပါတီအပါအဝင် စုစုပေါင်း ၆ ပါတီက သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာမှာ အသီးသီးယှဉ်ပြိုင်ခဲ့ကြရာမှာ ကြေညာချက်ထုတ်ပြန်တဲ့ပါတီက လွဲပြီး ကျန်ပါတီများက သူတို့ပြောသလို အတုပြုလုပ်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေကို မဲပုံးထဲ ထည့်သွင်းတယ်လို့ စွပ်စွဲပြောဆို ကန့်ကွက်ကြတာမရှိတာကို စုံစမ်းသိရပြန်ပါတယ်။ ကြေညာချက်ထုတ်ပြန်တဲ့ ပါတီရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းက ခိုင်လုံမဲ တစ်ထောင့်သုံးရာကျော်ရပြီး ထိပ်ဆုံးက အနိုင်ရသူကတော့ ခိုင်လုံမဲ တစ်သိန်းခြောက်ထောင်ကျော် ရရှိခဲ့ကြတယ်လို့ စုံစမ်းသိရပါတယ်။ ခိုင်လုံမဲအသီးသီးဟာ ဆန္ဒမဲလက်မှတ်အတု မဟုတ်တာတော့ သေချာပါတယ်။

နောက်တစ်ချက်က ဥပဒေအကြောင်းအရ မျှဝေစရာလေးတစ်ခု ကျန်ပါသေးတယ်၊ အားလုံးသိရှိလေ့လာနိုင်အောင်ပေါ့နော်။ သူတို့ ရေးသားဖော်ပြကိုးကားတဲ့ ရာဇသတ်ကြီးဆိုတာက ၁၈၆၀ ခုနှစ်၊ မေလ (၁) ရက်နေ့မှာ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးမှာ စတင်အာဏာတည်ခဲ့ပြီး မြန်မာနိုင်ငံဟာ အင်္ဂလိပ်လက်အောက် ကျရောက်တော့ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ကာ ၁၈၈၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ ရှမ်းပြည်နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းမှာ အာဏာတည်ခဲ့ပါတယ်။ ကိုလိုနီခေတ်မှာ အတည်ဖြစ်ခဲ့တဲ့ ရာဇသတ်ကြီးဟာ ယေဘုယျဥပဒေပါ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနဲ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေများဟာ အထူးဥပဒေများလို့ ခေါ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအာဏာတည်နေတဲ့ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) မှာက အထူးဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်သည် ယေဘုယျဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည် ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ ပုဒ်မခွဲ (ဆ)မှာ ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်လို့ ပြဋ္ဌာန်းထားတာတွေကို သိဖို့လိုပါလိမ့်မယ်။ ဒါဆိုရင် အင်္ဂလိပ် လက်အောက်ကျရောက်စဉ်က ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးနဲ့ ၂၀၁၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းတဲ့ လွှတ်တော် ရွေးကောက်ပွဲဥပဒေများကို နှိုင်းယှဉ်ကြည့်ရင် ယေဘုယျ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေအရ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ကို အထူးဥပဒေပြဋ္ဌာန်းချက်က လွှမ်းမိုးတယ်၊ အထူးဥပဒေဖြစ်တဲ့ ရွေးကောက်ပွဲဥပဒေများရဲ့ ပြဋ္ဌာန်းချက်များဟာ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်ကို လွှမ်းမိုးကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများရဲ့ ပုဒ်မ ၈၆ ကို အမှန်အကန် အတိအကျ၊ အမိအရ၊ အဓိက လိုက်နာရမှာကတော့ မလွဲကေန် အမှန်ပါပဲဗျာ။

## ဖော်ပြကြေညာခဲ့

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၆ မှာက ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲနဲ့ ရွေးကောက်ပွဲခုံအဖွဲ့တို့ရဲ့ ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မှ စစ်ဆေးပိုင်ခွင့် မရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ဟာ ဥပဒေ သဘောအရ တရားရုံးများရဲ့ စီရင်ပိုင်ခွင့်ကို ကန့်သတ်ထားတာဖြစ်ပါတယ်။ တရားရုံးများအနေနဲ့ စစ် ဆေး၊ ဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့ သဘောသက်ရောက်စေပါတယ်။ သူတို့ကြေညာချက်မှာက ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများနဲ့ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို အမှုဖွင့် တရားစွဲဆို သွားမယ်လို့ ခြိမ်းခြောက်တဲ့သဘော ဖော်ပြထားတာတွေ့ရပါတယ်။ အမှုဖွင့်တရားစွဲဆိုသွားမယ်လို့ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခြိမ်းခြောက်တယ်လို့ ဖော်ပြကြေညာခဲ့တာ ဖြစ်ပါတယ်။

စာရေးသူအနေနဲ့ကတော့ သက်ဆိုင်ရာပါတီရဲ့ ထုတ်ပြန်ကြေညာချက်အမှတ် (၅/၂၀၂၀) နဲ့ (၆/၂၀၂၀) မှာ ရေးသားဖော်ပြထားတဲ့ ဥပဒေပုဒ်မများအပေါ်မှာပဲ တည်ဆဲဥပဒေရေးချိန်များနှင့် တိုင်းတာချိန်ထိုး ရေးသားရခြင်းဖြစ်ပါတယ်။ ကြေညာချက်မှာ ရေးသားဖော်ပြထားတဲ့ ဥပဒေပုဒ်မများအပေါ် မိမိလေ့လာ သိရှိရသလောက်သာ မျှဝေခြင်းဖြစ်ပါတယ်။ မသိသူတို့ သတိမူဖို့ သက်သက်ပါ။ ဥပဒေပုဒ်မများနဲ့ ပတ်သက်ပြီး မှားယွင်းတိမ်းစောင်းတာရှိပါက ပြန်လည်မျှဝေရေးသားချက်များအပေါ် လက်ကမ်းကြိုဆိုကာ ဆုတောင်းပေးလိုက်ပါတယ်။ ။

> **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အသိပေးကြေညာခြင်းခံရတဲ့ပါတီ အပါအဝင် စုစုပေါင်း ၆ ပါတီက သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာမှာ အသီးသီး ယှဉ်ပြိုင်ခဲ့ကြရာမှာ ကြေညာချက်ထုတ်ပြန်တဲ့ပါတီကလွဲပြီး ကျန်ပါတီများက သူတို့ ပြောသလို အတုပြုလုပ်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေကို မဲပုံးထဲ ထည့်သွင်းတယ်လို့ စွပ်စွဲပြောဆို ကန့်ကွက်ကြတာမရှိတာကို စုံစမ်းသိရ”**

- ❇ လူ့ပြည်တစ်ခွင် ဥပဒေအမြင် ကြည်လင်ပါစေ။
- ❇ ဥပဒေကို လက်တစ်လုံးကြား ပျက်သုဉ်းသွားအောင် မပြုမိကြပါစေနဲ့။
- ❇ ဥပဒေရေချိန် မြင့်မားကြပါစေ။
- ❇ ဥပဒေရေတိမ် နစ်မသွားကြပါစေနဲ့။
- ❇ ဥပဒေရေချိန် တိုးတက်မြင့်မား၍ မျိုးဆက်ဆင့်ပွားပေးနိုင်ကြပါစေ။
- ❇ ဥပဒေရေးရာအဖြာဖြာ၊ အသေအချာ လေ့လာနိုင်ပါစေ။
- ❇ ပြည်သူ့မနော၊ ပြည်သူ့သဘော စောကြောသိပါစေ။

# စစ်ဆေးအကဲဖြတ်သူများအဖြစ် အတည်ပြုခန့်ထားနိုင်ရေးအတွက် ပို့ချသော Assessor Methodology Online Training (10th Batch) ဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၇**
မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ စစ်ဆေးအကဲဖြတ်သူများအဖြစ် အတည်ပြုခန့်ထားနိုင်ရေး Online ဖြင့် ပို့ချသော Assessor Methodology Online Training (10th Batch) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နေဆဲ ကာလအတွင်း မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ် တိုးတက်စေရေး စစ်ဆေးအကဲဖြတ်သူများအဖြစ် ဆောင်ရွက်ရန်၊ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ၊ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီတို့မှ ရွေးချယ်အဆိုပြုထားသော ကျွမ်းကျင်သူများအား Assessor Methodology Training ကို Online ဖြင့် ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း။

New Normal နှင့်ကိုက်ညီသော Assessor Methodology Training များကို Online ဖြင့် ဖွင့်လှစ်ပို့ချပေးပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စစ်ဆေးအကဲဖြတ်သူ Assessor များ လုံလုံလောက်လောက် ရရှိနိုင်ရေးအားထုတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မေလမှ စတင်၍ အလုပ်အကိုင် ၂၃ မျိုးအတွက် ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ အလုပ်အကိုင်နယ်ပယ်မှ ကျွမ်းကျင်သူများကို NSSA ၏ စစ်ဆေးအကဲဖြတ်ရေး အရည်အသွေးများ၊ ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းတာဝန်များကို သိရှိနားလည်စေရန် ယခုကဲ့သို့ Assessor Methodology Training များကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း။

NSSA ၏ စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်ဆောင်ရွက်မှုသက်တမ်း ခုနစ်နှစ်ရှိလာပြီ ဖြစ်သဖြင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီများ၊ ကျွမ်းကျင်သူ အဖွဲ့အစည်းများ၊ ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုနှင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့၍ ပူးပေါင်းဆောင်ရွက်ကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးကို အသိအမှတ်ပြုကြောင်း အလေးထားပြောကြားခဲ့ကြောင်း၊ NSSA သည် အရည်အသွေးစီမံခန့်ခွဲမှုစနစ်အတွက် ISO 9001:2015 လက်မှတ်ရရှိထားသဖြင့် ဆောင်ရွက်မှု လုပ်ငန်းစဉ်တိုင်းတွင် ISO သတ်မှတ် Form များ အသုံးပြုဆောင်ရွက်နေကြောင်း၊ ပါဝင်ဆောင်ရွက်နေသူများ အနေဖြင့် အရည်အသွေးပြည့်မီမှုရှိခြင်း၊ လုပ်ငန်းအကြောင်း နားလည်နှံ့စပ်သိရှိမှု၊ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆိုင်ရာ အထောက်အထားများ စနစ်တကျထားရှိခြင်း စသည့် ISO သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်နိုင်ရန် အရေးကြီးကြောင်း၊ NSSA သည် မြန်မာနိုင်ငံအတွင်းရှိ လုပ်သားထုကြီးအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ပြီး သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ရရှိစေရေးကို ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ထို့အပြင် NSSA သည် ရွှေ့ပြောင်းလုပ်ကိုင်သူ ကျွမ်းကျင်လုပ်သားများ အကျိုးအတွက် အာဆီယံနိုင်ငံများ အတွင်း ကျွမ်းကျင်မှုအပြန်အလှန် အသိအမှတ်ပြုနိုင်ရေး ပါဝင်ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်အတွင်း လုပ်သားအင်အား ၂၂ သန်းကျော်ရှိရာ NSSA အနေဖြင့် အလုပ်အကိုင် ၃၀ အတွက် ကျွမ်းကျင်လုပ်သား ၁၆၅၁၉ ဦးကိုသာ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း လုပ်ငန်းခွင်အတွင်းရှိ လုပ်သားဦးရေနှင့် နှိုင်းယှဉ်လျှင် အလွန် နည်းပါးနေသေးကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား ၃၀၀၀ ကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဆောင်ရွက်ရန် လျာထားသတ်မှတ်ထားသော်လည်း ကိုဗစ်ကပ်ရောဂါကြောင့် ကန့်သတ်မှုများ ရှိနေခြင်းကြောင့် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် New Normal နှင့်ကိုက်ညီသည့် စစ်ဆေးအကဲဖြတ်ရေး နည်းလမ်းများကို စမ်းသပ်ဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယနေ့ခေတ်အခြေအနေအရ ကမ္ဘာ့အလုပ်အကိုင်များ ပြောင်းလဲလာပြီး နည်းပညာပြောင်းလဲမှုများကြောင့် အလုပ်အကိုင်မှာ လုပ်ကိုင်ရမှုပုံစံများ အသွင်ပြောင်းလာပြီး နယ်ပယ်အရပ်ရပ်မှာလည်း ကျွမ်းကျင်မှုလိုအပ်ချက်များ ပိုမိုမြင့်မားလာသည်ကိုတွေ့ရသဖြင့် လုပ်သားများ Skills, Reskills, Upskills များ စဉ်ဆက်မပြတ် ဆောင်ရွက်ရမှာဖြစ်သလို Lifelong Learning စနစ်ဖြစ်အောင်ဆောင်ရွက်ရန် ရည်မှန်းချက်ထားပြီး လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်သားများကို Green Skills အနေဖြင့် Green Job တွင် အလုပ်လုပ်ကိုင်နိုင်ရေး၊ ၂၁ ရာစု ကျွမ်းကျင်မှုများ ရရှိစေရေး လိုအပ်သော ကျွမ်းကျင်မှုများ သင်ကြားပို့ချပေးရေးတို့ကိုလည်း အချိန်အခါနှင့်အညီ ဆောင်ရွက်ဖန်တီးပေးရန်လိုအပ်ကြောင်း။

ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ပုံစံသစ်ပြောင်းလဲဆောင်ရွက်နေသော လက်ရှိကာလတွင် ကိုဗစ်-၁၉ အလွန်ကာလများအပါအဝင် ကျွမ်းကျင်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် NSSA မှ အသိအမှတ်ပြုပေးသည့် အလုပ်အကိုင်အလိုက် အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို လုပ်သားများအား ပိုမိုပေးအပ်နိုင်ရေး အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် စဉ်ဆက်မပြတ် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ NSSA မှ တာဝန်ရှိသူများ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ၁၃ ခုမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီမှ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် GIZ မှ တာဝန်ရှိသူများအပါအဝင် ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၁ ရာစု မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးကဏ္ဍ၏ စိန်ခေါ်မှုသစ်များ ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
ပညာရေးဝန်ကြီးဌာနက ကျင်းပသော ၂၁ ရာစု မြန်မာနိုင်ငံ အဆင့်မြင့် ပညာရေးကဏ္ဍ၏ စိန်ခေါ်မှုသစ်များ (New Challenges for Higher Education in the 21st Century Myanmar) ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြပွဲကို ယနေ့ ညနေ ၅ နာရီခွဲတွင် Online စနစ်ဖြင့်ကျင်းပသည်။ **(ယာပုံ)**


အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာများသမဂ္ဂနှင့် ကျောင်းသားများသမဂ္ဂ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးလုပ်ငန်းတွင် အပြည်ပြည်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်လျက်ရှိသော Prof. Dr. Jamil Salmi က ၂၁ ရာစု မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးကဏ္ဍ၏ စိန်ခေါ်မှုသစ်များ ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းသို့ရှင်းလင်းရာတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှု၏ အရေးပါပုံကဏ္ဍနှင့် သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းစနစ်နှင့် အကဲဖြတ်စနစ်များ ဆန်းသစ်ရေးအတွက် တက္ကသိုလ်များ၏ အခန်းကဏ္ဍကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၀) ဆုံးဖြတ်ချက်အရ မသန်စွမ်းသူများအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ (Barrier Free Tourism Pilot Project) ဝန်ဆောင်မှုများနှင့် လုပ်ငန်းအစီအစဉ်တို့ကို အများနည်းတူ ရရှိခံစားနိုင်ရေးအတွက် သေချာစေမည့် အမျိုးသားအဆင့် လုပ်ငန်းစဉ်တစ်ရပ်ချမှတ်နိုင်ရန် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) တို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတားအဆီးကင်းသော ပတ်ဝန်းကျင်များ ဖန်တီးဆောင်ရွက်ရန် လိုအပ်မှု၊ အထူးသဖြင့် နိုင်ငံတော်၏ဝင်ငွေကို အထောက်အပံ့ဖြစ်စေသည့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ၏ အရေးပါပုံ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အစီအစဉ်တို့တွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များ ပို့ချနိုင်ရေး၊ မသန်စွမ်းသူများအတွက် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် အခြေခံအဆောက်အဦဆိုင်ရာ သတ်မှတ်ချက်များ၊ မသန်စွမ်းမှုအလိုက် ကျွမ်းကျင်မှုရှိသော မသန်စွမ်းဝန်ထမ်းများ ခန့်အပ်ခြင်း၊ မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအတွက် ရေရှည်လုပ်ငန်းစဉ်တစ်ရပ် ချမှတ်နိုင်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းရေး၊ ယင်းလုပ်ငန်းအဖွဲ့၏ တာဝန်ဝတ္တရားတို့ကို ရေးဆွဲချမှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၊ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၊ မြန်မာနိုင်ငံအော်တစ်ဇင်အသင်း၊ Future Star၊ Myanmar Centre for Responsible Business (MCRB)၊ ရွှေရောင်လှိုင်းသစ်မသန်စွမ်းသူများအဖွဲ့နှင့် မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် နှစ် ( ၁၀၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

သံအမတ်ကြီး ဒေါက်တာလှမောင် (ဘောဂ)

## ရန်ကုန်တက္ကသိုလ်သည် တစ်ချိန်က အရှေ့တောင်အာရှ တက္ကသိုလ်များတွင် ထိပ်တန်းအဆင့်တွင်ပါရှိနေခြင်း

ရန်ကုန်တက္ကသိုလ်သည် စစ်မဖြစ်မီ အချိန်ကာလနှင့် လွတ်လပ်ရေးရပြီးသည့် ဆယ်စုနှစ်ပိုင်းအချိန်ကာလအထိ အရှေ့တောင်အာရှတက္ကသိုလ်များ စာရင်းတွင် ထိပ်ဆုံးတန်းမှ ရှိနေသည့် နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်စတင်ကြောင်း ကြေညာခြင်းအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အဖွင့်အမှာစကားကို အောက်ပါအတိုင်း ကောက်နုတ်တင်ပြလိုပါသည်–

**“သမိုင်းအစဉ်အလာ ကြီးမားသည့် ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီး ဖြစ်ပါတယ်။ တက္ကသိုလ်အသီးသီးရဲ့ တက္ကသိုလ်မိခင်ကြီးလို့လည်း ဆိုရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာခဲ့တဲ့ တက္ကသိုလ်အသီးသီးဟာ ရန်ကုန်တက္ကသိုလ်ကတစ်ဆင့် ပေါက်ဖွားလာခဲ့တဲ့ တက္ကသိုလ်တွေ ဖြစ်ကြပါတယ်။ ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်စဉ်ကတည်းက အင်္ဂလန်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေရဲ့ စနစ်အတိုင်း စနစ်တကျ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ပညာရပ်နယ်ပယ်မှာ တစ်ချိန်က အရှေ့တောင်အာရှမှာ အကောင်းဆုံးတက္ကသိုလ် ဖြစ်ခဲ့ပါတယ်။ တက္ကသိုလ်ရဲ့ ဥပဓိရုပ်ဟာ အင်းလျားကန်နောက်ခံ၊ ဘွဲ့နှင်းသဘင်အဆောက်အဦး၊ သစ်ပုပ်ပင်၊ အဓိပတိလမ်း စသည်တို့ကြောင့် အရှေ့တောင်အာရှမှာ အလှပဆုံး တက္ကသိုလ်တစ်ခု ဖြစ်ခဲ့ပါတယ်။”**

## မိမိအနေဖြင့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဆောင်းပါးပြုစုရေးသားလိုသည့်ဆန္ဒ

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၁)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၁)ရက်နေ့တွင် နှစ်တစ်ရာပြည့်ခဲ့ပြီ ဖြစ်ပါသည်။ လက်ရှိ မိမိ၏အသက်မှာ (၉၂) နှစ်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် မိမိတစ်သက်တာ အချိန်ကာလအတွင်း ယခုကဲ့သို့ ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် ဂုဏ်ပြုအခမ်းအနားမှာ ကြုံတောင့်ကြုံခဲ အခွင့်အခါကောင်းတစ်ရပ် ဖြစ်နေပါ၍ ယခုကဲ့သို့ ဂုဏ်ပြုဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုရခြင်း ဖြစ်ပါသည်။ မိမိတွင် ထိုကဲ့သို့ ဂုဏ်ပြုဆောင်းပါးရေးသားတင်ပြလိုသည့်ဆန္ဒပြင်းစွာရှိနေခဲ့သည့် အဓိက အကြောင်းရင်းခံတစ်ရပ် ရှိနေပါသည်။ ၎င်းမှာ မိမိအနေဖြင့် အမိတက္ကသိုလ်မှ ၁၉၅၅ ခုနှစ်တွင် (BA)ဘွဲ့ကို ဘောဂဗေဒ၊ သင်္ချာ၊ စာရင်းအင်းဗေဒဘာသာရပ်ဖြင့် ( Eco- Maths and Statistic) တို့ဖြင့် ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ်မှ ထိုကဲ့သို့ အခြေခံကောင်း ( Foundation)များ လက်ခံရရှိခဲ့သောကြောင့် ၁၉၆၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ Vanderbilt University မှ ဘောဂဗေဒ မဟာဝိဇ္ဇာနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ဒီပလိုမာဘွဲ့များကို ထပ်မံလက်ခံရရှိခဲ့ပါသည်။ ထိုအကျိုးဆက်များကြောင့် မိမိအနေဖြင့် ယခုအချိန်အထိ စီးပွားရေး ဘာသာရပ်နှင့် ပတ်သက်သည့် လုံးချင်းစာအုပ် (၁၁)အုပ်ကို ပုံနှိပ်ထုတ်လုပ်နိုင်ခဲ့သည့်အပြင် စီးပွားရေးသုတေသနစာတမ်း(၂၀၀)ကျော်တို့ကိုလည်း စီးပွားရေးစာတမ်းပေါင်းချုပ်စာအုပ်(၁၅)အုပ်အဖြစ် ပြုစုထားရှိခဲ့ပြီး ဖြစ်ပါသည်။ ထို့ကဲ့သို့ ပညာရေးအခြေခံကောင်းများ ဆည်းပူးခွင့် ရရှိခဲ့သည့် အကျိုးဆက်ကြောင့် မိမိအနေဖြင့် စီးပွားရေးပညာရှင်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ ထို့အပြင် မိမိ၏ ဘဝသက်တမ်းတစ်ခု၏ နှစ်ပေါင်း(၅၀)ခန့် အချိန်ကာလအတွင်း တစ်ဖက်တွင် မိမိ၏ ကိုယ်ရေးအကျဉ်း၌ ဖော်ပြပါရှိသည့်အတိုင်း နိုင်ငံတော်၏ အရေးကြီးသည့် အဆင့်မြင့်တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ခြုံငုံ၍ တင်ပြရမည်ဆိုလျှင် အထက်ပါ လုပ်ငန်းဆောင်တာများ နိုင်ငံ့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမှာ အမိရန်ကုန်တက္ကသိုလ်မှ ကျစ်လျစ်ခိုင်မာထက်မြက်သော ဘောဂဗေဒပညာရပ်ကို လေ့လာဆည်းပူးခွင့် ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။

## ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနတွင် ပညာသင်ကြားခွင့်ရယူခြင်း

မိမိ၏ အဆင့်ဆင့်ပညာသင်ကြားခဲ့ရမှုနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ခြင်းကို တင်ပြရမည်ဆိုလျှင် ကိုယ်ရေးအကျဉ်းတွင် ရေးသားထားသည့်အတိုင်းပင် ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ကြည့်မြင်တိုင် Union A.V School အထက်တန်းအလွတ် ပညာသင်ကျောင်းတွင် တက္ကသိုလ်ဝင်တန်း၌ ပညာသင်ကြားခဲ့ပြီး ၁၉၄၉ ခုနှစ် ဇူလိုင်လတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်ခဲ့ပါသည်။ ထိုကဲ့သို့ အောင်မြင်ခဲ့သော်လည်း အကြောင်းမညီညွတ်၍ ၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်သို့ တက်ရောက်နိုင်ခြင်း မရှိခဲ့ဘဲ ၁၉၅၁– ၅၂ ပညာသင်နှစ်မှ အစပြု၍ ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနလက်အောက်ရှိ ဘောဂဗေဒ၊ သင်္ချာ၊ သမိုင်း ဘာသာရပ်ဖြင့် ဥပစာတန်း အောင်မြင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ၁၉၅၄– ၅၅ ခုနှစ်တွင် ဘောဂဗေဒ၊ သင်္ချာ၊ စာရင်းအင်းဗေဒဘာသာတွဲများဖြင့် ဝိဇ္ဇာ(BA)ဘွဲ့ကို ရရှိခဲ့ပါသည်။ ၁၉၅၁ ခုနှစ်မှ စ၍ (၄)နှစ်တာ အချိန်ကာလအတွင်း တက္ကသိုလ်သို့ တက်ရောက်ခဲ့စဉ် ပထမ(၂) နှစ်၌ စစ်ကိုင်းကျောင်းဆောင်တွင် နေထိုင်ခွင့်ရရှိခဲ့ပြီး နောက်ဆုံး(၂)နှစ်တွင် ပဲခူးကျောင်းဆောင်တွင် နေထိုင်ခွင့် ရရှိခဲ့ပါသည်။ ထိုအချိန်က ပဲခူးကျောင်းဆောင်၏ အဆောင်မှူးမှာ မြန်မာစာဌာန၊ ကထိကဦးကျော်ရင် ဖြစ်ပါသည်။ စစ်ကိုင်းဆောင် သဟာယနှင့် စာဖတ်အသင်း၏ မှတ်တမ်းများအရ စစ်ကိုင်းဆောင်တွင် နေထိုင်ခဲ့သည့် ထင်ပေါ်ကျော်ကြားသော ကျောင်းသားဟောင်းများမှာ ဓာတုဗေဒပါမောက္ခ ဦးအောင်ခင်၊ သံအမတ်ကြီး ဦးတင်မောင်ကြီး၊ ရန်ကုန်ဘဆွေ၊ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီးသန်းစိန်၊ ဆရာကြီး ဒဂုန်တာရာ၊ ဒုတိယဝန်ကြီး ဒေါက်တာညီညီ၊ စာရေးဆရာ မင်းယုဝေတို့ ဖြစ်ကြပါသည်။ အလားတူပင် ပဲခူးဆောင်တွင် နေထိုင်ခဲ့ကြသည့် ထင်ရှားကျော်ကြားသော ကျောင်းသားဟောင်းများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဝန်ကြီးချုပ်ဦးနုတို့ ဖြစ်ကြပါသည်။ ထိုစဉ်က နံနက်စာ၊ နေ့လယ်စာ၊ ညစာအပါအဝင် အဆောင်နေခမှာ တစ်လ (၆၀)ကျပ်ခန့်သာ ရှိခဲ့ပါသည်။

## စီးပွားရေးတက္ကသိုလ်နှင့် ဆက်စပ်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ

၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်လက်အောက်ရှိ ဘောဂဗေဒဌာနကို ခွဲထွက်ခွင့်ပြုခဲ့သည့်အတွက် သီးခြား စီးပွားရေးတက္ကသိုလ်အဖြစ် တည်ရှိလာခဲ့ပါသည်။ ထိုအချိန်အခါတွင် ပါမောက္ခချုပ်အဖြစ် ဆရာဦးအေးလှိုင်က ဆောင်ရွက်ခဲ့ပြီး ၎င်းနောက်တွင် ဆရာဦးခင်မောင်ညွန့်က ပါမောက္ခချုပ်အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်ခဲ့ပါ သည်။ မိမိအနေဖြင့် ၁၉၆၂ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ မဟာဝိဇ္ဇာဘွဲ့ယူခဲ့ပြီး နောက်ပိုင်း များမကြာမီ စီမံ/ဘဏ္ဍာဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ပထမအဆင့်အနေဖြင့် ယာယီညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုကဲ့သို့ တာဝန်ထမ်းဆောင်နေခဲ့စဉ်အတွင်း ပါမောက္ခချုပ်ဆရာကြီး ဦးအေးလှိုင်၏ တာဝန်ပေးချက်အရ မဟာဝိဇ္ဇာနောက်ဆုံးနှစ်ကျောင်းသားများ၏ ဘွဲ့ရရှိရန်အတွက် ရေးသားတင်ပြထားသည့် သုတေသနစာတမ်း (Thesis)များကို ပြင်ပစာစစ်မှူး(External Examiner)အဖြစ် နှစ်အတန်ကြာအောင် ဆောင်ရွက်ပေးခဲ့ရပါသည်။

## မိမိအား ရန်ကုန်စီးပွားရေးတက္ကသိုလ် ဆီးနိတ်ပညာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့ခြင်း

ထို့အပြင် ၁၉၇၄ ခုနှစ်အစပိုင်းတွင် ပါမောက္ခချုပ် ဆရာဦးအေးလှိုင်က စီမံဘဏ္ဍာဝန်ကြီးဌာနသို့ စီးပွားရေး တက္ကသိုလ် ဆီးနိတ်ပညာရေးအဖွဲ့ (Economic University Senate Education Board) တွင် ဒုတိယဝန်ကြီး ဦးချစ်မောင်နှင့် ညွှန်ကြားရေးမှူးချုပ်ဦးလှမောင်တို့အား ဆီးနိတ်ပညာရေးအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်လိုပါ၍ ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံစာပေးပို့ခဲ့ပါသည်။ ဒုတိယဝန်ကြီးချုပ် ဦးလွင်အနေဖြင့်လည်း ခွင့်ပြုချမှတ်ပေးခဲ့သည့်အတွက် မိမိနှင့် ဦးချစ်မောင်တို့မှာ ထိုအချိန်မှစ၍ စီးပွားရေးတက္ကသိုလ်ဆီးနိတ်ပညာရေးအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြပါသည်။



ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများ၊ ဆီးနိတ် ပညာရေး အဖွဲ့ဝင် ပုဂ္ဂိုလ်များ အမှတ်တရ ဓာတ်ပုံ။



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- ၈– ၁၁– ၁၉၂၈ ခုနှစ်တွင် ပျဉ်းမနားမြို့၌ မွေးဖွားသည်။
- ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘောဂဗေဒဝိဇ္ဇာဘွဲ့ကို ရရှိသည်။
- ၁၉၆၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ Vanderbilt University မှ ဘောဂဗေဒ မဟာဝိဇ္ဇာနှင့် စီးပွားရေးဖွံ့ဖြိုးမှုဒီပလိုမာ ရရှိခဲ့သည်။
- ၂၀၁၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ Doctor of Letter's (Honoris Causa) ဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။
- ၁၉၇၀ ပြည့်နှစ်တွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၌ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။
- ၁၉၇၉ မှ ၁၉၈၃ ခုနှစ်အထိ ADB တွင် အမှုဆောင် ဒါရိုက်တာ(၄) နှစ်ခန့်။
- ၁၉၈၄ မှစတင်၍ (၁၄)နှစ်ခန့် မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် (၉)နိုင်ငံ (UK, Norway, Sweden, Denmark , Yugoslavia, Romania, Bulgaria, Albania & Philippines) တို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။
- ၁၉၉၇ ခုနှစ်မှစ၍ (၇)နှစ်ခန့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အကြံပေး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ကာကွယ်ရေးတက္ကသိုလ် ဘွဲ့လွန်သင်တန်း အမှတ်စဉ် (၃ မှ ၇ အထိ) စီးပွားရေးဘာသာရပ်များ ပို့ချခဲ့သည်။
- နိုင်ငံခြားရေးဝန်ကြီးဌာန၊ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း(BDS)တွင် ၁၉၉၈မှ ယနေ့အထိ စီးပွားရေးဘာသာရပ်နှင့် သံတမန်ရေးရာ ကျွမ်းကျင်မှုဘာသာရပ်များ သင်ကြားပေးလျက် ရှိသည်။
- ကမ္ဘာ့ကုလသမဂ္ဂညီလာခံ၊ ကမ္ဘာ့ဘဏ်၊ IMF၊ ADB စသည့် နှစ်ပတ်လည်အစည်းအဝေးများသို့ အကြိမ်ပေါင်းများစွာ တက်ရောက် ခဲ့သည်။
- မြန်မာ– ဂျပန်/ မြန်မာ– ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့တွင် အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။
- ၂၀၀၀ ပြည့်နှစ်မတိုင်မီ နိုင်ငံတော်မှပေးအပ်သော ငြိမ်ဝပ်ပိပြားရေး တရားဥပဒေစိုးမိုးရေးတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့် စီမံထူးချွန် ပထမအဆင့်စသည့် ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ရရှိခဲ့သည်။
- ယခုလက်ရှိအချိန်ထိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့တွင် အကြံပေးအဖြစ်လည်းကောင်း၊ စီးပွားရေးအဖွဲ့ အစည်းများတွင်လည်း စီးပွားရေးအကြံပေးအဖြစ် ဆောင်ရွက် လျက်ရှိနေပါသည်။

စာမျက်နှာ ၉ သို့

## ❒ မိမိတို့ ရန်ကုန်တက္ကသိုလ်ကြီးသည် တိုင်းပြုပြည်ပြုခေါင်းဆောင်များနှင့် နိုင်ငံတည်ဆောက်မှုတွင် ထိပ်တန်းမှပါဝင်ခဲ့သည့် စွမ်းဆောင်ရည်ပြည့်ဝသော ပညာတတ်ပုဂ္ဂိုလ်အမြောက်အမြားအား မွေးထုတ်ပေးခဲ့သည့် မိခင်ဌာနကြီးတစ်ခုဖြစ်

*စာမျက်နှာ ၈ မှ*

ထိုအချိန်က ဖော်ပြပါ ဆီးနိတ်အဖွဲ့တွင် ပြင်ပမှ စာရေးဆရာဦးသိန်းဖေမြင့်လည်း ပါဝင်ခဲ့ပါသည်။ ဆီးနိတ်ပညာရေးအဖွဲ့၏ အဓိကဆောင်ရွက်ပေးရသည့်လုပ်ငန်းရပ်များမှာ စီးပွားရေးတက္ကသိုလ်တွင် ဘာသာရပ်အလိုက် သင်ကြားပို့ချသည့် သင်ရိုးညွှန်းတမ်းများကို လိုအပ်သလို စိစစ်သုံးသပ် အကြံပြုပေးရခြင်း၊ စီးပွားရေးဘွဲ့ရရှိသူများအား ဘွဲ့လက်မှတ်များချီးမြှင့် ပေးအပ်ခြင်းမပြုလုပ်မီ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်အဆောက်အဦးရှိ အစည်းအဝေးခန်းမတွင် မော်ကွန်းထိန်းမှ လူပုဂ္ဂိုလ်အလိုက် အပ်နှင်းမည့်ဘွဲ့များကို တင်ပြသဘောတူညီချက်ရယူပြီး ဆီးနိတ်အဖွဲ့ဝင်များက တညီတညွတ်တည်း သဘောတူညီပြီးမှသာ ဘွဲ့နှင်းသဘင်ခန်းမထဲရှိ ဘွဲ့ယူရန် စောင့်ဆိုင်းနေကြသည့် ကျောင်းသူကျောင်းသားအသီးသီးတို့အား ဘွဲ့လက်မှတ်များ ပေးအပ်ကြရပါသည်။

### စီးပွားရေးသုတေသနစာတမ်းများကို စိစစ်ရွေးချယ်ပေးရခြင်း

ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ကို ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းပေးခဲ့ပါသည်။ ၎င်းအဖွဲ့တွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ၌ ၎င်းတို့နှင့် သက်ဆိုင်ရာ ဘာသာရပ်များတွင် သုတေသနစာအုပ်စာတမ်း အမြောက်အမြား ရေးသားပြုစုခဲ့သူများကို ပညာရှင်အဆင့်အဖြစ် သတ်မှတ်ပြီး ၎င်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခွင့်ပြုခဲ့ပါသည်။ မိမိအနေဖြင့် ၁၉၉၁ ခုနှစ် စတင်ဖွဲ့စည်းစဉ်အချိန်အခါမှ အစပြု၍ စီးပွားရေးပညာရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုခံရပြီး အဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့ပါသည်။ ၎င်းအဖွဲ့အနေဖြင့် သုတေသနစာတမ်းများကို ဘာသာရပ်အလိုက်ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့များမှစိစစ်၍ အကောင်းဆုံးသုတေသနစာတမ်းများအဖြစ် ထောက်ခံတင်ပြထားသောစာတမ်းများကို ၂၀၀၅ ခုနှစ်မှ စတင်ပြီး ပညာရပ်ဆိုင်ရာအကောင်းဆုံး သုတေသနဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ သို့ဖြစ်၍ မိမိအနေဖြင့် ၂၀၀၅ ခုနှစ်မှ စတင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဆိုင်ရာ သုတေသနစာတမ်းများ ရွေးချယ်ရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ၂၀၁၅ ခုနှစ်ခန့်အထိ တာဝန်ယူဆောင်ရွက်ပေးခဲ့ရပါသည်။

### မိမိအား ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ အပ်နှင်းချီးမြှင့်ခြင်း

ဂုဏ်ထူးဆောင်ဘွဲ့နှင့်ပတ်သက်၍ ဆရာကြီးဒေါက်တာဦးသန်းဦးက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ဆောင်းပါး၌ ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းခံရမှုနှင့် ပတ်သက်၍ ရေးသားဖော်ပြထားသည်ကို ကောက်နုတ်ဖော်ပြအပ်ပါသည်–

> **“ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် ဂုဏ်ပြုထိုက်သူတို့အားဂုဏ်ပြုခြင်း ဟူသော မွန်မြတ်သည့် အစဉ်အလာကောင်းတစ်ရပ်ရှိပေရာ ထိုအစဉ်အလာကောင်းနှင့်အညီ ထူးခြားထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ကျော်များအား ထိုက်ထိုက်တန်တန်ဂုဏ်ထူးဆောင်ဘွဲ့များကို ပေးအပ်ချီးမြှင့်ခြင်းပြုကြလေ့ရှိပါသည်။”**

အထက်ပါစာပိုဒ်တွင် ဖော်ပြထားခဲ့သည့်အတိုင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေဖြင့်လည်း ၂၀၁၅ခုနှစ်တွင် စီးပွားရေးဘာသာရပ်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ထူးခြားထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်များအား စိစစ်ရွေးချယ်၍ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့များကို အပ်နှင်းချီးမြှင့်ခဲ့ပါသည်။ ထို့သို့ချီးမြှင့်ခဲ့ရာတွင် မိမိအနေဖြင့် အမေရိကန်နိုင်ငံမှရရှိခဲ့သော မဟာဝိဇ္ဇာဘွဲ့တွင် ဘာသာရပ်အလိုက် ရရှိခဲ့သောအမှတ်များ၊ မိမိသုတေသနပြုရေးသားထားသောစာတမ်းများ၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်နှင့်ဆက်စပ်သည့် အထက်ဖော်ပြပါ လုပ်ငန်းရပ်များကို တင်ပြခဲ့ရပါသည်။ ထိုအချက်များကို တက္ကသိုလ်ပါမောက္ခများအဖွဲ့မှ စိစစ်သုံးသပ်ပြီး မိမိအားလည်း ရန်ကုန်စီးပွားရေးတက္ကသိုလ် အထူးဘွဲ့နှင်းသဘင်ခန်းမတွင် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို ပေးအပ်ချီးမြှင့်ခံခဲ့ရခြင်း ဖြစ်ပါသည်။



ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ချီးမြှင့်သည့် အခမ်းအနား၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

> **❒ အမိတက္ကသိုလ်ကြီးအနေဖြင့် မြန်မာ့လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ၊ တိုင်းပြုပြည်ပြုခေါင်းဆောင်များ၊ ထိပ်တန်းနိုင်ငံ့ဝန်ထမ်းများ၊ ပညာရှင်၊ ပညာတတ်ပုဂ္ဂိုလ်များစွာတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ကြောင်းကို ထင်ရှားစွာ သိရှိနိုင်ကြမည်**

### သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ( Research & Development )သည် တက္ကသိုလ်တစ်ခုအတွက် အသက်တမျှအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိခြင်း

ကမ္ဘာ့တက္ကသိုလ်များ အဆင့်သတ်မှတ်ပေးရာတွင် (World University Ranking) တက္ကသိုလ်တစ်ခု၏ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို ဖတ်ရှုလေ့လာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ရန်ကုန်တက္ကသိုလ်၏ အဆင့်ပိုမိုမြင့်မားလာစေရန်အတွက် စီမံကိန်းများချမှတ်ရေးဆွဲရာတွင် တက္ကသိုလ်များ၏ သုတေသနလုပ်ငန်းရပ်များ ယခုထက်ပိုမိုတိုးမြင့်လာစေရေးကို အလေးထားဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။ လက်ရှိတက္ကသိုလ် အသီးသီး၏ သုတေသနလုပ်ငန်းရပ်များ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ကို ၁၉၉၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် သုတေသနစာတမ်းဖတ်ပွဲများကို (၁၈)ကြိမ် ကျင်းပခဲ့ပြီး၊ ၎င်း(၁၈)နှစ်တာအချိန်ကာလအတွင်း တက္ကသိုလ်အသီးသီးတို့မှ ပညာရှင်များက သုတေသနစာတမ်းစုစုပေါင်း (၃၅၈၂)စောင် တင်သွင်းဖတ်ကြားနိုင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် သုတေသနအရည်အသွေးများ တိုးမြင့်လာသကဲ့သို့ မိမိတို့ပညာရပ် နယ်ပယ်အသီးသီးတို့တွင်လည်း သုတေသနလုပ်ငန်းရပ်များကို ယခင်ကထက်ပိုမို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရှိရပါသည်။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ချီးမြှင့်သည့် (၁၈)ကြိမ်မြောက် ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးသုတေသနစာတမ်းရှင်များအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့ရာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့် အမှာစကား ပြောကြားခဲ့ပါသည်။



(၁၈)ကြိမ်မြောက် ၂၀၁၇ ခုနှစ် အတွက် အကောင်းဆုံးသုတေသနစာတမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကျင်းပစဉ်။

မိမိတို့ရန်ကုန်တက္ကသိုလ်ကြီးသည် တိုင်းပြုပြည်ပြုခေါင်းဆောင်များနှင့် နိုင်ငံတည်ဆောက်မှုတွင် ထိပ်တန်းမှပါဝင်ခဲ့သည့် စွမ်းဆောင်ရည်ပြည့်ဝသော ပညာတတ်ပုဂ္ဂိုလ်အမြောက်အမြားအား မွေးထုတ်ပေးခဲ့သည့် မိခင်ဌာနကြီးတစ်ခုဖြစ်ပါသည်။

အထက်ခေါင်းစဉ်ငယ်တွင် ဖော်ပြပါရှိသည်နှင့်အညီ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ(၁)ရက်နေ့ ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်အခမ်းအနား၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းမှ စာပိုဒ်အချို့ကို ကောက်နုတ်ဖော်ပြအပ်ပါသည်–

> **“ရန်ကုန်တက္ကသိုလ်က မြန်မာ့လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်မယ့်ခေါင်းဆောင်ကောင်းတွေကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း ရန်ကုန်တက္ကသိုလ်ဟာ ကမ္ဘာ့လူသားအကျိုးပြုခေါင်းဆောင်တွေ၊ တိုင်းပြုပြည်ပြုခေါင်းဆောင်တွေနဲ့ ပညာတတ်လူငယ်တွေ များစွာကို မွေးထုတ်ပေးခဲ့ပါတယ်။”**

ရန်ကုန်တက္ကသိုလ်မှ နိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံတော်အစိုးရ ထိပ်တန်းတာဝန် ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ (Politics & Government )၊ ပညာရှင်များ ( Academia)၊ အနုပညာနှင့်စာပေပညာရှင်များ( Arts & Literature) များစွာကို မွေးထုတ်ပေးခဲ့ပါသည်။ ၎င်းတို့အနက် ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံ့ဝန်ထမ်းပုဂ္ဂိုလ်အချို့တို့ကို ဖော်ပြရမည်ဆိုလျှင် အမျိုးသားအာဇာနည် ခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘချို၊ ဦးဘဝင်း၊ သခင်မြ၊ ဦးရာဇတ်၊ ဝန်ကြီးချုပ်ဦးနု၊ ဒေါက်တာဘမော်၊ သမ္မတကြီးဦးဝင်းမောင်၊ ဦးဘဆွေ၊ ဦးကျော်ငြိမ်း၊ ဒေါက်တာ မောင်မောင်၊ ဦးမောင်မောင်ခ၊ ဦးသန့်၊ လက်ရှိသမ္မတကြီးဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ သံအမတ်ကြီး ဦးဖေခင် စသည့်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ထို့အပြင် ရန်ကုန်တက္ကသိုလ်မှ မွေးထုတ်ပေးခဲ့သည့် ထိပ်တန်းပညာရှင်အချို့ကို ဖော်ပြရလျှင် ဒေါက်တာထင်အောင်၊ ဒေါက်တာလှမြင့်၊ ဒေါက်တာထွန်းတင်၊ ဒေါက်တာ အေးလှိုင်၊ Mr John Furnivall၊ ဦးဖေမောင်တင်၊ ဒေါက်တာသန်းထွန်း၊ ဒေါက်တာသာလှ၊ ဦးညွန့် စသည့်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ၎င်းနောက် အနုပညာနှင့် စာပေပညာရှင် ထိပ်တန်းပုဂ္ဂိုလ်အချို့တို့ကို ဖော်ပြရမည်ဆိုလျှင် ဆရာကြီး မင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ သိပ္ပံမောင်ဝ၊ ဦးမောင်ထင်၊ လူထုဒေါ်အမာ၊ ဒေါ်ခင်မျိုးချစ်၊ မြသန်းတင့်၊ ဒါရိုက်တာကြည်စိုးထွန်း၊ ကောလိပ်ဂျင်နေဝင်း၊ ဒါရိုက်တာ ဦးတင်မောင်၊ ဝါဝါဝင်းရွှေ၊ ကျော်သူ၊ မေဆွိ စသည်တို့ ဖြစ်ကြပါသည်။

ထိုသို့အားဖြင့် အမိတက္ကသိုလ်ကြီးအနေဖြင့် မြန်မာ့လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ၊ တိုင်းပြုပြည်ပြုခေါင်းဆောင်များ၊ ထိပ်တန်းနိုင်ငံ့ဝန်ထမ်းများ၊ ပညာရှင်၊ ပညာတတ်ပုဂ္ဂိုလ်များစွာတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ကြောင်းကို ထင်ရှားစွာ သိရှိနိုင်ကြမည် ဖြစ်ပါသည်။

သို့ဖြစ်၍ အမိရန်ကုန်တက္ကသိုလ်ကြီးအနေဖြင့် ယခုနှစ်(၁၀၀)ပြည့်မှစ၍ နောင်ရာစုနှစ်များစွာတိုင် အစွန့်ရှည်တည်တံ့ပါစေကြောင်းနှင့် နောင်အနာဂတ်ကာလများတွင်လည်း နိုင်ငံ့ခေါင်းဆောင်ကောင်းများ၊ ပညာရှင်များ အမြောက်အမြားကို မွေးထုတ်နိုင်ပြီး အရှေ့တောင်အာရှတွင်သာမက ကမ္ဘာ့ထိပ်တန်းအဆင့်တက္ကသိုလ်များနှင့်ပါ ရင်ပေါင်တန်းနိုင်စေရန် မိမိအနေဖြင့် ဆန္ဒပြုဆုတောင်း မေတ္တာပို့သအပ်ပါသည်။ ။

# မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အဖွဲ့ဝင်များဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များသည် ပြည်သူများ၏ ကျန်းမာရေးအတွက်သာမက ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ အရေးကြီးသည့် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး ကိစ္စရပ်များကို လစ်လျူရှု၍ မရပါကြောင်း၊ အာဟာရချို့တဲ့မှုကြောင့် ကိုယ်ခန္ဓာခုခံအားကျဆင်းကာ ကိုဗစ်-၁၉ ကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားခြင်းနှင့် ကိုယ်ခန္ဓာနှင့် ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းခြင်း၊ အာဟာရလွန်ကဲမှုကြောင့် အဝလွန်ခြင်း၊ အဆီ၊ သကြားနှင့် ဆား စသည်တို့ကို လွန်ကဲစွာ စားသုံးခြင်းကြောင့် ဆီးချို၊ သွေးတိုး စသည့် မကူးစက်တတ်သော ရောဂါများ ဖြစ်ပွားခြင်းအပါအဝင် အာဟာရဖွံ့ဖြိုးမှု အားနည်းခြင်း၏ နောက်ဆက်တွဲပြဿနာများကြောင့် ကျန်းမာရေးချို့တဲ့မှုများ ဖြစ်ပွားကာ နေထိုင်မှုအရည်အသွေးကျဆင်းခြင်းမှ သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါကြောင်း။

(၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလတွင် ပခုက္ကူမြို့၌ ကျင်းပခဲ့သည့် အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အာဟာရ ဖွံ့ဖြိုးမှုမြှင့်တင်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခြားနီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း၊ လမ်းညွှန်ချက်အရ ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာ "ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၈/၁၉-၂၀၂၂/၂၃) (MS-NPAN)" ကို ရေးဆွဲကာ ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးလုပ်ငန်းများသည် ကဏ္ဍပေါင်းစုံ ဆက်စပ်ပါဝင်သည့် ကွင်းဆက်လုပ်ငန်းကြီးဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းမှ လုပ်ဆောင်၍မရဘဲ လုပ်ငန်းတာဝန်များအလိုက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်သော လုပ်ငန်းနည်းဗျူဟာများ ချမှတ်ကာ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့်ဌာန၊ ဆောင်ရွက်မည့် ကာလအတိုင်းအတာတို့ကို တိကျစွာ သတ်မှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နီးနွယ်မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ "မြန်မာနိုင်ငံအဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၁၈)" အား မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ စာရင်းကောက်ကွက် (၄၅၀) ဖြင့် အိမ်ထောင်စုပေါင်း (၂၇,၃၃၉) မှ လူဦးရေ (၃၈,၇၅၁) ဦးထံမှ လေ့လာကောက်ယူခဲ့ပါကြောင်း။

အဆိုပါ စစ်တမ်းကောက်ယူရာတွင် နေရာဒေသအလိုက် စားသောက်ပုံများ၊ အာဟာရ ဖွံ့ဖြိုးမှုအခြေအနေများ၊ အာဟာရချို့တဲ့မှုဆိုင်ရာ ပြဿနာဖြစ်ပွားမှုများကို ဆန်းစစ်ခြင်း၊ ဓာတ်ခွဲနမူနာများ ရယူကာ ဓာတ်ခွဲစစ်ဆေးခြင်းများပြုလုပ်၍ ကောက်ယူထားခြင်း ဖြစ်ပါကြောင်း၊ အဆိုပါစစ်တမ်းမှ တွေ့ရှိချက်များကို ဆန်းစစ်သုံးသပ်ခြင်းဖြင့် နေရာဒေသအလိုက် လက်ရှိအာဟာရဖွံ့ဖြိုးမှု အခြေအနေများကို သိရှိရမည်ဖြစ်ပြီး လုပ်ငန်းနည်းဗျူဟာများကို ဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

စစ်တမ်းတွေ့ရှိချက်များတွင် နိုင်ငံတွင်းရှိ အိမ်ထောင်စုများ၏ (၄၉ ဒသမ ၃) ရာခိုင်နှုန်းခန့်ကသာ အစာအုပ်စုစုံလင်စွာစားသုံးနေမှု၊ အိမ်ထောင်စုများ၏ (၈၆) ရာခိုင်နှုန်းသည် အိုင်အိုဒင်းဆား စားသုံးနေကြသော်လည်း (၃၆ ဒသမ ၈) ရာခိုင်နှုန်းသာလျှင် အရည်အသွေး ပြည့်ဝစံမီ အိုင်အိုဒင်းဆားကို စားသုံးနေမှု၊ မွေးစမှ အသက် (၆) လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း (၆၇) ရာခိုင်နှုန်းသာရှိမှု၊ ကလေးအသက် (၆)လတွင် ဖြည့်စွက်စာ စနစ်တကျကျွေးခြင်းမှာ (၁၃ ဒသမ ၃) ရာခိုင်နှုန်းသာရှိပြီး အလွန်နည်းပါးနေမှု၊ အသက် (၁) နှစ်မှ (၃) နှစ်အရွယ်ကလေးများ၏ (၄၀) ရာခိုင်နှုန်းနှင့် နို့တိုက်မိခင် (၇၁) ရာခိုင်နှုန်းသည် သံဓာတ်အာဟာရ လုံလောက်စွာ စားသုံးခြင်းမရှိမှု၊ အသက် (၅) နှစ်အောက် ကလေးများ၏ (၃၅ ဒသမ ၆) ရာခိုင်နှုန်းသည် သွေးအားနည်းခြင်း၊ (၂၃) ရာခိုင်နှုန်း သည် သံဓာတ်ချို့တဲ့ခြင်းနှင့် (၁၉ ဒသမ ၉) ရာခိုင်နှုန်းသည် ဇင့်ဓာတ်ချို့တဲ့ခြင်းရှိနေမှု၊ ကိုယ်ဝန်ဆောင်မိခင်များ၏ (၄၀) ရာခိုင်နှုန်းသည် သွေးအားနည်းခြင်း၊ (၂၇ ဒသမ ၇) ရာခိုင်နှုန်းသည် သံဓာတ်ချိုတဲ့ခြင်း၊ (၇၁ ဒသမ ၃) ရာခိုင်နှုန်းသည် ဗီတာမင်ဘီဝမ်း ချို့တဲ့ခြင်းနှင့် (၆၁ ဒသမ ၁) ရာခိုင်နှုန်းသည် ဗီတာမင်ဒီ မလုံလောက်ခြင်းရှိနေမှု၊ နို့တိုက်မိခင်များ၏ (၃၅ ဒသမ ၄) ရာခိုင်နှုန်းသည် သွေးအားနည်းခြင်း၊ (၁၇ ဒသမ ၁) ရာခိုင်နှုန်းသည် သံဓာတ်ချို့တဲ့ခြင်းနှင့် (၆၇ ဒသမ ၄) ရာခိုင်နှုန်းသည် ဗီတာမင်ဘီဝမ်း ချို့တဲ့ခြင်းရှိနေမှု၊ အသက် (၁၅) နှစ်မှ (၅၀)နှစ်အောက် အမျိုးသမီးများ၏ (၃၀ ဒသမ ၃) ရာခိုင်နှုန်းသည် သွေးအားနည်းခြင်း၊ (၂၈ ဒသမ ၅) ရာခိုင်နှုန်းသည် ဖောလိတ်ဓာတ်ချို့တဲ့လျက်ရှိခြင်းနှင့် (၆၅ ဒသမ ၄) ရာခိုင်နှုန်းသည် ဆားစားသုံးမှုများနေမှု၊ အသက် (၁၅) နှစ်မှ (၅၀) နှစ်အောက် အမျိုးသားများ၏ (၅၇ ဒသမ ၈) ရာခိုင်နှုန်းသည် ဆားစားသုံးမှုများနေမှု စသည့်အချက်များအား တွေ့ရှိခဲ့ပါကြောင်း။

အထက်ပါတွေ့ရှိချက်များသည် ပိုမိုကောင်းမွန်အောင် ပြုပြင်၍ရသော လုပ်ငန်းများဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနသည် စစ်တမ်းကောက်ယူပြီးသည်မှစ၍ အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် လုပ်ကိုင်လျက်ရှိသဖြင့် ယခုအခါ၌ ဖော်ပြပါကိန်းဂဏန်းများထက် ကောင်းမွန်သည့် အခြေအနေသို့ ရောက်ရှိနေမည်ဟု မိမိယုံကြည်ပါကြောင်း၊ အာဟာရဖွံ့ဖြိုးမှု အားနည်းသည့် မိခင်မှ မွေးဖွားလာသော ကလေးငယ်တွင်လည်း အာဟာရပြဿနာများ ဖြစ်ပွားမည်ဖြစ်ပါကြောင်း၊ အိုင်အိုဒင်းဓာတ်သည် ဦးနှောက်ဉာဏ်ရည် ဖွံ့ဖြိုးမှုအတွက် အထူးအရေးကြီးသည့် ဓာတ်ဖြစ်ပါကြောင်း၊ အိုင်အိုဒင်းဓာတ်ချို့တဲ့သည့် ကလေးငယ်များတွင် ဉာဏ်ရည်ဖွံ့ဖြိုးမှု နိမ့်ကျကာ ပညာသင်ကြားမှု ခက်ခဲမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးအပ်ခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ စသည့်ကဏ္ဍများတွင်ပါ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများက အာဟာရဖွံ့ဖြိုးမှု၏ အရေးကြီးပုံများနှင့် အစားအစာများ၏ အာဟာရတန်ဖိုးများဆိုင်ရာ အသိပညာဗဟုသုတများ ကြွယ်ဝကာ အာဟာရမျှတသည့် အစားအစာများကို ရွေးချယ်စားသောက်နိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို Mobile Tablet များ အသုံးပြု၍ အခြေခံကျန်းမာရေးပညာရှင်များက အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ အာဟာရမျှတသည့် အစားအစာများကို ရွေးချယ်စားသောက်နိုင်ရန်အတွက် ဒေသထွက် အစားအစာများ ပိုမိုဖူလုံပေါများစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသည်များကိုလည်း ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုပါကြောင်း၊ ကျောင်းနေအရွယ် ကလေးလူငယ်များတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာများ ကြွယ်ဝစေရန်သာမက အာဟာရမျှတသော အစားအစာများကို လက်လှမ်းမီရယူ စားသုံးနိုင်ရန်အတွက် ကျောင်းမုန့်ဈေးတန်းများတွင် အာဟာရမရှိသည့် မုန့်ပဲသရေစာများ၊ ဘေးအန္တရာယ်မကင်းသည့် စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရန် ဝိုင်းဝန်းဆောင်ရွက်နေမှုများအားလည်း ဆက်လက် အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာဗဟုသုတများ ကိုယ်တိုင်ကြွယ်ဝနိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ ထုတ်ထားသော စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှု၍ ကျောင်းသား၊ ကျောင်းသူများထံသို့ ပြန်လည်ဝေမျှပြောကြားကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် (၂၀၁၃) ခုနှစ်၊ မေလတွင် ကမ္ဘာ့အာဟာရမြှင့်တင်ရေးလှုပ်ရှားမှုများ Global Scaling Up Nutrition (SUN) Movement ၌ အဖွဲ့ဝင်နိုင်ငံအနေဖြင့် လက်မှတ်ရေးထိုး ပါဝင်ခဲ့ပါကြောင်း၊ (SUN) Movement တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပါဝင်သော SUN Government Network၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ပါဝင်သော SUN UN Network၊ အလှူရှင်အဖွဲ့အစည်းများ ပါဝင်သော SUN Donor Network နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်သည့် SUN Civil Society Alliance (SUN CSA) Network ကွန်ရက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ Network အသီးသီးမှ လုပ်ငန်းဆောင်ရွက်ချက်များအား အပြန်အလှန် သိရှိအားဖြည့် ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ယူချိတ်ဆက် ဆောင်ရွက်မည့်သူများအား သတ်သတ်မှတ်မှတ် တာဝန်ပေးကာ ဆောင်ရွက်စေလိုပါကြောင်း၊ ယခင်အစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု၊ အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်နေမှု၊ ပြီးစီးမှု၊ အားနည်းချက်စသည်တို့ကို အကဲဖြတ်ဆန်းစစ်ခြင်းကိုလည်း အကဲဖြတ်ဆန်းစစ်မှု စနစ်တစ်ရပ်ဖော်ထုတ်ကာ ဆောင်ရွက်သွားစေလိုပါကြောင်း။

အလားတူ တိုင်းဒေသကြီး/ပြည်နယ်များတွင် အာဟာရဖွံ့ဖြိုးမှု အခြေအနေများကို စစ်တမ်းငယ်များ ကောက်ယူကာ ယခင်ကောက်ယူခဲ့သည့် စစ်တမ်းများမှ တွေ့ရှိချက်များနှင့် နှိုင်းယှဉ်ကာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ကိုယ်ခန္ဓာနှင့် ဦးနှောက်ဉာဏ်ရည်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ကာ ကျန်းမာရေးကောင်းမွန်ပြီး ပညာရည်ထက်မြက်ကာ အားကစားထူးချွန်သည့် အနာဂတ် နိုင်ငံသူ၊ နိုင်ငံသားများ ပိုမိုများပြားလာစေရန်အတွက် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေးလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၊ အဖွဲ့ဝင်ဖြစ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားရာတွင် "ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၈/၁၉-၂၀၂၂/၂၃) (MS-NPAN)"တွင် မျှော်မှန်းရလဒ် (၁၆)ချက်နှင့် လုပ်ငန်းစဉ် (၇၁)ရပ် ပါဝင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျှော်မှန်းရလဒ် (၃)ချက်နှင့် လုပ်ငန်းစဉ် (၂၄) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ အဆိုပါမျှော်မှန်း ရလဒ် (၃)ချက်မှာ (က)အမယ်စုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး၊ (ခ) ဝင်ငွေတိုးတက်ရရှိစေခြင်းမှတစ်ဆင့် လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာစေရေး၊ (ဂ) ဘေးကင်းလုံခြုံသော အစားအစာများနှင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေးတို့ကို ဆောင်ရွက်နေပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ငါးနှစ်စီမံကိန်း ကနဦးကာလတွင် လုပ်ဆောင်ရမည့် လုပ်ငန်းများ၏ Tools and Methodology များအား သတ်မှတ်နိုင်ရန်အတွက် ရောဝတီတိုင်းဒေသကြီးတွင် Pilot Testing ပြုလုပ်မည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ပုသိမ်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးမှ ဦးစားပေးဆောင်ရွက်မည့် မြို့နယ် (၁၁)မြို့နယ်ကို သတ်မှတ်နိုင်ခဲ့ပြီး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှာ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါကြောင်း၊ အဆိုပါအစည်းအဝေးမှာ ငါးနှစ်စီမံကိန်း (MS-NPAN) ၏ လုပ်ငန်းစဉ်(၂၄)အနက် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရွေးချယ်သတ်မှတ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ငါးနှစ်စီမံကိန်း (MS-NPAN) အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်ချက်ကို တွက်ချက်နိုင်ရေး "MS-NPAN Costing Methodology"အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဌာနအသီးသီး၏ Activities နှင့် Sub-activities များကို ရေးဆွဲနိုင်ခဲ့ပါကြောင်း၊ MS-NPAN Activities/ Sub-activities များအလိုက် Costing တွက်ချက်၍ MS-NPAN Core Team သို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ဒုတိယပတ်တွင် ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အာဟာရကဏ္ဍပြုပြင် ပြောင်းလဲရေးဆိုင်ရာ အစီအစဉ် (Nutrition Sector Reform Contract: NSRC) အရ ဥရောပသမဂ္ဂသည် Budget Support Program ဖြင့် ယူရို(၇၀)သန်းနှင့် Complementary Measure အတွက် ယူရို (၄၂) သန်း၊ စုစုပေါင်း ယူရို (၁၁၂)သန်း ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID-19 Economic Relief Plan (CERP)) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် CERP (၂.၁.၇) နှင့် တိုက်ရိုက်သက်ဆိုင်ပြီး (၂.၁.၇-ခ) ရောင်းအားကျဆင်း၍ ဝင်ငွေမရှိသော (သို့မဟုတ်) ပုံမှန်ပြည်ပငွေလွှဲများ မရရှိတော့သည့် အသေးစား တောင်သူလယ်သမားများအနေဖြင့် မိုးရာသီ စိုက်ပျိုးချိန်အမီ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူနိုင်ရန် ငွေကြေး (သို့မဟုတ်) ချေးငွေများ ထောက်ပံ့ပေးခြင်း (Cash or Lending) နှင့် (၂.၁.၇-ဃ) ကိုဗစ်-၁၉ အလွန်ကာလတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် ကျေးလက်ဒေသအတွင်း Cash for work အစီအစဉ်များ၊ ဝင်ငွေရရှိမည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်းအတွက် ကျပ် (၉၂ ဒသမ ၆၁)ဘီလီယံကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

မိခင်နှင့် ကလေးငယ်များ အာဟာရချို့တဲ့ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်များ မြင့်တက်ခြင်းကြောင့်ဖြစ်ပြီး နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေ နိုင်သည့်အပြင် နိုင်ငံ၏ GDP (၁၁) ရာခိုင်နှုန်းခန့်ကိုပါ ထိခိုက်နိုင်ပါကြောင်း၊ အာဟာရပြည့်ဝရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရရှိလာသည့် အကျိုးကျေးဇူးများသည် ရင်းနှီးမြှုပ်နှံမှု၏ (၁၆)ဆ ဖြစ်လာနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၊ အဖွဲ့ဝင်ဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အိုင်အိုဒင်း အာဟာရဓာတ်ချို့တဲ့မှုကြောင့် လည်ပင်းကြီးရောဂါများ ဖြစ်ပွားခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ဉာဏ်ရည်နိမ့်ကျသော ကလေးမွေးဖွားခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပွားနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကဆားကြိတ်စက်များနှင့်

*စာမျက်နှာ ၁၁ သို့*

# (၅) ကြိမ်မြောက် အာရှ-ပစိဖိတ် မြို့တော်ဝန်များအစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

**အာရှ-ပစိဖိတ် မြို့တော်များ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးနှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့ (APCAT) က ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည့် (၅) ကြိမ်မြောက် အာရှ-ပစိဖိတ် မြို့တော်ဝန်များ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နီပေါနိုင်ငံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင် ပါဝင်တက်ရောက်သည်။**




အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင်က နေပြည်တော်ကို ဆေးလိပ်ငွေ့ကင်းစင်သော မြို့တော် အဖြစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အရွယ်ရောက်ပြီးသူများနှင့် လူငယ်များအတွင်း ဆေးလိပ်သောက်သုံးနေမှု အခြေအနေများကို လည်းကောင်း၊ ဆေးလိပ်သောက်သုံးမှုနှင့် ဆက်စပ်ဖြစ်ပွားသော နောက်ဆက်တွဲ ဆိုးကျိုးများကို ကာကွယ်နိုင်ရေးအတွက် ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း နေပြည်တော်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့ကို ဦးစွာဖွဲ့စည်းခဲ့ကြောင်း၊ အများပြည်သူတို့အား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများမှ ကာကွယ်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို အများပြည်သူ သိရှိလိုက်နာစေရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်အဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်းပွဲများ ဆောင်ရွက်ခဲ့ကြောင်း၊ နေပြည်တော်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေနှင့် အမိန့်ကြော်ငြာစာများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေကို စစ်တမ်းများ ကောက်ယူခဲ့ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်း၏ ဆိုးကျိုးများကို အများပြည်သူသိရှိစေရန်နှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေနှင့် အမိန့်ကြော်ငြာစာများကို အများပြည်သူသိရှိစေရန် အသိပညာပေး အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြောင်း၊ အသိပညာပေး ပိုစတာများကိုလည်း နေရာအနှံ့ စိုက်ထူထားရှိကြောင်း၊ လာမည့်နှစ်များတွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပြီး မကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အစည်းအဝေးသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှ-ပစိဖိတ် ဒေသတွင်းရှိ နိုင်ငံများမှ ဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ပူးပေါင်းကာ (၁၉၉၁) ခုနှစ်မှ စ၍ ဆားများတွင် အိုင်အိုဒင်း အာဟာရ ဖြည့်စွက်ရန်အတွက် ပိုတက်ဆီယမ် အိုင်အိုဒိတ် ဆေးရည်ဖျန်းဖြည့်စွက်ခြင်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ နေလှန်းဆားကွင်းများ ထုတ်လုပ်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် UNICEF တို့မှ ကျွမ်းကျင်ပညာရှင်များ၏ သတ်မှတ်ချက်အရ ဆားတွင် အိုင်အိုဒင်းအာဟာရဓာတ် ပါဝင်မှုမှာ ဆားထုတ်လုပ်မှု စက်ရုံအဆင့်တွင် (၄၀-၆၀) ppm ၊ လက်ကားသိုလှောင်ရုံအဆင့်တွင် (၃၀) ppm နှင့်အထက်၊ လက်လီရောင်းချမှုအဆင့်တွင် (၁၅) ppm နှင့် အထက်၊ စားသုံးသူအဆင့်တွင် (၁၅) ppm ရှိရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ (၂၀၁၉) ခုနှစ်တွင် ဝယ်ယူထားသော ပိုတက်ဆီယမ်အိုင်အိုဒိတ် (၂၅၀) ကီလိုဂရမ်ပုံး(၈၀၀)သည် (၂၀၂၀-၂၁) ခုဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ်သည့် အိုင်အိုဒင်းဆားချောများအတွက် လုံလောက်မှုရှိပါကြောင်း၊ ပုဂ္ဂလိက ဆားကြိတ်စက်များမှ ဆားတွင် အိုင်အိုဒင်းအာဟာရဓာတ် ပါဝင်မှု အခြေအနေများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများအား သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းတွင် မထုတ်လုပ်နိုင်သည့် Iodized Refined Salt ကို စားသုံးသူများနှင့် စားသောက်ကုန်လုပ်ငန်းများအတွက် ပြည်ပမှ တင်သွင်းမှုအနေဖြင့် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်အတွင်း (၁၆,၅၀၃) တန် တင်သွင်းရန် ထောက်ခံချက်ထုတ်ပေးခဲ့ပြီး တင်သွင်းခွင့်ပြုခဲ့သော ဆားများတွင် အိုင်အိုဒင်းဓာတ် (၃၀) ppm နှင့် အထက်ပါဝင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၊ အဖွဲ့ဝင်ဖြစ်သူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးသည် နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက်အရေးကြီးပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals) ရရှိအောင်မြင်ရေးအတွက်လည်း အရေးကြီးပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိစေရေးနှင့် ပညာတတ်မြောက်မှုတို့သည် အပြန်အလှန် ဆက်စပ်မှုရှိနေပါကြောင်း၊ အာဟာရကောင်းစွာ ဖွံ့ဖြိုးသောကလေးများသည် ပညာကို ကောင်းစွာသင်ယူနိုင်ပါကြောင်း၊ အာဟာရချို့တဲ့မှုကြောင့် ကိုယ်ခန္ဓာကျန်းမာရေးမကောင်းသူ၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု အားနည်းသူများအနေဖြင့် ပညာသင်ယူရာတွင် အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ ပညာတတ်မြောက်ရုံသာမက ကိုယ်ချင်းစာနာစိတ်၊ ကူညီဖေးမတတ်စိတ်၊ အကောင်းမြင်စိတ်နှင့် သဘောထားပြည့်ဝသူများ ဖြစ်လာစေရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးလျက်ရှိပါကြောင်း၊ တတ်မြောက်ထားသော ပညာစွမ်းရည်ကို ကောင်းစွာအသုံးချကာ အရည်အသွေးရှိသော ဝန်ဆောင်မှုများ ပေးအပ်နိုင်သည့် အနာဂတ် နိုင်ငံသား၊ နိုင်ငံသူကောင်းများ ဖြစ်လာစေရေးအတွက် အာဟာရဖွံ့ဖြိုးမှုကောင်းစွာဖြင့် ကိုယ်နှင့် ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှု ကောင်းမွန်ရန် အရေးကြီးပါကြောင်း၊ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး လုပ်ငန်းများသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ထားသော ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင်လည်း အပါအဝင် ဖြစ်ပါကြောင်း။

ပြည်နယ်များနှင့် အာဟာရဖွံ့ဖြိုးမှု အားနည်းသော တိုင်းဒေသကြီးများတွင် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး လုပ်ငန်းများကို ဦးဆောင်ကော်မတီဝင် ဝန်ကြီးဌာနများ၊ နီးနွယ်ဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာမှ အတွေ့အကြုံများကိုလည်း မြန်မာနိုင်ငံ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၏ အခြေအနေများနှင့် လိုက်လျောညီထွေစွာဖြင့် အသုံးချဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး လုပ်ငန်းများကို ယခုထက် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကောင်းစွာဖြင့် ညီညွတ်စုစည်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၊ အဖွဲ့ဝင်ဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းများသည် ရေရှည်လုပ်ငန်းများ ဖြစ်ပြီး တိုင်းပြည်တိုးတက်ရေးအတွက် အလွန်အရေးပါသောကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဝန်ကြီးဌာနများကို ပူးပေါင်းဆောင်ရွက်စေခဲ့ပါကြောင်း၊ အာဟာရပြဿနာသည် ကျန်းမာရေးပြဿနာ တစ်ခုတည်းမဟုတ်ဘဲ လူမှုရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ အမျိုးသားရေးပြဿနာတစ်ရပ်အထိ ဖြစ်ပါကြောင်း၊ ဆက်စပ်ဝန်ကြီးဌာန (၅)ခု ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဆောင်ရွက်ချက်များသည် ပိုမိုထိရောက်ရန် လိုအပ်ပြီး ကြားခံဖြစ်သည့် လူမှုအဖွဲ့အစည်းများ၏အားသည် အလွန်အရေးပါလှပါကြောင်း။

မိမိတို့ဝန်ကြီးဌာနတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအတွက် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်(၈)ရပ် ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ် (၈)ရပ် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်(၂)ရပ်ရှိပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးများအတွက် ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်နှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း အစီအစဉ်တို့ ဖြစ်ပါကြောင်း၊ အဆိုပါ MCCT အစီအစဉ်ဖြင့် လူ့ဘဝအစ ရက် (၁,၀၀၀) အတွင်း အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ပြည့်မီ၍ ကလေးသူငယ်များ၏ ဦးနှောက်နှင့် ခန္ဓာကိုယ် ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ငွေကြေးထောက်ပံ့ရာတွင် အာဟာရပြည့်ဝသည့် အစားအစာများကို ရွေးချယ်ဝယ်ယူစားသောက်စေရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူလတန်းကြိုနှင့် ကလေးပြုစုစောင့်ရှောက်ရေးဌာနများတွင် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း (school feeding) အစီအစဉ်ဖြင့် ကလေးငယ်များ အာဟာရပြည့်ဝစေရေးနှင့် ကောင်းမွန်သောအာဟာရဆိုင်ရာ အလေ့အထကောင်းများ ရရှိသွားစေရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဟာရ (၃) ပါး ဖြစ်သည့် ကိုယ်ဝန်ဆောင်အာဟာရ၊ မီးနေသည်အာဟာရ၊ နို့တိုက်မိခင် အာဟာရသည် အလွန်ပင်အရေးကြီးသည့်အတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်လျက် ရှိပါကြောင်း၊ ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်မှသည် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူခြင်း တိုးတက်လာစေရေး၊ မိခင်သေဆုံးမှု၊ ကလေးသေဆုံးမှု ကျဆင်းစေရေးအတွက် အထောက်အကူဖြစ်ပါကြောင်း၊ ထောက်ပံ့ရာတွင် တိုင်းရင်းသားဒေသများကို အဓိကထား ထောက်ပံ့နေပါကြောင်း။

အဓိကရည်ရွယ်သည်မှာ ပုညက်ခြင်းဆိုသည့် အာဟာရပြဿနာကို ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ ကိုဗစ်-၁၉ ကာလတွင်လည်း ပြည်သူများ၏ လိုအပ်ချက်ကိုလည်း ရှာဖွေ၍ ထပ်ဆောင်းလိုအပ်ချက်များကိုလည်း ပံ့ပိုးလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှလည်း အရေးပေါ်အခြေအနေ ကြုံတွေ့ရသည့်ဒေသများတွင် ရိက္ခာထောက်ပံ့မှု အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ဆောင်ချက်များကို နိုင်ငံတော်အစိုးရမှလည်း အထူးအလေးထားပါကြောင်း၊ (၂၀၂၀) ခုနှစ်၊ ဧပြီလတွင် အတည်ပြုခဲ့သည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်တွင်လည်း လူမှုရေးဆိုင်ရာ ထောက်ပံ့မှုများကို ဖြတ်တောက်မည် မဟုတ်ကြောင်း ဖော်ပြပါရှိသည့်အတွက် ဆောင်ရွက်ဆဲ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ဆက်သွားမည့်လမ်းစဉ်များတွင်လည်း အာဟာရဖွံ့ဖြိုးတိုးတက်ရေးကို စီမံကိန်း ချမှတ်ဆောင်ရွက်မည်ဟု ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ ယခုလက်ရှိငါးနှစ်စီမံကိန်းကို ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ် (၇) ခုသည်လည်း မိမိတို့ဝန်ကြီးဌာနမှ ငွေကြေးထောက်ပံ့ခြင်း အစီအစဉ် ဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုက်ညီမှုရှိသဖြင့် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပိုမိုထိရောက်စေရေးအတွက် ကြီးကြပ်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းတို့တွင်လည်း ပူးပေါင်းပါဝင်သွားမည်ဖြစ်ပါကြောင်း၊ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးအပြီး ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာလွင်မာလှိုင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ စံရွှေဝင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်၊ Unicef ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်၊ USAID မှ LIFT Fund ဘုတ်အဖွဲ့ဝင်နှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပြီး ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ ချမှတ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၊ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး လုပ်ငန်းများသည် နိုင်ငံတော်၏ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အိုင်အိုဒင်း ချို့တဲ့မှုနှင့် အစာအာဟာရကြောင့် သွေးအားနည်းခြင်းများ လျော့နည်းပပျောက်စေရေးနှင့် ဆားစားသုံးမှုများနေခြင်းများ လျော့နည်းစေရေးတို့ကို ဦးစားပေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်တွေ့မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များကိုသာ မြေပြင်အခြေအနေနှင့်ကိုက်ညီစွာ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ နီးနွယ်ဝန်ကြီးဌာနများရှိ ဆက်စပ်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အကြံပေးပညာရှင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများနေထိုင်ရေး အဆင်ပြေစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီတို့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပြီး ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်မှ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကော်စီဝင် ဦးတင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းချုပ် (၃) ခုတို့မှ ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် နေထိုင်ရေးအဆင်ပြေစေရန် ရည်ရွယ်ဆောင်ရွက်မည့် ပြည်သူ့အငှားအိမ်ရာ အခန်း (၁)သောင်း တည်ဆောက်ရေးစီမံကိန်းအတွက် "ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီ" ကို ဖွဲ့စည်းပြီး ဘဏ္ဍာငွေရရှိရေး၊ လုပ်ငန်းစာချုပ်များ ချုပ်ဆိုနိုင်ရေး၊ စီမံကိန်းအင်ဂျင်နီယာ အကြိုလုပ်ငန်းများနှင့် Structure Design များ အပြီးသတ်ပြင်ဆင်ရေးတို့ကို ကာလတိုအတွင်း ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေပေါ်တွင်လည်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ပေါ်လာစေရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း။

ပြည်သူ့အငှားအိမ်ရာ အခန်း(၁)သောင်းစီမံကိန်းသည် လုပ်ငန်းပမာဏကြီးမားပြီး အချိန် ၁၂ လအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လုပ်ငန်းပိုင်းတွင် Challenges များစွာရှိပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် မူဝါဒပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အချိန်နှင့် တစ်ပြေးညီ ခေါ်ယူဖြေရှင်းပေးလျက်ရှိပါကြောင်း။

ယခုစီမံကိန်းကို အသင်း (၃)သင်း၏ ငွေကြေးစိုက်ထုတ်မှုနှင့် ဆောင်ရွက်ပြီး အစိုးရ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေမှ ပိုလျှံငွေနှင့် ပေးချေဆောင်ရွက်သွားရန် ညှိနှိုင်းခဲ့ပါကြောင်း၊ လုပ်ငန်းများ စတင်ဆောင်ရွက်သည့်ကာလ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်၏ ပိုလျှံဘဏ္ဍာရန်ပုံငွေ သုံးစွဲခွင့်ကို ရရှိခဲ့ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာငွေသုံးစွဲရေးကို ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် အသင်းများမှ လုပ်ငန်းများအမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် အချိန်မီပြီးစီးရေး စနစ်တကျ ခွဲဝေဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက စီမံကိန်းဆောင်ရွက်မှု အခြေအနေကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာချုပ်ပါစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် လိုပါကြောင်းနှင့် ရန်ပုံငွေပေးချေရာတွင်လည်း သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီဆောင်ရွက်ရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝိတ်တို့က ပြည်သူ့အငှားအိမ်ရာ အိမ်ခန်း (၁)သောင်းစီမံကိန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်လွှန်သုံးစွဲခွင့် ရရှိထားသော ရန်ပုံငွေကျပ်ဘီလီယံ ၁၃၀ ဖြင့် ငွေပေးချေမည့် အစီအစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြမှုတို့အပေါ် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အွန်လိုင်းဖြင့်ကျင်းပသည့် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ကျောင်းသူသုံးဦး ဝင်ရောက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၉) ကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲ (9th ASEAN Quiz– Regional Level) ကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် စင်ကာပူနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ရာ မြန်မာနိုင်ငံကိုယ်စားပြု ကျောင်းသူသုံးဦး ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယိုခန်းမမှ ပါဝင်ယှဉ်ပြိုင်ကြသည်။




အဆိုပါပြိုင်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက်က Google Classroom စနစ်ဖြင့် အွန်လိုင်းမှ ပထမအကြိမ်ရေးဖြေစစ်ဆေးခဲ့ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ရွေးချယ်ထားသည့် အခြေခံပညာအဆင့် ကျောင်းသူကျောင်းသား ၃၄ ဦးအနက် ကျောင်းသူ ကျောင်းသား ၃၀ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ယင်းအနက်မှ အမှတ်အများဆုံးရရှိသူ ကျောင်းသူကျောင်းသား ၁၀ ဦးကို ပဏာမရွေးချယ်ကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၃ ရက်က ဆန်ခါတင်အဆင့် ပြိုင်ပွဲဝင်ငါးဦးကို ရေးဖြေနှုတ်ဖြေစစ်ဆေးမှုဖြင့် ထပ်မံစိစစ်ရွေးချယ်ခဲ့ရာ ယင်းဆန်ခါတင် ပြိုင်ပွဲဝင် ငါးဦးအနက်မှ သုံးဦးကို ရွေးချယ်ခဲ့ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံကိုယ်စားပြု၍ ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံစီမှ အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း ကျောင်းသူကျောင်းသားများကို နိုင်ငံအလိုက် သုံးဦးစီဖြင့် ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင် အာဆီယံ ၁၀ နိုင်ငံအနက် ဖိလစ်ပိုင်နိုင်ငံမှ အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ယှဉ်ပြိုင်ခြင်း မရှိခဲ့ကြောင်း၊ ကျောင်းသူ ကျောင်းသားများ အာဆီယံဗဟုသုတများ ပြည့်စုံကြွယ်ဝစေရန်၊ အာဆီယံနိုင်ငံသားများအဖြစ် ဂုဏ်ယူတတ်စေရန်နှင့် အာဆီယံလူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန် အဓိကရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပပြီး ပထမနေ့တွင် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အာဆီယံနိုင်ငံများရှိ ပြန်ကြားရေးဆပ်ကော်မတီ (SCI) အသီးသီးမှ တာဝန်ရှိသူများ၊ ကြီးကြပ်သူ ဆရာဆရာမများအပါအဝင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများစုပေါင်း၍ အကြိုညှိနှိုင်း အစည်းအဝေးပြုလုပ်ခြင်း၊ အစမ်းလေ့ကျင့်ခြင်းများကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ခဲ့ပြီး ဒုတိယနေ့တွင် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲအား စတင်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အာဆီယံဆိုင်ရာ ဗဟုသုတများကို နိုင်ငံအသီးသီးမှ ကျောင်းသားကျောင်းသူများက အလှည့်တစ်လှည့်လျှင် နှစ်ကြိမ်နှုန်းဖြင့် အလှည့်သုံးလှည့် ယှဉ်ပြိုင်ကြပြီး Social Program အနေဖြင့် နိုင်ငံအသီးသီးရှိ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရေး၊ အာဆီယံနိုင်ငံများအကြောင်း ပိုမိုသိရှိနားလည်လာစေရေး ရည်ရွယ်၍ ချစ်ကြည်ရေးကစားပွဲအား ဆက်လက်ကျင်းပခဲ့ရာ ယနေ့မွန်းလွဲ ၃ နာရီတွင် ပြိုင်ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲသည် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဖြစ်သည့် (ASEAN-COCI) ၏ စီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၀၂ ခုနှစ်မှ စတင်၍ နှစ်နှစ်လျှင်တစ်ကြိမ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျကျင်းပလျက်ရှိရာ ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံနှင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်းနှင့် (၁၀) ကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) 10th ASEAN Quiz (Regional Level) ကို ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ***ရှေ့ဖုံးမှ***

အသွားအလာကန့်သတ်မှု ၇ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာ သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ကသာမြို့နယ်တွင် မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**ကသာ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်၏ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်(CERP)အရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာဖြစ်သည့် လမ်းခွကျေးရွာတွင် မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၂၀) ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၄ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်သန်း၊ မြို့နယ် ဦးစီးမှူး (လ/ထ)ညွှန်ကြားရေးမှူး ဦးစိုးသန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဝင်းထွန်းနှင့် ဌာနဆိုင်ရာများ တက်ရောက် ခဲ့သည်။သင်တန်းကာလမှာ ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး အများအပြားထုတ်လုပ်ရန် ပြင်ဆင်လျက်ရှိ



တရုတ်နိုင်ငံ အလယ်ပိုင်းဟူပေပြည်နယ် ဝူဟန်မြို့တွင် ကိုဗစ် -၁၉ ကာကွယ်ဆေး စမ်းသပ်ထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

ပေကျင်း ဒီဇင်ဘာ ၁၇

**တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး အများအပြားထုတ်လုပ်ရန် ပြင်ဆင်ထားကြောင်း အမျိုးသားကျန်းမာရေးကော်မရှင် (အင်န်အိတ်ချ်စီ) ကတာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။**

ကာကွယ်ဆေးတစ်ခုကို အကဲဖြတ်ရာတွင် ဘေးကင်းမှု၊ ဆေးစွမ်းထက်မှု၊ အသုံးပြုခွင့်ရရှိခြင်းနှင့် သင့်တင့်မျှတခြင်း စသည့်အချက်များသည် အရေးကြီးဆုံးဖြစ်ကြောင်း အင်န်အိတ်ချ်စီမှ တာဝန်ရှိသူ ဇန်ကျုံးဝေက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံတွင် ကာကွယ်ဆေး ၁၅ မျိုးမှာ လက်တွေ့စမ်းသပ်မှုအဆင့်သို့ ရောက်ရှိနေပြီး ယင်းတို့အနက် ကာကွယ်ဆေးငါးမျိုးမှာ လက်တွေ့စမ်းသပ်မှု အဆင့်-၃ သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကိုဗစ် - ၁၉ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုအဆင့်-၃ ကို သိပ္ပံနည်းကျနှင့် တင်းတင်းကျပ်ကျပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဥပဒေများ၊ စည်းမျဉ်းများဖြင့် ကြပ်ကြပ်မတ်မတ်လုပ်ဆောင်လျက်ရှိပြီး သုံးသပ်ခြင်းနှင့် ခွင့်ပြုခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများသည် လုံခြုံစိတ်ချရပြီး အစွမ်းထက်ကြောင်း ဇန်က ပြောသည်။

တရုတ်နိုင်ငံတွင် ကူးစက်ရောဂါကို ထိရောက်စွာ ထိန်းချုပ်ထားနိုင်ပြီဖြစ်သဖြင့် လက်တွေ့စမ်းသပ်မှု အဆင့်-၃ ဆောင်ရွက်ရမည့် အခြေအနေမရှိတော့ကြောင်းနှင့် လက်တွေ့စမ်းသပ်မှုများကို ပြည်ပနိုင်ငံများတွင် သွားရောက်ဆောင်ရွက်ရာတွင် အချို့သော အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ရကြောင်း ဇန်က ဆက်လက်ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဇွန်လတွင် အရေးပေါ်အသုံးပြုနိုင်ရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

---

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့မှုရှိခဲ့ပြီးနောက် သီးသန့်ခွဲခြားနေထိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ကိုဗစ်-၁၉ ကူးစက်ခံရသူနှင့် ထိတွေ့မှုရှိခဲ့ပြီးနောက် အသွားအလာကန့်သတ်စောင့်ကြည့်နေထိုင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

မိုက်ပွန်ပီအို၏ ကိုဗစ်-၁၉ စစ်ဆေးမှုတွင် ကိုဗစ်-၁၉ မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

မိုက်ပွန်ပီအိုနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ထမ်းများသည် ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း အားလပ်ရက် ပါတီပွဲများ ကျင်းပပြုလုပ်ခဲ့သဖြင့် အမေရိကန်မီဒီယာများက ဝေဖန်ပြောကြားထားကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ဗဟိုဥရောပစံတော်ချိန် ဒီဇင်ဘာ ၁၆ ရက် ၁၇ နာရီ ၅၁ မိနစ်အထိ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၇၂၁၉၆၇၃၂ ဦး ရှိခဲ့ပြီး သေဆုံးသူ ၁၆၃၀၅၂၁ ဦး ရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်လိုက်သည့် ကိန်းဂဏန်းအချက်အလက်များအရ ပေကျင်းစံတော်ချိန် ဒီဇင်ဘာ ၁၇ ရက် ၆ နာရီ ၂၇ မိနစ်အထိ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၇၃၉၉၂၈၁၄ဦးနှင့် သေဆုံးသူ ၁၆၄၅၁၃၆ ဦးရှိသည်။

အမေရိကန်နိုင်ငံသည် တစ်ကမ္ဘာလုံးတွင် ကပ်ရောဂါအခြေအနေ အဆိုးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စုစုပေါင်းအတည်ပြုလူနာ ၁၆၉၀၈၃၀၇ ဦး ရှိလာခဲ့ပြီး သေဆုံးသူ ၃၀၆၆၇၁ ဦးရှိလာခဲ့သည်။

**ဆင်ဟွာ**

---

## ပြင်သစ်နိုင်ငံတွင် ဒီဇင်ဘာလနောက်ဆုံးပတ်မှစကာ ကာကွယ်ဆေးများ ထိုးနှံပေးမည်

**ပါရီ ဒီဇင်ဘာ ၁၇**

ပြင်သစ်နိုင်ငံတွင် ဒီဇင်ဘာလ နောက်ဆုံးပတ်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေးသစ်များ စတင်ထိုးနှံပေးမည့် ပထမအဆင့်လုပ်ငန်းကို စတင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံဝန်ကြီးချုပ် ယောန်ကက်စ်တက်က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားလိုက်သည်။

ဥရောပဆေးဝါး ထိန်းချုပ်ရေးဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ပထမအသုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးသစ်ကို ဈေးကွက်သို့ တင်သွင်းခွင့်ပြုမည်ဆိုပါက ပြင်သစ်နိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးမည့် လုပ်ငန်းကို စတင်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယောန်ကက်စ်တက်က ဒီဇင်ဘာ ၁၆ ရက် လွှတ်တော်မိန့်ခွန်းတွင် ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အများစုက နှစ်ကြိမ်ထိုးသွင်းရသဖြင့် ပြင်သစ်နိုင်ငံသည် ကာကွယ်ဆေးပေါင်း သန်း ၂၀၀ ကို စုဆောင်းရန် စီစဉ်ထားရှိပြီး လူပေါင်းသန်း ၁၀၀ ကို ကာကွယ်ဆေး ထိုးပေးနိုင်မည်ဖြစ်ကြောင်း၊ အစိုးရက ထုတ်ပြန်ခဲ့သော ကာကွယ်ဆေးထိုးနှံသည့် မဟာဗျူဟာအရ ပထမအဆင့်တွင် ဘိုးဘွားရိပ်သာများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများကို ဦးစွာထိုးနှံပေးမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်တွင် အိမ်တွင်းနေထိုင်သည့် သက်ကြီးရွယ်အိုများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ကာကွယ်ဆေး ထိုးပေးမည်ဖြစ်ကြောင်း၊ တတိယအဆင့်တွင် နွေဦးကာလကုန်ဆုံးချိန်အထိ စောင့်ဆိုင်းပြီး လူများအားလုံးကို ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ကာကွယ် ထိုးနှံပေးခြင်းသည် ကပ်ရောဂါပြီးဆုံးသွားသည် မဟုတ်ကြောင်း ယောန်ကက်စ်တက်က သတိပေး ပြောကြားခဲ့ပြီး ကပ်ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများအနေဖြင့် အနည်းဆုံးလာမည့် နွေရာသီအချိန်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**



ပြင်သစ်ဝန်ကြီးချုပ် ယောန်ကက်စ်တက်ကို တွေ့ရစဉ်။

---

## ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ငွေကျည်ဆန် မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ ဒီဇင်ဘာ ၁၇**

ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေခြင်းက ပုံမှန်ဘဝအခြေအနေကို မကြာမီ ပြန်ရောက်စေတော့မည် ဆိုသည့် သတင်းများနှင့် ပတ်သက်ပြီး လက်တွေ့ကျ၊ မကျဆိုသည့်အချက်သည် အရေးကြီးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရာရှိများက သတိပေး ပြောကြားလိုက်သည်။ တချို့အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်မှုများ တိုးလာနေစဉ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပစိဖိတ်အနောက်ပိုင်းဒေသ ခေါင်းဆောင်က သတင်းထောက်များ ကို ဒီဇင်ဘာ ၁၇ ရက်က ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။





ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးကို တွေ့ရစဉ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပစိဖိတ်အနောက်ပိုင်းဒေသ ညွှန်ကြားရေးမှူး ကာဆိုင်းတာကီရှိက ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် မကြာတော့သော အနာဂတ်ကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်ပေးမည့် ငွေကျည်ဆန်များ မဟုတ်ကြောင်း ပြောကြားလိုက်သည်။ ဘေးကင်းလုံခြုံစိတ်ချရပြီး အစွမ်းထက် ထိရောက်သည့် ကာကွယ်ဆေး တိုးတက်ထုတ်လုပ်ခြင်းက တစ်ခု၊ ကာကွယ်ဆေးများကို လုံလုံလောက်လောက် ထုတ်လုပ်ပြီး လိုအပ်နေသူများထံ ရောက်ရှိအောင် လုပ်ဆောင်ခြင်းက တခြားဟု ၎င်းက ပြောကြားလိုက်သည်။ ကာကွယ်ဆေးထုတ်လုပ်ဖြန့်ဝေခြင်းလုပ်ငန်းများကို စတင်နေသော်လည်း တန်းတူညီမျှဖြန့်ဝေပေးနိုင်ရန် အချိန်တစ်ခု ကြာဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုလအစောပိုင်းတွင် တရုတ်နိုင်ငံ ဆီနိုဗက်ဘိုင်အိုတက်ချ်မှ ကာကွယ်ဆေးများကို ရရှိမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် ဖိုက်ဇာဘိုင်အိုအင်န်တက်ချ်ကာကွယ်ဆေးကို ရရှိရန် သဘောတူထားပြီးဖြစ်သည်။ ယခုနှစ်ကုန်တွင် ရှေ့တန်းကျန်းမာရေးဝန်ထမ်းများနှင့် အသက်အန္တရာယ်ကြုံတွေ့နိုင်သည့် လူများအတွက် ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ တခြားသူများအတွက် ကာကွယ်ဆေးရရှိရန် တစ်နှစ် နှစ်နှစ်ခန့်စောင့်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ကူးစက်မှုသည် ငယ်ရွယ်သူများကြားတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသော်လည်း သေဆုံးသူအများစုမှာ သက်ကြီးပိုင်းများဖြစ်ကြောင်း ထောက်ပြပြောကြားခဲ့သည်။

ကာဆိုင်းက လူငယ်များအနေဖြင့် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆောင်ရွက်ချက်များအပေါ် ပင်ပန်းမှုများခံစားလာရပြီး လာမည့်အားလပ်ရက်များတွင် ၎င်းတို့၏ ခုခံကာကွယ်မှုများကို လက်လျှော့လိုက်မည်ကို စိုးရိမ်မိကြောင်း သတိပေးပြောကြားလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါလက္ခဏာမပြသော လူငယ်များထံမှ ၎င်းတို့၏ ချစ်ခင်ရသော ဘိုးဘိုးဘွားဘွား များထံ ကိုဗစ်-၁၉ ပိုးကူးစက်နိုင်ကြောင်းကိုလည်း ၎င်းက ဆက်လက် သတိပေးလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# Stay at home အစီအစဉ်တွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှ အဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁၀၄၄ | 11001.31.1.2.344 | ဦးစိုးညွန့်(ပီပါခွဲ) | ၃ | ၇၂,၀၀၀.၀၀ |
| ၁၀၄၅ | 11001.31.1.2.358 | ဦးသိန်းအေး (သံရည်ကျို) | ၄ | ၈၀,၀၀၀.၀၀ |
| ၁၀၄၆ | 11001.31.2.2.124 | ပြုံးပန်းဝေ တည်းခိုခန်း | ၆ | ၁၂၀,၀၀၀.၀၀ |
| ၁၀၄၇ | 11001.31.2.2.125 | အောင်ကျော်ကျော် (သစ်စက်) | ၃ | ၆၀,၀၀၀.၀၀ |
| ၁၀၄၈ | 11001.31.2.2.139 | ထွန်းအောင်(ပရိဘောဂ) | ၃ | ၁၈၀,၀၀၀.၀၀ |
| ၁၀၄၉ | 11001.31.2.2.142 | ကျော်လျှပ်စစ်ပစ္စည်း | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၁၀၅၀ | 11001.31.2.2.172 | ပုလဲဖြူဟိုတယ် | ၅ | ၂၈၈,၀၀၀.၀၀ |
| ၁၀၅၁ | 11001.31.4.2.9 | Vivo Myanmar Smart Phone | ၇ | ၃၂၀,၀၀၀.၀၀ |
| ၁၀၅၂ | 11001.31.5.2.19 | မဟာလင်းထက် (အိမ်အလှဆင်ရောင်းဝယ်ရေး) | ၁ | ၃၂,၀၀၀.၀၀ |
| ၁၀၅၃ | 11001.31.6.2.3 | ဝင်းရတနာဝပ်ရှော့ | ၃ | ၁၉၂,၀၀၀.၀၀ |
| ၁၀၅၄ | 11001.31.6.2.49 | I Care Co,ltd | ၁ | ၁၀၀,၀၀၀.၀၀ |
| ၁၀၅၅ | 11001.31.7.2.26 | ဦးကျော်ရွှေကော်ဖြတ်စလုပ်ငန်း | ၅ | ၁၂၀,၀၀၀.၀၀ |
| ၁၀၅၆ | 11001.31.7.2.33 | U Hub Maw Family Group Co,ltd | ၁၈ | ၁,၃၃၅,၂၀၀.၀၀ |
| ၁၀၅၇ | 11001.31.8.2.2 | Cotto ကြွေပြားလုပ်ငန်း | ၅ | ၃၁၀,၄၀၀.၀၀ |
| ၁၀၅၈ | 11001.31.8.2.3 | Mobile king (Samung Showroom) | ၃ | ၂၃၆,၀၀၀.၀၀ |
| ၁၀၅၉ | 11001.31.8.2.9 | We Mon အထည်ချုပ်နှင့်စက်ပန်းထိုး | ၅ | ၂၈၈,၀၀၀.၀၀ |
| ၁၀၆၀ | 11001.31.8.2.10 | AgrocorpTVS Mawlamyine | ၇ | ၄၈၀,၀၀၀.၀၀ |
| ၁၀၆၁ | 13033.310.7.2.92 | Tosco Myanmar Co., Ltd. | ၅၆ | ၅,၁၇၂,၀၀၀.၀၀ |
| ၁၀၆၂ | 10002.32.6.2.28 | Brightex Family Co,.Ltd | ၂ | ၁၁၅,၂၀၀.၀၀ |
| ၁၀၆၃ | 11001.31.5.2.29 | Unlimit Channel | ၁ | ၆၀,၀၀၀.၀၀ |
| ၁၀၆၄ | 13001.37.2.2.176 | Shinsung Tongsang ( ရှုံးချုပ် ) | ၄ | ၄၅၉,၀၀၀.၀၀ |
| ၁၀၆၅ | 13003.311.7.2.4 | GBL Bags Factory | ၁ | ၅၉,၅၂၀.၀၀ |
| ၁၀၆၆ | 13007.312.7.2.15 | Hui Jier Inspection Center | ၁ | ၅၇,၆၀၀.၀၀ |
| ၁၀၆၇ | 13009.34.1.2.32 | Lighting Specialist Co.,ltd | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၀၆၈ | 13009.34.1.2.129 | Myanmar Starlit International Ltd | ၃ | ၂၅၂,၀၀၀.၀၀ |
| ၁၀၆၉ | 13009.34.2.2.107 | Myanmar Ganad Advertising | ၈ | ၈၀၀,၀၀၀.၀၀ |
| ၁၀၇၀ | 13009.34.3.2.111 | GEO TECHNICS MYANMAR CO.,LTD | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၀၇၁ | 13009.34.3.2.138 | SPICEWORKS MYANMR CO.,LTD | ၅ | ၄၂၄,၀၀၀.၀၀ |
| ၁၀၇၂ | 13009.34.4.2.104 | Advancelab Scientific & Engineering Co.,Ltd | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၀၇၃ | 13009.34.4.2.117 | Hyper Power Co.,ltd | ၈ | ၇၃၆,၀၀၀.၀၀ |
| ၁၀၇၄ | 13009.34.4.2.123 | Chris Ho Co.,Ltd | ၁ | ၉၆,၀၀၀.၀၀ |
| ၁၀၇၅ | 13009.34.5.2.60 | BOD Technology Co.,Ltd | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၀၇၆ | 13009.34.6.2.79 | Red Grapes Co.Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၀၇၇ | 13009.34.7.2.72 | Asia Time Co,Ltd | ၆ | ၄၈၀,၀၀၀.၀၀ |
| ၁၀၇၈ | 13009.34.7.2.95 | Chubb Life Co,Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၀၇၉ | 13009.34.7.2.123 | Professional Ground Engineering Co.,Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၀၈၀ | 13009.34.7.2.132 | Bx Marketing Service Co.,Ltd | ၂ | ၁၄၄,၀၀၀.၀၀ |
| ၁၀၈၁ | 13009.34.7.2.142 | Move Everything Co.,Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၀၈၂ | 13009.34.8.2.3 | Hotel Yamaman Co.,Ltd | ၂ | ၂၃၂,၀၀၀.၀၀ |
| ၁၀၈၃ | 13009.34.8.2.35 | STL Co.,Ltd | ၁ | ၅၇,၆၀၀.၀၀ |
| ၁၀၈၄ | 13019.32.1.2.177 | Diamond Island ပလတ်စတစ် | ၁ | ၅၇,၆၀၀.၀၀ |
| ၁၀၈၅ | 13019.32.1.2.231 | National Wood သစ်အချောထည် | ၁ | ၆၀,၀၀၀.၀၀ |
| ၁၀၈၆ | 13019.32.2.2.206 | Myanmar Silver Spring | ၁ | ၅၇,၆၀၀.၀၀ |
| ၁၀၈၇ | 13019.32.2.2.212 | Proven International | ၂ | ၁၈၀,၀၀၀.၀၀ |
| ၁၀၈၈ | 13019.32.3.2.126 | AIDS Healthcare Foundation | ၄ | ၄၅၉,၂၃၂.၀၀ |
| ၁၀၈၉ | 13019.32.4.2.27 | Kyaw Chan Thar | ၂ | ၁၇၂,၀၀၀.၀၀ |
| ၁၀၉၀ | 13019.32.4.2.45 | Winner Power International | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၀၉၁ | 13019.32.4.2.56 | Aster DEG Myanmar | ၆ | ၄၇၂,၀၀၀.၀၀ |
| ၁၀၉၂ | 13019.32.6.2.10 | Hanki International | ၂ | ၁၁၅,၂၀၀.၀၀ |
| ၁၀၉၃ | 13019.32.6.2.61 | JI Industries Myanmar | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၀၉၄ | 13019.32.6.2.71 | Beyond Way Co.,ltd | ၃ | ၂၈၀,၀၀၀.၀၀ |
| ၁၀၉၅ | 13019.32.7.2.84 | Biodent Myanmar Co.,ltd | ၁ | ၇၂,၀၀၀.၀၀ |
| ၁၀၉၆ | 13019.32.7.2.114 | Belink (Myanmar) Technology Co.,ltd | ၂ | ၁၁၅,၂၀၀.၀၀ |
| ၁၀၉၇ | 13023.314.8.2.2 | KALBE MYANMAR COMPANY LIMITED | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၀၉၈ | 13033.35.1.2.77 | မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၀၉၉ | 13033.35.1.2.263 | IEM Co., Ltd. | ၁ | ၇၂,၀၀၀.၀၀ |
| ၁၁၀၀ | 13033.35.7.2.19 | Asia Myanmar Shining Star Investment Co., Ltd. | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၀၁ | 13033.36.2.2.189 | Meridian Shipping Management Services Ltd(U$) | ၁ | ၇၉,၈၀၀.၀၀ |
| ၁၁၀၂ | 13033.36.2.2.192 | HITACHI ASIA .,LTD | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၀၃ | 13033.36.2.2.216 | အာဇင်တင်းလီမိတက် | ၁ | ၁၀၀,၀၀၀.၀၀ |
| ၁၁၀၄ | 13033.36.2.2.330 | မဟာနန္ဒာ ကုမ္ပဏီ | ၂ | ၁၁၅,၂၀၀.၀၀ |
| ၁၁၀၅ | 13033.36.5.2.51 | Greenhub Service | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၁၀၆ | 13033.310.1.2.6 | P.A.G Co.,ltd | ၃ | ၂၉၄,၀၀၀.၀၀ |
| ၁၁၀၇ | 13033.310.1.2.661 | Global Travel Service Co.,ltd | ၁ | ၈၀,၀၀၀.၀၀ |
| ၁၁၀၈ | 13033.310.3.2.10 | Coca-Cola Limited | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၁၀၉ | 13033.310.4.2.11 | EBP Incorporation (Myanmar Branch) | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၁၀ | 13033.310.4.2.140 | Successmore Being Yangon Trading Co.,Ltd | ၁၁ | ၉၅၀,၆၀၀.၀၀ |
| ၁၁၁၁ | 13033.310.5.2.48 | Eindra Store | ၂ | ၁၁၅,၂၀၀.၀၀ |
| ၁၁၁၂ | 13033.310.5.2.92 | 5 PIXELS COMPANY LIMITED | ၇ | ၆၉၇,၆၀၀.၀၀ |
| ၁၁၁၃ | 13033.310.5.2.93 | 5 PIXELS COMPANY LIMITED | ၆ | ၄၃၀,၄၀၀.၀၀ |
| ၁၁၁၄ | 13033.310.6.2.56 | MASS LOG (MYANMAR) CO., LTD. | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၁၅ | 13033.310.7.2.15 | SOUTHERN CABLE Co., Ltd. | ၁ | ၈၄,၀၀၀.၀၀ |
| ၁၁၁၆ | 13037.39.1.2.26 | မြန်မာပဒုမ္မာကုမ္ပဏီလီမိတက် | ၂ | ၈၄,၀၀၀.၀၀ |
| ၁၁၁၇ | 13037.39.1.2.55 | Ta Fa Trading | ၄ | ၃၄၄,၀၀၀.၀၀ |
| ၁၁၁၈ | 13037.39.1.2.66 | Mother Trading Co.,Ltd | ၅ | ၂၀၀,၀၀၀.၀၀ |
| ၁၁၁၉ | 13037.39.3.2.127 | MK Lifestyle Co.,Ltd | ၅ | ၃၇၃,၄၂၄.၄၀ |
| ၁၁၂၀ | 13037.39.3.2.169 | Mega Resources Co | ၂ | ၁၂၄,၀၀၀.၀၀ |
| ၁၁၂၁ | 13037.39.4.2.83 | Sanctuary Retreats Myanmar Limited | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၂၂ | 13037.39.5.2.20 | Zhulian Enterprise (Myanmar)Co.,Ltd | ၁ | ၈၈,၀၀၀.၀၀ |
| ၁၁၂၃ | 13037.39.5.2.53 | CSKM Global Education Center Limited | ၁ | ၈၈,၀၀၀.၀၀ |
| ၁၁၂၄ | 13037.39.5.2.83 | Hong Sa Telecom Co,Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၂၅ | 13037.39.5.2.97 | Digital Focus Co.,Ltd | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၁၂၆ | 13037.39.6.2.71 | Golden Express Tours Co,ltd | ၂ | ၁၄၀,၀၀၀.၀၀ |
| ၁၁၂၇ | 13037.39.7.2.26 | National Tower Development Company Limited | ၁ | ၈၈,၀၀၀.၀၀ |
| ၁၁၂၈ | 13037.39.7.2.52 | Khant Shwe Pyi | ၁ | ၆၀,၀၀၀.၀၀ |
| ၁၁၂၉ | 13037.39.7.2.103 | Majestry Family International Co.,Ltd | ၇ | ၄၂၀,၀၀၀.၀၀ |
| ၁၁၃၀ | 13037.39.7.2.136 | SMGF Company | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၃၁ | 13037.39.8.2.17 | Brilliont Star Int'l Co.,Ltd | ၃ | ၂၀၀,၀၀၀.၀၀ |
| ၁၁၃၂ | 13041.33.1.2.579 | Earth Computer System Co,Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၃၃ | 13041.38.2.2.190 | မြန်မာအတ္တလန်တစ်ကုမ္ပဏီ | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၃၄ | 13041.38.4.2.102 | Japan Outsourcing Service | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၁၃၅ | 13041.38.5.2.38 | MGS Lubricant Co.Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၁၃၆ | 13041.38.6.2.96 | Myanmar Paradign Health | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၃၇ | 13041.38.7.2.181 | Pacific Healthcare Co.,Ltd | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၁၃၈ | 13008.313.1.2.692 | အာကာဦး ကုမ္ပဏီ | ၆ | ၃၆၈,၀၀၀.၀၀ |
| ၁၁၃၉ | 13008.313.3.2.36 | YoungXinRubber Industries Co,Ltd | ၄ | ၂၃၀,၄၀၀.၀၀ |
| ၁၁၄၀ | 13008.313.3.2.138 | Myanmar TML Limited | ၉ | ၁,၀၈၀,၀၀၀.၀၀ |
| ၁၁၄၁ | 13008.313.1.2.157 | Beauty Waves | ၄ | ၂၃၀,၄၀၀.၀၀ |
| ၁၁၄၂ | 13008.313.2.2.169 | TIAN YU INTERNATIONAL CO.,LTD | ၅၂ | ၃,၀၉၅,၀၄၀.၀၀ |
| ၁၁၄၃ | 13008.313.7.2.145 | Hige Fashion Accessories Myanmar Co.,Ltd | ၁၃၈ | ၈,၂၁၃,၇၆၀.၀၀ |
| ၁၁၄၄ | 7001.39.1.2.15 | ထိပ်တန်း1 စတိုး | ၉ | ၁၈၀,၀၀၀.၀၀ |
| ၁၁၄၅ | 7001.39.1.2.22 | ဇော်ဝင်းစာအုပ်ဆိုင် | ၁၀ | ၂၀၀,၀၀၀.၀၀ |
| ၁၁၄၆ | 7001.39.1.2.45 | သီရိစတိုး | ၈ | ၁၇၆,၀၀၀.၀၀ |
| ၁၁၄၇ | 7001.39.1.2.161 | Stellar Power House | ၁၇ | ၉၇၉,၂၀၀.၀၀ |
| ၁၁၄၈ | 7001.39.1.2.231 | ယုန်ညီနောင်ဆေးလိပ် | ၁၀ | ၃၂၀,၀၀၀.၀၀ |
| ၁၁၄၉ | 7001.39.1.2.292 | သိန်းသန်းဇော်သစ်စက် | ၂ | ၄၀,၀၀၀.၀၀ |
| ၁၁၅၀ | 7001.39.1.2.297 | ကိုအောင်ဆွေသာ ဆီပန့် | ၂ | ၄၀,၀၀၀.၀၀ |
| ၁၁၅၁ | 7001.39.2.2.15 | မြင်းကျားလျှပ်စစ်အရောင်းခန်းမ | ၄ | ၈၀,၀၀၀.၀၀ |
| ၁၁၅၂ | 7001.39.7.2.2 | ရွှေဥသာ မုန့်တိုက် | ၉ | ၂၅၂,၀၀၀.၀၀ |
| ၁၁၅၃ | 7001.39.7.2.15 | ကြီးဖိုးသား ကြက်ဆီထမင်းဆိုင် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၁၅၄ | 10002.32.1.2.221 | Hotel Mandalay | ၁၂၉ | ၈,၀၄၄,၀၀၀.၀၀ |
| ၁၁၅၅ | 10002.32.1.2.691 | Royal ဖိနပ်ဆိုင် | ၈ | ၁၉၂,၀၀၀.၀၀ |
| ၁၁၅၆ | 10002.32.1.2.693 | Sweety ဇာဘော်လီ | ၁၀ | ၃၀၀,၀၀၀.၀၀ |
| ၁၁၅၇ | 10002.32.1.2.801 | Ninja Co.,Ltd | ၃၁ | ၁,၇၉၈,၀၀၀.၀၀ |
| ၁၁၅၈ | 10002.32.1.2.888 | မန်းသီရိတေးသံသွင်း | ၁၂ | ၄၈၀,၀၀၀.၀၀ |
| ၁၁၅၉ | 10002.32.1.2.998 | Aqualand Co,Ltd | ၂၆ | ၁,၇၅၉,၂၀၀.၀၀ |
| ၁၁၆၀ | 10002.32.1.2.1441 | စိမ်းမြရတနာပန်းတိမ် | ၄ | ၄၈,၀၀၀.၀၀ |
| ၁၁၆၁ | 10002.32.2.2.17 | Aung Gyi Soe Hotel | ၂၃ | ၉၂၄,၂၁၂.၀၀ |
| ၁၁၆၂ | 10002.32.2.2.19 | Royal ဖိနပ်ဆိုင် | ၅ | ၁၂၀,၀၀၀.၀၀ |
| ၁၁၆၃ | 10002.32.2.2.147 | ASSC | ၇ | ၅၂၀,၀၀၀.၀၀ |

*ဆက်လက်ဖော်ပြပါမည်*

## ဒီတစ်ပွဲလေး နွှဲလိုက်ချင်တာနဲ့ပဲ နောင်အနာဂတ်အတွက် ကိုယ့်အကျိုးဆုတ်ယုတ်နိုင်တဲ့ ကိစ္စတွေကို မဖြစ်စေချင်



ကျန်းမာရေးပညာပေးနဲ့ ပတ်သက်လို့တော့ ကျွန်မတို့ ထပ်တလဲလဲပြောနေတယ်ဆိုတာ ပြည်သူတွေလည်း သိပြီးသားတော့ ဖြစ်ပါလိမ့်မယ်။ Mask ကတော့ အမြဲတပ်ပါ၊ လက်ဆေးတာကိုတော့ သေသေချာချာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့ ကိုက်ညီအောင်လို့ သေသေချာချာဆေးကြပါ၊ နောက်ပြီး တစ်ယောက်နဲ့တစ်ယောက် ၆ ပေအနည်းဆုံး ကွာအောင်နေကြပါ၊ မလိုအပ်ဘဲနဲ့ အပြင်ကိုမထွက်ပါနဲ့၊ အထူးသဖြင့် အခုအချိန်မှာ အပြင်ကို မထွက်ပါနဲ့။ နှစ်သစ်ကူးလာတော့မယ့်အချိန်၊ ခရစ္စမတ်ကာလ လာတော့မယ့်အချိန် အဲဒီအချိန်မှာ အပြင်မှာ ထွက်ပြီးတော့ ဒီတစ်ခါလေးတော့ တစ်ပွဲနွှဲလိုက်ပါဦးမယ်ဆိုတဲ့စိတ်နဲ့မနွှဲပါနဲ့။ ဒီတစ်ပွဲလေး နွှဲလိုက်ချင်တာနဲ့ပဲ နောင် အနာဂတ်အတွက် ကိုယ့်အကျိုးဆုတ်ယုတ်နိုင်တဲ့ ကိစ္စတွေကို မဖြစ်စေချင်ပါဘူး။ ပြည်သူတွေ အကျိုးဆုတ်ယုတ်တယ်ဆိုရင် နိုင်ငံအကျိုး ဆုတ်ယုတ်တာပါပဲ။ ဒါကြောင့် ဒီအချိန်မှာတော့ အထူးသတိထားစေချင်ပါတယ်။ ထိန်းသိမ်းစေချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

### ၁၇-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၃၉၅၇၂၇ | ၁၀၁၇၄၈၃၃ | ၃၁၄၆၂၉ |
| ၂။ | အိန္ဒိယ | ၉၉၅၁၉၆၂ | ၉၄၈၉၇၀၃ | ၁၄၄၄၉၅ |
| ၃။ | ဘရာဇီး | ၇၀၄၂၆၉၅ | ၆၁၃၂၆၈၃ | ၁၈၃၈၂၂ |
| ၄။ | ရုရှား | ၂၇၆၂၆၆၈ | ၂၂၀၂၅၄၀ | ၄၉၁၅၁ |
| ၅။ | ပြင်သစ် | ၂၄၀၉၀၆၂ | ၁၈၀၃၁၁ | ၅၉၃၆၁ |
| ၆။ | တူရကီ | ၁၉၂၈၁၆၅ | ၁၆၉၁၁၁၃ | ၁၇၁၂၁ |
| ၇။ | ဗြိတိန် | ၁၉၁၃၂၇၇ | စိစစ်ဆဲ | ၆၅၅၂၀ |
| ၈။ | အီတလီ | ၁၈၈၈၁၄၄ | ၁၁၇၅၉၀၁ | ၆၆၅၃၇ |
| ၉။ | စပိန် | ၁၇၈၂၅၆၆ | စိစစ်ဆဲ | ၄၈၅၉၆ |
| ၁၀။ | အာဂျင်တီးနား | ၁၅၁၇၀၄၆ | ၁၃၄၇၉၁၄ | ၄၁၃၆၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇–၁၂–၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၄၃၅၀၈ | ၅၂၆၉၇၉ | ၁၉၃၉၀ |
| ဖိလစ်ပိုင် | ၄၅၄၄၄၇ | ၄၁၉၉၀၂ | ၈၈၅၀ |
| မြန်မာ | ၁၁၃၀၈၂ | ၉၁၅၃၇ | ၂၃၇၇ |
| မလေးရှား | ၈၉၁၃၃ | ၇၄၀၃၀ | ၄၃၂ |
| စင်ကာပူ | ၅၈၃၇၇ | ၅၈၂၃၈ | ၂၉ |
| ထိုင်း | ၄၂၈၁ | ၃၉၈၉ | ၆၀ |
| ဗီယက်နမ် | ၁၄၀၇ | ၁၂၆၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၂ | ၃၂၄ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၈ | ၃ |
| လာအို | ၄၁ | ၃၆ | ၀ |

● *ကျောဖုံးမှ*

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၁၇–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၃,၁၈၈) ဦး | (၁,၅၂၇,၀၃၇) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၈၂) ဦး | (၁၁၃,၀၈၂) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၈၄) ဦး | (၉၁,၅၃၇) ဦး |
| သေဆုံးလူနာ | (၃၁) ဦး | (၂,၃၇၇) ဦး |

- ယနေ့ **သေဆုံးသူ (၃၁) ဦး** မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၁) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၈၄) ဦးတွင်–
    - o ပြည်သူ့ဆေးရုံများ – (၆၁၁) ဦး
    - o COVID–19 ရောဂါကုသရေးဌာနများ(ရန်ကုန်မြို့) – (၄၇၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၀၇) ဦးတွင်–
    - o Hotel Quarantine – (၃၃၅) ဦး
    - o Facility Quarantine – (၁၅၇) ဦး
    - o Community Based Facility Quarantine – (၅၆၅) ဦး
    - o Anosmia Center – (၅၀) ဦး

    ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

**ဒစ်ဂျစ်တယ် နည်းပညာဖြင့် e-Commerce စနစ်ကို အသုံးပြု၍ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လက်တွေ့ရောင်းချ၊ ဝယ်ယူမှုအခြေအနေနှင့် ပတ်သက်ပြီး ဗဟုသုတ မျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**



**အစီအစဉ်မှူး ။ ။** မိုရိုးဖလာစီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နေရင်းက ဒစ်ဂျစ်တယ် နည်းပညာဖြစ်တဲ့ e-Commerce စနစ်နဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဘယ်လိုလက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သလဲဆိုတဲ့ အကြောင်းအရာတွေကို ဆွေးနွေးမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ယနေ့ဆွေးနွေးပွဲတွင် Flexible Pass မှ Founder & CEO ဦးထက်အောင်လတ်(Sully)နဲ့ ဒစ်ဂျစ်တယ်ကဝေ အေဂျင်စီမှ အမှုဆောင်ဥက္ကဋ္ဌ ဒေါ်စန္ဒီစိန်သိဏ်းတို့က ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ e-Commerce စနစ်နဲ့ သွားမယ်ဆိုရင် ဘယ်လိုကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဒီနေရာမှာရောင်းချနိုင်တယ်ဆိုတာကို ဦးထက်အောင်လတ်(Sully)က ဆွေးနွေးမျှဝေပေးပါဦး။

**ဦးထက်အောင်လတ်(Sully) ။ ။** e-Commerce စနစ်မှာ ရောင်းချလိုတဲ့ ကုန်ပစ္စည်းတွေက သုံးမျိုး ရှိပါတယ်။ ပထမတစ်ခုက လက်နဲ့ကိုင်တွယ်လို့ရတဲ့ပစ္စည်းတွေ ဥပမာ စာအုပ်တို့၊ ဖိနပ်တို့၊ အင်္ကျီအဝတ်အစားတို့၊ လူသုံးကုန်ပစ္စည်းတွေကို ဆိုင်တွေနဲ့ အပြင်မှာရောင်းသလိုမျိုး အွန်လိုင်းကနေ၊ e-Commerce ကနေ တစ်ဆင့်ရောင်းချလို့ရပါတယ်။

ဒုတိယ တစ်ခုက ဝန်ဆောင်မှုတွေ ဖြစ်ပါတယ်။ လက်မှတ်ရောင်းတာ အပါအဝင် အခြားဝန်ဆောင်မှုတွေကို အပြင်မှာရောင်းသလိုမျိုး e-Commerce မှာ အလွယ်တကူရောင်းလို့ရပါတယ်။ တတိယတစ်ခုက တေးဂီတ၊ ဗီဒီယို၊ ဓာတ်ပုံနဲ့ အွန်လိုင်းသင်တန်းတွေကိုလည်း e-Commerce ကနေတစ်ဆင့် ရောင်းချလို့ရပါတယ်။ အဓိက ကွာခြားတာက သုံးစွဲသူတွေအနေနဲ့ e-Commerce ကနေ ဝယ်ယူခြင်းဖြင့် အပြင်မှာလို တကူးတကသွားပြီး ကြည့်နေစရာမလိုဘဲ အွန်လိုင်းကတစ်ဆင့် အလွယ်တကူရှာဖွေပြီး အသေးစိတ် အချက်အလက်တွေကို ကြည့်ရှုပြီး စိတ်ကြိုက်ဝယ်ယူရရှိနိုင်ပါတယ်။

**အစီအစဉ်မှူး ။ ။ e-Commerce စနစ်ကနေ ဈေးဝယ်မယ်ဆိုရင် ဝက်ဘ်ဆိုက်တွေကို ဝင်တဲ့အခါ သတိပြုရမယ့် ဆောင်ရန်၊ ရှောင်ရန်အချက်တွေရှိရင်လည်း ဒေါ်စန္ဒီစိန်သိဏ်းက မျှဝေပေးပါဦး။**

**ဒေါ်စန္ဒီစိန်သိဏ်း ။ ။** ဒီနေ့ခေတ်မှာ ဝယ်လို့ရတဲ့ ပစ္စည်းတွေက အတော်ကို များလာပါတယ်။ အရင်တုန်းက ပစ္စည်းတွေ လိုချင်တယ်ဆိုရင် နိုင်ငံခြားကနေ မှာယူရပါတယ်။ လူကြုံရှိရင် မှာယူရပါတယ်။ ကိုယ်တိုင်သွားယူရတာလည်း ရှိပါတယ်။ အခုဆိုရင် ကုန်ပစ္စည်းတွေကို e-Commerce အသုံးပြုပြီး အိမ်တိုင်ရာရောက် ရောက်လာတဲ့စနစ်တွေ ဖြစ်လာတယ်။

ဆောင်ရန်၊ ရှောင်ရန် ဆိုတာထက် ဒီမှာတစ်ခု စဉ်းစားရမှာက အခုအချိန် ပြည်တွင်းမှာ ရောင်းနေကြတဲ့ e-Commerce Platform တွေ ရှိတဲ့အခါ သတိထားစေချင်တဲ့ ဆောင်ရန်၊ ရှောင်ရန် အချက်တွေကို ပြောရမယ်ဆိုရင် အခုနောက်ပိုင်း မြန်မာနိုင်ငံမှာ နိုင်ငံခြားကနေ ဝယ်လို့ရတဲ့ အဆင့်တွေ ဖြစ်လာပါတယ်။ အိမ်တိုင်ရာရောက်ကို ရောက်လာပါတယ်။

များသောအားဖြင့် ဝယ်ကြတဲ့ ဘဏ်ငွေပေးချေစနစ်တွေကလည်း ပြောင်းလဲလာပါတယ်။ MPU ကတ်တွေနဲ့ Visa ကတ်တွေကို သုံးလာကြပါတယ်။ ကျွန်မကိုယ်တိုင်လည်း လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေကို အတော်ဝယ်ဖြစ်ပါတယ်။ ဥပမာ – Web Camera လိုမျိုး ဝယ်တယ်ဆိုရင် နိုင်ငံခြားဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ AlliExpress ကိုပြောချင်ပါတယ်။ တချို့ဈေးရောင်းတဲ့ ဝက်ဘ်ဆိုက်တွေက ရှင်းပါတယ်။ သူက ဘယ်လိုလဲဆိုတော့ ဈေးသည်နဲ့ ဈေးဝယ်ပဲရှိပါတယ်။ ဈေးသည်တစ်ဦးတည်းက သူ့ရဲ့ ဝက်ဘ်ဆိုက်မှာ ဆိုင်လိုမျိုး တင်ရောင်းတာမျိုးပါ။

AlliExpress က Market Place ဈေးလို ဖြစ်ပါတယ်။ ဈေးမှာဆိုရင် ဈေးသည်တွေ အများကြီးရှိတယ်။ အဲဒီအထဲက ကိုယ်ကြိုက်တာ ရွေးဝယ်ရတယ်။ အဲဒါတွေက အွန်လိုင်းပေါ် ရောက်လာတယ်။ ဆင်တူပစ္စည်းတွေကို ရောင်းနေတဲ့ဈေးသည်တွေလည်း အများကြီးရှိပါတယ်။ ဒီတော့ ကိုယ်လိုချင်တဲ့ ပစ္စည်းရောင်းတဲ့ဈေးသည်ကို ကြည့်ရမယ်။

လူတွေ ဈေးသွားဝယ်ရင် အရင်ဆုံးကြည့်တာက ဈေးနှုန်းဖြစ်ပါတယ်။ ဈေးသက်သာတာကို ဝယ်ကြတယ်။ ဒါပေမယ့် ဈေးသက်သာတာက အတုတွေလည်း ဖြစ်ရင်ဖြစ်မယ်၊ အရည်အသွေး မကောင်းတာလည်း ဖြစ်နိုင်တယ်။ အဲဒီအခါကျတော့ သူတို့ရဲ့ Order ကုန်ပစ္စည်းအမှာစာ ဘယ်လောက်ရထားပြီးပြီလဲ။ အဲဒီနံပါတ်ကို ကြည့်လိုက်မယ်ဆိုရင် ဒီဈေးသည်က တကယ်မှန်တဲ့အတွက် သူ့ရဲ့ ပစ္စည်းကို မှာတဲ့သူများတာ ဖြစ်တယ်။

ပြီးတော့ Sold ဆိုတာ တစ်ခုရှိတယ်။ ဘယ်လောက် ရောင်းပြီးသွားပြီလဲဆိုတာကို ကြည့်ခြင်းအားဖြင့် တကယ်အဆင်ပြေတဲ့ပစ္စည်းမို့ ရောင်းရတာဖြစ်တယ်။ တချို့ကျတော့ ဈေးက သက်သာပေမယ့် ရောင်းရတာက တစ်ခု၊ နှစ်ခုတို့ ဖြစ်နေတတ်တယ်။ အဲဒါမျိုးဆိုရင် မယူစေချင်ဘူး။

အဲဒီမှာ ကုန်ပစ္စည်းကို ဝင်ကြည့်လို့ ရပါတယ်။ Sold နဲ့ Order ကို ကြည့်ပြီးရင် နောက်တစ်ခုထပ်ပြီး ကြည့်စေချင်တာက Review ကို ကြည့်စေချင်ပါတယ်။ Review ကို ကြည့်လိုက်ခြင်းဖြင့် ကမ္ဘာအရပ်ရပ်က မှာထားတဲ့ သူတွေရဲ့ တုံ့ပြန်ချက်တွေ၊ ကုန်ပစ္စည်းအပေါ် သူတို့ရဲ့ သုံးသပ်ချက်တွေကို ကြည့်ပြီးမှ ရွေးချယ်သင့်ပါတယ်။

နောက်တစ်ခု သတိထားရမှာက မြန်မာနိုင်ငံမှာလို Delivery ပဲရှိတာ မဟုတ်ဘူး။ သူက Shipping နဲ့ ပစ္စည်းက အဝေးကနေ လာတာဖြစ်တဲ့အတွက် ပစ္စည်းဝယ်လိုက်တဲ့ တန်ဖိုးက ၄ ဒေါ်လာ / ၅ ဒေါ်လာတန် ဒါပေမယ့် မြန်မာနိုင်ငံရောက်ဖို့ကို Shipping Fees ကုန်ကျစရိတ်က ၁၀ ဒေါ်လာ လောက်ပေးရရင် အဲဒီပစ္စည်းက မလိုအပ်ဘဲ ကုန်ကျစရိတ် အလွန်များသွားနိုင်ပါတယ်။ ဒီတော့ Shipping ကိုကြည့်ပါ။ သူ့မှာ အဆင့်ဆင့်ရှိပါတယ်။ သင်္ဘောနဲ့ဆိုရင် ဘယ်လောက်ကုန်မလဲ၊ လေယာဉ်နဲ့ဆိုရင် ဘယ်လောက်ကုန်မလဲ ရွေးလို့ရပါတယ်။ အချိန်ကလည်း သူတို့သွားတဲ့အပေါ်မှာ မူတည်ပြီး တစ်လ၊ တစ်လခွဲ ကြာတတ်ပါတယ်။

များသောအားဖြင့် ကျွန်မဝယ်ယူတဲ့ပစ္စည်းဆိုရင် အချိန်တစ်လခွဲလောက် အချိန်ပေးလေ့ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Shipping Fees ကို ပိုပြီးနည်းစေချင်လို့ ဖြစ်ပါတယ်။ သေချာကြည့်ရမှာက ကိုယ်က ဘဏ်စနစ်နဲ့ ငွေပေးချေမယ်ဆိုရင် ကိုယ့်နိုင်ငံက ကတ်တွေနဲ့ အဆင်ပြေရဲ့လားဆိုတာကို ကြည့်ရမယ်။

အဓိက အွန်လိုင်းဈေး Marker Place မှာ ဝယ်တယ်ဆိုရင် သတိထားစေချင်တာက ကုန်ပစ္စည်း ရောင်းချထားမှုအခြေအနေနဲ့ ဒီကုန်ပစ္စည်းအပေါ် သုံးသပ်ချက်တွေကို ကြည့်စေချင်ပါတယ်။ ဒီအတိုင်းဝယ်လိုက်မယ့် အစား အကုန်လုံးကို သေသေချာချာဖတ်ပြီးမှ ဝယ်သင့်ပါတယ်။ လက်ထဲမှာ ပစ္စည်းရောက်လာပြီးမှ ဒါကိုပြန်ပို့ဖို့၊ ပြန်လဲဖို့ဆိုရင် အကုန်အကျ များသွားနိုင်ပါတယ်။ ပြီးရင် ဆိုင်မှာသွားပြီး ပြန်ပြောလို့ရတဲ့အရာ မဟုတ်တော့ Market Place လို e-Commerce ကနေ ဝယ်ယူတော့မယ်ဆိုရင် ဒါတွေကို ပိုပြီးသတိထားစေချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ အွန်လိုင်းကနေ e-Commerce စနစ်နဲ့ စတင်ပြီးဈေးဝယ်မယ့်သူတစ်ယောက် ဘယ်လိုအဆင့်ဆင့် သွားရသလဲဆိုတာကို ဗဟုသုတအနေနဲ့ မျှဝေပေးပါဦး။**

**ဦးထက်အောင်လတ်(Sully) ။ ။** e-Commerce စနစ်ကနေ ဈေးဝယ်မယ်ဆိုရင် အလွယ်အကူဆုံး အဆင့် ၈ ဆင့် ရှိပါတယ်။ သုံးစွဲသူတွေကို ဘယ်လိုဝယ်ရမလဲ ကျွန်တော့်အနေနဲ့ ရှင်းပြပေးပါမယ်။ ပထမအဆင့်အနေနဲ့ သုံးစွဲသူတွေက သူတို့ ဝယ်ယူလိုတဲ့ကုန်ပစ္စည်းကို ရောင်းချတဲ့ e-Commerce ဝက်ဘ်ဆိုက် သို့မဟုတ် မိုလ်ဘိုင်းအက်ပလီကေးရှင်းကို ကွန်ပျူတာ သို့မဟုတ် ဖုန်းကနေသွားပြီး ဝယ်ယူလိုတဲ့ ကုန်ပစ္စည်းအမျိုးအစားတွေကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

အင်္ကျီတွေ၊ ဖိနပ်တွေ၊ စားသောက်ကုန်ပစ္စည်းတွေ ဝယ်မလား ဒါမှမဟုတ် လူသုံးကုန်တွေ ဝယ်မလား။ ကျွန်တော် ဒီနေ့ရှင်းပြပေးသွားမှာက ကျောပိုးအိတ် တစ်လုံးကို ပြည်တွင်း e-Commerce ဝက်ဘ်ဆိုက်မှာ ဝယ်တဲ့နည်းကို အဆင့်ဆင့် ရှင်းပြပေးသွားမှာ ဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ကိုယ်ဝယ်ချင်တဲ့ဆိုင်ရဲ့ ဝက်ဘ်ဆိုက် သို့မဟုတ် မိုလ်ဘိုင်းအက်ပလီကေးရှင်းကို အရင်ဆုံး ဝင်ရပါမယ်။

ဒုတိယအဆင့်အနေနဲ့ ဝယ်ယူလိုတဲ့ ပစ္စည်းအမျိုးအစားကိုရွေးပြီး ကိုယ်ဝယ်ချင်တဲ့ ပစ္စည်းရဲ့ အသေးစိတ်အချက်အလက်တွေ၊ ဥပမာ – ကျောပိုးအိတ်ဆိုရင် အရောင်တွေ၊ အမျိုးအစားတွေ၊ အရွယ်အစားတွေ၊ ဈေးနှုန်းတွေ အပြင် ဈေးအနည်းဆုံးကို ကြည့်မလား၊ ဈေးအများဆုံးကို ကြည့်မလား ဒါမှမဟုတ် နောက်ဆုံးပေါ်ကို ကြည့်မလား၊ လူကြိုက်အများဆုံး စတာတွေကို အဆင့်ဆင့် ရွေးချယ်လို့ရပါတယ်။ သူတို့ရဲ့ အသေးစိတ်အချက်အလက်တွေကို ကြည့်လို့ရပါတယ်။ အပြင်မှာ သွားဝယ်ရင် ကိုင်ကြည့်ပြီး စမ်းသပ်လို့ရတယ်။ အွန်လိုင်းပေါ်မှာ အဲဒီလိုမရဘူး။ ဒါပေမယ့် အခု နောက်ပိုင်း e-Commerce ဝက်ဘ်ဆိုက် တော်တော်များများက ဓာတ်ပုံအများအပြားနဲ့ ကိုယ်တိုင်ဆုံးဖြတ်ရလွယ်ကူအောင် လုပ်ပေးထားပါတယ်။

တတိယအချက်အနေနဲ့ ဝယ်ယူလိုတဲ့ အသေးစိတ် အချက်အလက်တွေကို စိစစ်တဲ့အခါ ပစ္စည်းတစ်ခုတည်း ဒါမှမဟုတ် အရေအတွက်ကို ရွေးချယ်လို့ရပါတယ်။ ပြီးရင်အရောင်က ဘယ်အရောင်ကို လိုချင်တယ်။ Shopping Mall တွေ၊ ဈေးဝယ်စင်တာတွေမှာ သွားဝယ်သလိုမျိုးပါ။ ဒီတစ်ခုတည်း ဝယ်ပြီး ပိုက်ဆံရှင်းမှာလား၊ ဒါမှမဟုတ်ရင် ဒီကျောပိုးအိတ်အပြင် တခြားကျောပိုးအိတ်ကို ဝယ်မလား။ အခြားအသုံးအဆောင်ပစ္စည်းတွေကိုပါ ဝယ်မလားဆိုတာ ရွေးချယ်လို့ရပါတယ်။

ကျောပိုးအိတ်ကို ဝယ်မယ်လို့ရွေးချယ်ပြီးသွားရင် ကိုယ်ပေးပို့စေလိုတဲ့လိပ်စာ၊ ကိုယ့်ရဲ့ အချက်အလက်တွေ၊ နာမည်၊ ဖုန်းနံပါတ်၊ လိပ်စာတွေကိုဖြည့်ပြီး မှန်သလား ဆိုတာ နောက်ဆုံးအနေနဲ့ စစ်ရမယ်။ ပစ္စည်းနဲ့ ဈေးနှုန်းက မှန်သလား။ ပို့ခကရော မှန်သလား။ ဈေးဝယ်ကူပွန်တွေ၊ ဈေးလျှော့ပေးတဲ့ ကူပွန်တွေရှိရင်လည်း အဲဒီနေရာမှာ ဖြည့်လို့ရပါတယ်။ တိတိကျကျ ဖြည့်ပေးဖို့ လိုပါတယ်။ ဒါမှလည်း ပစ္စည်းပို့တဲ့သူက အလွယ်တကူရှာလို့ရမှာ ဖြစ်ပါတယ်။

အဆင့်၅အနေနဲ့ဘယ်လိုမျိုးငွေပေးချေမလဲဆိုတာကို ရွေးချယ်ရမှာဖြစ်ပါတယ်။ ပစ္စည်းရောက်တော့မှ ငွေချေမလား၊ ဒါမှမဟုတ် MPU, Visa နဲ့ Master ကတ်တွေ အသုံးပြုပြီးပေးမလား။ Mobile Wallet တွေကနေတစ်ဆင့် ပေးမလား၊ ဒါမှမဟုတ် ဘဏ်ကလွှဲမလား၊ ကိုယ်အဆင်ပြေတဲ့ ငွေပေးချေမှုနည်းလမ်းကို ရွေးချယ်လို့ရပါတယ်။ ဒီလိုရွေးချယ်ပြီးသွားရင် ကုန်ပစ္စည်းမှာတာကို အတည်ပြုဖို့အတွက် Confirm ခလုတ်ကို နှိပ်ရပါတယ်။

အဆင့် ၆ အနေနဲ့ ကိုယ့်ရဲ့ကုန်ပစ္စည်းဝယ်ယူတာ အောင်မြင်စွာပြီးဆုံးကြောင်းနဲ့ ကိုယ့်ရဲ့ အော်ဒါကို လက်ခံရရှိကြောင်း ပြေစာထွက်လာပါမယ်။ အဲဒီမှာ အကုန်လုံးပြန်စစ်ကြည့်လို့ ရပါတယ်။ ဟိုဖက်ကလည်း ကုန်ပစ္စည်းအမှာစာကို လက်ခံရရှိပြီးဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့ရက်မှာ ဖြည့်ထားတဲ့ လိပ်စာအတိုင်း လာရောက်ပေးပို့မှာ ဖြစ်ပါတယ်။ ဒါကစတင်ပြီးကြည့်တဲ့ အဆင့်ကနေ ဝယ်ယူတဲ့အဆင့်အထိ ပါပါတယ်။

အဆင့် ၇ က ကိုယ်ဝယ်ယူထားတဲ့ ကုန်ပစ္စည်းတွေကို ပြန်စစ်တာဖြစ်ပါတယ်။ ဘယ်နေ့က ဘာဝယ်ယူထားတယ်၊ ဘယ်လိုအိတ်မျိုးဝယ်ထားတယ်၊ ဘာအရောင်၊ အော်ဒါနံပါတ်က ဘယ်လောက်၊ ကိုယ်မှာထားတဲ့ ပစ္စည်းက မရောက်သေးဘူးဆိုရင် ဝယ်ထားတဲ့ e-Commerce Store မှာ ဝင်ရောက်ပြီး မေးမြန်းစုံစမ်းလို့ရပါတယ်။ နောက်ဆုံး အဆင့် ၈ က ဒီဟာကို အကြောင်းကြောင်းကြောင့် မဝယ်ယူတော့ဘူးဆိုရင် အသေးစိတ်အချက်အလက် Order Detail ကိုနှိပ်ပြီး အော်ဒါကို ပယ်ဖျက်နိုင်ပါတယ်။

မြန်မာနိုင်ငံမှာ တော်တော်များများက ပစ္စည်းရောက်မှ ငွေပေးချေတာ ဖြစ်ပါတယ်။ တချို့ စနစ်တွေဖြစ်တဲ့ Mobile Wallet တို့၊ ဘဏ်ကနေ ငွေလွှဲပြီးပေးချေတာတို့ဆိုရင် သူတို့ရဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လိုက်နာရပါတယ်။ တချို့က ဝယ်ယူပြီးပစ္စည်းကို ပြန်ပြီး ပယ်ဖျက်တာတွေ လုပ်လို့မရတာတွေလည်း ရှိပါတယ်။ e-Commerce Store က ရတယ်ဆိုရင် ပြန်ပြီး ပယ်ဖျက်လို့ ရပါတယ်။

အဆင့် ၁ ကနေ အဆင့် ၆ အထိ အွန်လိုင်းကနေ ပစ္စည်းဝယ်ယူတဲ့ နည်းလမ်းတော်တော်များများက ဒီလိုပုံစံနဲ့ ဒီလိုနည်းလမ်းတွေအတိုင်းပဲ ဖြစ်ပါတယ်။ နည်းနည်းကွာဟချက်တော့ ရှိပါတယ်။ ဒါပေမယ့် ဒါကတော့ သုံးလို့ရတဲ့ပုံစံ ဖြစ်ပါတယ်။ တော်တော်များများက အပြင်မှာ ဈေးဝယ်သလို ပစ္စည်းရောင်းတဲ့အတန်းကို သွားတယ်။ ကုန်ပစ္စည်းကို ရွေးချယ်တယ်။ ဈေးမှာ ဈေးဝယ်သလိုမျိုး ပစ္စည်း ငါးခု၊ ခြောက်ခုလောက်ကို ဈေးခြင်းတောင်းထဲ ထည့်ဝယ်လို့ရသလို တစ်ခုတည်းဝယ်မယ်ဆိုရင်လည်း အဲဒါကိုတန်းပြီး ငွေသွားရှင်းလို့ရပါတယ်။

အားသာချက်တွေက အိမ်ကနေ အလွယ်တကူ ဝယ်လို့ရတယ်။ အပြင်သွားစရာ မလိုဘူး။ နည်းပညာရဲ့ အားသာချက်တွေအရ ပိုပြီးအလွယ်တကူကြည့်လို့ရအောင် သေချာလုပ်ထားပေးတဲ့အတွက် အပြင်မှာဝယ်သလို ဝယ်လို့ရပါတယ်။

**အစီအစဉ်မှူး ။ ။ ဒစ်ဂျစ်တယ် နည်းပညာနဲ့ ကုန်ပစ္စည်းတွေသာမက ဝန်ဆောင်မှုလုပ်ငန်းတွေကို e-Commerce Platform မှာ ဝယ်ယူမယ်ဆိုရင် သတိပြုရမယ့် အကြောင်းအရာတွေရှိရင်လည်း မျှဝေပေးပါဦး။**

**ဒေါ်စန္ဒီစိန်သိဏ်း ။ ။** အွန်လိုင်းပေါ်မှာ Service ဝန်ဆောင်မှု လုပ်ငန်းလို့ ပြောတဲ့ Software တွေရှိမယ်။ နောက်တစ်ခုက ကိုင်တွယ်လို့ မရပါဘူး။ ဒီအတိုင်းပြန်သုံးလို့ရတဲ့ ဓာတ်ပုံ၊ ဗီဒီယိုတွေ၊ သူများရဲ့ Intellectual Property လို့ခေါ်တဲ့ မူပိုင်ခွင့်ရှိတဲ့ပုံတွေကို အွန်လိုင်းပေါ်က ဝယ်ကြတယ်ဆိုရင် သူကစောင့်ယူလို့ရတဲ့ ပစ္စည်းမဟုတ်ပါဘူး၊ ချက်ချင်း ပေးချေရပါတယ်။ လိုအပ်တဲ့ ဒစ်ဂျစ်တယ်ပစ္စည်းတွေကို ရတယ်ဆိုပေမယ့် တစ်ခုချင်းစီ ရောင်းနေတာထက် သူတို့က Service Package လို့ခေါ်တဲ့ ထုပ်ပိုးမှုပုံစံလေးတွေနဲ့ လာပါတယ်။ ဥပမာ – ကျွန်မတို့က ဒီဝန်ဆောင်မှုကို တစ်နှစ်သုံးမယ်ဆိုရင် အရင်ဆုံး မသုံးခင်မှာ ဘာနဲ့ ဆွဲဆောင်လေ့ရှိသလဲဆိုတော့ Free ပေးတယ်၊ စမ်းသပ်သုံးစွဲနိုင်တဲ့ ကာလတစ်ခုပေးတယ်၊ ပေးတဲ့အခါမှာ ခုနစ်ရက်၊ ၁၀ ရက် သို့မဟုတ် တစ်လပေးတယ်။

ဒီလိုမျိုးတွေဆိုရင် ကျွန်မတို့က Free လိုချင်တော့ အရင်ဆုံးစာရင်းသွင်း Register လုပ်ကြတယ်။ သူတို့ဆိုင်မှာ ဒီဟာကို ဝယ်မယ်ဆိုရင် ကျွန်မတို့ရဲ့ Information တွေ၊ အချက်အလက်တွေ ထည့်ပေးရတယ်။ အီးမေးလ်လိပ်စာ၊ နာမည်၊ ကုမ္ပဏီနာမည်တွေ ထည့်ရတယ်။

*စာမျက်နှာ ၁၇ သို့*

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးအတွက် တိုင်းရင်းသားပညာရေးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) (National Education Strategic Plan-NESP) (2021-2030) ရေးဆွဲရေးအတွက် တိုင်းရင်းသားပညာရေးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) အပေါ် အခြေခံကာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၉၂ ခုနှစ် ပညာရေးကဏ္ဍ လေ့လာသုံးသပ်ချက်၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (The Comprehensive Education Sector Review - CESR) ၏ Rapid Assessment နှင့် In-depth Study တို့၏ တွေ့ရှိချက်၊ အကြံပြုချက်များနှင့် သုတေသန အကြံပြုချက်များအပေါ် အခြေခံ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသည့် ပြည်ထောင်စုကြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာန၏ မူဝါဒများဖြစ်သည့် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ မည်သည့်ခွဲခြားမှုမျှမရှိရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားလာမှုနှင့်အတူ မည်သူတစ်ဦးတစ်ယောက်မျှ သင်ယူမှု မဆုံးရှုံးစေရေးကို အခြေခံ၍ တိုင်းရင်းသားဒေသများတွင် အောင်မြင်မှုများ အပြည့်အဝရရှိသည်ဟု မဆိုလိုသော်လည်း ဆရာ၊ ဆရာမများ၊ ကျောင်းများ၊ စာကြည့်တိုက်များ၊ သန့်စင်ခန်းများ၊ သောက်ရေသုံးရေများ၊ ဝန်ထမ်းအိမ်ရာများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ ယင်းသို့ ဖြည့်ဆည်းပေးသော်လည်း အားလုံးကျေနပ်မှုရှိအောင် အပြည့်အဝဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ သို့သော်လည်း ယင်းသို့ဖြည့်ဆည်းပေးရာတွင် တိုင်းရင်းသားဒေသများကို ဦးစားပေး၍ ဖြည့်ဆည်းပေးခဲ့ပါကြောင်း။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်




ဆောင်ရွက်ရာတွင် အရည်အသွေးရှိသည့် ပညာရေးကို ဦးတည်၍ ဆောင်ရွက်ပါကြောင်း၊ ပညာရေးကဏ္ဍမှာ နှစ်ပေါင်းများစွာတိုင်အောင် လျစ်လျူရှုခြင်းခံခဲ့ရပါကြောင်း၊ တိုင်းရင်းသားပြည်သူများနှင့် မိဘအုပ်ထိန်းသူများက မိမိတို့၏ ကလေးငယ်များကို သင်ယူမှုရရှိအောင် ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲခဲ့သဖြင့် ကမ္ဘာ့နောက်ဆုံးသို့ မရောက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ် ပညာရေးအသုံးစရိတ်ကို တိုးမြှင့်ပေးလျက်ရှိပါကြောင်း၊ ဆရာ၊ ဆရာမ လိုအပ်ချက်နှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းရန် စုပေါင်းအင်အားဖြင့် နှစ်ရှည်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဒေသများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ရာတွင် ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းနှင့် တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာသင်ရိုးအညွှန်းဘောင်၌ Grade 1,2,3, တို့တွင် ဒေသသင်ရိုးသည် တိုင်းရင်းသားဘာသာစကားဖြစ်ပါကြောင်း၊ အမျိုးသား ပညာရေးဥပဒေအရ တိုင်းရင်းသားဘာသာစကား သင်ကြားရေးကို ယခုအစိုးရလက်ထက်၌ အသစ်ဖွင့်လှစ်ခဲ့သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်း၍ တိုင်းရင်းသားကလေးငယ်များအတွက် တိုင်းရင်းသား ဘာသာစကား ၆၃ မျိုးဖြင့် သင်ရိုးများရေးသားပြုစုပြီး အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား ဦးစီးဌာနတို့မှ ကျောင်းသုံးဖတ်စာအုပ်များကို ပုံနှိပ်ပေးခဲ့ပါကြောင်း။

Grade 1,2,3 တို့၌ တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရတို့နှင့်ပူးပေါင်း၍ ချမှတ်ထားသည့် မူဝါဒများအတိုင်း စိစစ်ပြီး ခန့်အပ်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားဒေသများတွင် ဒေသခံဆရာ၊ ဆရာမများ ပေါ်ပေါက်ရေးအတွက် ပြုစုပျိုးထောင်ပေးရန်ဖြစ်သည့်အတွက် တိုင်းရင်းသားဒေသများရှိ အလယ်တန်းအဆင့်အောင်မြင်ပြီးသူများအား Teaching Assistant ခန့်အပ်ပေးပြီး ယင်းတို့အနေဖြင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီး ဘွဲ့ရရှိပါက ဆရာဖြစ်သင်တန်းများကို ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်နိုင်ပြီး သင်တန်းဆင်း လက်မှတ်ရရှိပါက အခြေခံပညာကျောင်းများတွင် မူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ခန့်အပ်၍ ဒေသခံဆရာ၊ ဆရာမများ ပေါ်ထွန်းလာခြင်းဖြင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ နေ့စားလပေးသင်ကြားရေး အထောက်အကူပြု (Teaching Assistant) များ ခန့်အပ်ရာ၌ ကျောင်းသား၊ ဆရာ အချိုးနှင့် စာသင်ခန်းအရေအတွက်အပေါ် မူတည်၍ ညီမျှစွာခန့်အပ်ပါကြောင်းနှင့် အရည်အသွေးရှိသော ပညာရေးဖြစ်ပေါ်စေရန် ညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ Grade 4 မှ Grade 9 အထိ အတန်းများအတွက် ဒေသသင်ရိုးများကို တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ရေးဆွဲဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါကြောင်း။

နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်တူ Micro, Small and Medium Enterprise (MSME) လုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် အထူးစီးပွားရေးဇုန်များ၌ Automation Technology, Artificial Intelligence များ အားကောင်းလာခြင်း ဖြစ်သည့်အတွက် Computer Technology နှင့် ပတ်သက်၍ အခြေခံမရှိပါက အလုပ်ဝင်ရောက်လုပ်ကိုင်ရန် အခက်အခဲဖြစ်သောကြောင့် အထက်တန်းအဆင့် Grade 10, 11, 12 တို့၌ ဒေသသင်ရိုးတွင် ကွန်ပျူတာ၊ အခြေခံစက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှုဘာသာရပ်များ ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး မြစ်ချောင်း၊ သယံဇာတများ ပေါများသော်လည်း လူ့စွမ်းအားအရင်းအမြစ်မှာ အရေးကြီးသည့်အတွက် လေ့လာသင်ယူမှုမှာ အနန္တရတနာသိုက်ဖြစ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရန်အတွက် လူတိုင်းအနေဖြင့် လုပ်ငန်းခွင်မဝင်မီ အခြေခံပညာအထက်တန်းအဆင့် သင်ယူတတ်မြောက်ရန်လိုပါကြောင်း၊ လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရန်နှင့် ၂၁ ရာစုစွမ်းရည်များ ရရှိစေရန် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးသင်တန်းများ လိုအပ်ပါကြောင်း။

တစ်သက်တာ သင်ယူမှုအခွင့်အလမ်းအနေဖြင့် အမျိုးသားပညာအရည်အချင်းမူဘောင် (National Qualification Framework - NQF) အရ Level 3 မှ Level 6 သို့ တက်ရောက်လိုပါက အများနည်းတူ တရားမျှတမှုရှိစေရန် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်မှသာ တက္ကသိုလ် တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံပညာသင်ယူပြီးမြောက်ကြောင်း လက်မှတ်ရရှိသူများအနေဖြင့် Level 4 အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် Level 5 သက်မွေးဝမ်းကျောင်း Diploma နှင့် Advanced Diploma သင်တန်းများအပြင် Open University တို့ကို အဆင့်ဆင့် တက်ရောက်နိုင်မည်ဖြစ်ပြီး လူတိုင်းအတွက် Continuous Professional Development ရရှိရေး ဆောင်ရွက်သွားရန် လိုပါကြောင်း၊ မြန်မာနိုင်ငံ၌ လူတိုင်းအခြေခံပညာ မူလတန်းအဆင့် တက်ရောက်ရမည်ဖြစ်ပြီး မူလတန်းပြီးမြောက်သူများအနေဖြင့်လည်း အရေး၊ အဖတ်၊ ဂဏန်းသင်္ချာ တွက်ချက်နိုင်ရန် လိုအပ်ပါကြောင်း၊ လူတိုင်းသည် သင်ယူနိုင်ရန် အရေးကြီးပါကြောင်း၊ လေ့လာသင်ယူမှုမှာ အနန္တရတနာသိုက် Learning is infinite treasure ဖြစ်ပါကြောင်း၊ လူတိုင်းအတွက် ဂုဏ်သိက္ခာရှိသော အလုပ်အကိုင်ရရှိစေရန် အာမခံနိုင်မှုမှာ အရည်အသွေးရှိသော ပညာရေးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မတူညီသော နောက်ခံအခြေအနေ၊ မတူညီသော မျှော်မှန်းချက်များအတွက် စုပေါင်းအင်အားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဦးတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် အပြုသဘောဆောင်သည့် သဘောထားများ၊ လုပ်ဆောင်ချက်များဖြင့် အားလုံး ပူးပေါင်း၍ စုပေါင်းအင်အားဖြင့် လုပ်ဆောင်ကြပါရန် အလေးအနက်ထား မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ကျောင်းနေရွယ် ကလေးငယ်များ တိုင်းရင်းသား ကလေးငယ်များ၏ ဒုတိယမိခင်သည် ပညာရေးဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်ပြီး တိုင်းပြည်ရေးရာ ရှေ့ရေးလည်း ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေမှုများကို ကြည့်ခြင်းအားဖြင့် နောင်အနာဂတ်တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုတင်ပြီးမှန်းဆသိမြင်နိုင်မှာ ဖြစ်ပါကြောင်း၊ ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးသာဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပြီး တိုင်းရင်းသား ကလေးငယ်များ မိခင်ဘာသာစကား အခြေပြုသင်ကြားနိုင်ရေး Teaching Assistant, Language Teacher နေ့စားလပေး ဆရာ ဆရာမများ ခန့်ထားနိုင်ရေး၊ တိုင်းရင်းသားဆရာ ဆရာမများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေး၊ တိုင်းရင်းသားဒေသ သင်ရိုးညွှန်းတမ်း ကျောင်းသုံး ဖတ်စာအုပ်များဖြင့် သင်ကြားနိုင်ရေးစသည်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားဒေသများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပညာသင်ယူပြီးမြောက်သူများ ပိုမိုများပြားလာကြောင်း သိရှိရသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံရှိ ကလေးသူငယ်များ အရှေ့တောင်အာရှတွင် မူလတန်းအဆင့် သင်ယူတတ်မြောက်မှု မြင့်တက်လာမှုအတွက်လည်း ဂုဏ်ယူပါကြောင်း။

ပညာရေးပြုပြင်ပြောင်းလဲမှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အနေဖြင့်လည်း တိုင်းရင်းသား ကလေးငယ်များ၏ ပညာရေးကဏ္ဍကို ပူးပေါင်းဆောင်ရွက်နိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူငယ်များအတွက် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာ သင်တန်းများကိုလည်း ချန်လှပ်မထားဘဲ ဆောင်ရွက်လျက် ရှိသည်ကိုလည်း သိရှိရပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်မှ ဆက်လက်ပညာသင်ကြားနိုင်ခြင်းမရှိသည့် ဝေးလံခေါင်ဖျားဒေသရှိ တိုင်းရင်းသားလူငယ်များအတွက် သက်မွေးပညာသည် လွန်စွာမှအရေးကြီးပါကြောင်း၊ သက်မွေးပညာသည် တိုင်းရင်းသားလူငယ်များအတွက် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ပညာရည်ချွန်သော တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာများ သင်ယူနိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ကလေးတိုင်းအတွက် ပညာနို့ရည်အပြည့်အဝရရှိနိုင်ရေး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော ပညာရေးစနစ်ဖြစ်ပေါ်လာစေရေး၊ နည်းပညာ သက်မွေးပညာများနှင့် *စာမျက်နှာ ၁၈ သို့*

---

*စာမျက်နှာ ၁၆ မှ*

ကျွန်မတို့ တစ်ခု မလေ့လာမိတာက Free လိုချင်တော့ Information တွေ၊ အချက်အလက်တွေ အကုန်ထည့်တဲ့အပြင် သူက ဘာကိုပါ ထည့်ခိုင်းလေ့ရှိသလဲဆိုတော့ Bank Information ထည့်ခိုင်းပါတယ်။ လောလောဆယ် Free ပေးတယ်။

ဒါပေမယ့် တကယ်တမ်းဝယ်ဖြစ်တယ်ဆိုရင် ဘယ်ဘဏ်က ငွေပေးချေမယ်ဆိုတဲ့ အချက်အလက်တွေ တောင်းလေ့ရှိပါတယ်။ အဲဒီအခါ ကိုယ်ကအခုရနေတဲ့ အလကားသုံးခွင့်ကာလကို စိတ်ဝင်စားနေတော့ ထည့်ဖြစ်လေ့ရှိပါတယ်။ များသောအားဖြင့် ကျွန်မတို့က သူတို့မှာရှိတဲ့ Terms တွေ၊ သဘောတူညီချက်တွေကို သေချာဖတ်လေ့ မရှိပါဘူး။ Ok နဲ့ Agree တွေ အကုန်နှိပ်လိုက်ပါတယ်။ Free ကာလပြီးရင် ကိုယ့်ရဲ့ဘဏ်ကတ်ထဲက ပုံမှန်ဝယ်သလို ငွေပေးချေရမှာဖြစ်တယ်ဆိုတာကို ကိုယ်က သေချာဖတ်လေ့မရှိတော့ Free ကာလကို သုံးနေတယ်၊ အလကားရတဲ့ဝန်ဆောင်မှုကို ယူပြီးတဲ့အချိန်လည်းကျရော ကိုယ့်ရဲ့ဘဏ်ကတ်ထဲက ဖြတ်သွားတယ်။ နှစ်စဉ်ကြေးလည်း ဖြစ်နိုင်တယ်။ လစဉ်ကြေးလည်း ဖြစ်နိုင်တယ်။ ဒါမျိုးကို ကိုယ်တင်မက ကိုယ်နဲ့သိတဲ့ မိတ်ဆွေတွေလည်း ရင်ဆိုင်ကြရတာရှိပါတယ်။

ဘာကြောင့် သတိမထားမိသလဲဆိုတော့ ကျွန်မတို့ရဲ့ လိုအပ်ချက်က e-Commerce လုပ်တယ်။ Online Shop လုပ်တယ်ဆိုရင် သူတို့ရဲ့ သဘောတူညီမှု အချက်အလက်ကို သေချာမဖတ်ဘဲ ကိုယ့်ရဲ့ အချက်အလက်တွေကို အကုန်ထည့်ပေးလိုက်တာ ဖြစ်ပါတယ်။ ဒီလို ဝန်ဆောင်မှုလုပ်ငန်း Package တွေ၊ လစဉ်ကြေး၊ နှစ်စဉ်ကြေးပေးရတာတွေ ဝယ်ယူမယ်ဆိုရင် အလွန်သတိထားစေချင်တာက သူတို့ရဲ့ Terms လို့ခေါ်တဲ့ သဘောတူညီချက်နဲ့ အခြေအနေတွေ၊ သူတို့ထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို အရင်ဆုံးဖတ်သင့်ပါတယ်။ သေချာဖတ်ကြည့်ပြီးမှသာ စာရင်းသွင်းတာ၊ ကိုယ့်ရဲ့အချက်အလက်ထည့်တာတွေကို လုပ်ဆောင်သင့်ပါတယ်။

ဒီလိုမဟုတ်ဘူးဆိုရင် ကိုယ့်ဘဏ်ကတ်ထဲက ဖြတ်သွားတော့မှ ဘဏ်ကိုဆက်သွယ်ရတာ၊ သူတို့ကို ဆက်သွယ်ရတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ပိုက်ဆံက ပါပြီးသားဖြစ်နေပြီ၊ ဝန်ဆောင်မှုတွေ ဝယ်တာက ကုန်ပစ္စည်းဝယ်သလောက် မရိုးရှင်းပါဘူး။ ဒီတော့ ကျွန်မတို့သည် ကိုယ့်ရဲ့ အချက်အလက် အကုန်အစုံအလင်ထည့်တဲ့အခါ သေချာကြည့်သင့်ပါတယ်။

တကယ်ဈေးရောင်းတဲ့ ဝက်ဘ်ဆိုက်လား၊ သူတို့ကို ဘယ်လိုငွေပေးချေရမှာလဲ၊ ကိုယ်က ဘယ်အချိန်မှာ ကိုယ့်ရဲ့ Cerdit Card Information ကို ပြန်ပြီးနုတ်လိုက်လို့ရသလဲ၊ ငွေကို သူတို့ ဘယ်အချိန်မှာ စကောက်သလဲဆိုတာတွေကို အသေးစိတ်ကြည့်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုနောက်ပိုင်းမှာ ကုန်ပစ္စည်းသာမက နိုင်ငံခြားနဲ့ပတ်သက်တဲ့ အလုပ်တွေလုပ်လာတယ်။ ပိုတွေသုံးလာတယ်။ Software တွေ ဝယ်တယ်ဆိုရင် အဲဒီ Terms ဆိုတဲ့ သဘောတူညီချက် အခြေအနေကို ဖတ်ဖို့လိုပါတယ်လို့ ကျွန်မက ပြောချင်ပါတယ်။ မဟုတ်ရင် ကိုယ်မသိလိုက်ဘဲနဲ့ ကိုယ့်ရဲ့ကတ်ထဲက Payment ငွေတွေကို ထုတ်သွားတာမျိုး ဖြစ်တတ်တဲ့အတွက် အဲဒါက အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**ထက်လျှံ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၆-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၃၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင် | ၄၆ |
| | | မင်္ဂလာဒုံ | ၄၀ |
| | | အင်းစိန် | ၃၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၆ |
| | | သဃ်္ဃန်းကျွန်း | ၃၅ |
| | | ရွှေပြည်သာ | ၃၄ |
| | | ကမာရွတ် | ၃၃ |
| | | လှိုင်သာယာ | ၃၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၀ |
| | | သာကေတ | ၂၀ |
| | | ဒဂုံ | ၁၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၇ |
| | | ဒဂုံဆိပ်ကမ်း | ၁၇ |
| | | ဒေါပုံ | ၁၆ |
| | | မြောက်ဥက္ကလာပ | ၁၅ |
| | | မရမ်းကုန်း | ၁၄ |
| | | တာမွေ | ၁၄ |
| | | သန်လျင် | ၁၄ |
| | | ကျောက်တံတား | ၁၄ |
| | | တောင်ဥက္ကလာပ | ၁၃ |
| | | စမ်းချောင်း | ၁၂ |
| | | တိုက်ကြီး | ၁၀ |
| | | ကျောက်တန်း | ၉ |
| | | ဗိုလ်တထောင် | ၈ |
| | | ထန်းတပင် | ၈ |
| | | သုံးခွ | ၇ |
| | | ပုဇွန်တောင် | ၆ |
| | | ရန်ကင်း* | ၅ |
| | | ဒလ | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၃ |
| | | အလုံ | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | မှော်ဘီ | ၂ |
| | | ကြည့်မြင်တိုင် | ၂ |
| | | ဗဟန်း | ၂ |
| | | လှည်းကူး | ၁ |
| | | လသာ | ၁ |
| | | ကော့မှူး | ၁ |
| | | ခရမ်း | ၁ |
| | | စုစုပေါင်း | ၅၇၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၈၅ |
| | | ချမ်းမြသာစည် | ၅၉ |
| | | မဟာအောင်မြေ | ၅၃ |
| | | ချမ်းအေးသာစံ | ၅၁ |
| | | အမရပူရ | ၂၄ |
| | | ပြည်ကြီးတံခွန် | ၁၁ |
| | | ပုသိမ်ကြီး | ၁၀ |
| | | မိတ္ထီလာ | ၉ |
| | | ပြင်ဦးလွင် | ၇ |
| | | စဉ့်ကိုင် | ၆ |
| | | မြင်းခြံ | ၅ |
| | | ညောင်ဦး | ၅ |
| | | မြစ်သား | ၃ |
| | | မတ္တရာ | ၂ |
| | | မလှိုင် | ၁ |
| | | တောင်သာ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ပခုက္ကူ | ၁ |
| | | စဉ့်ကူး | ၁ |
| | | စုစုပေါင်း | ၃၃၅ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ | ၁၈ |
| | | ဒေးဒရဲ | ၁၄ |
| | | ကျုံပျော် | ၁၂ |
| | | ပုသိမ် | ၇ |
| | | ဘိုကလေး | ၅ |
| | | ကြံခင်း | ၃ |
| | | မော်လမြိုင်ကျွန်း | ၃ |
| | | မအူပင် | ၂ |
| | | ညောင်တုန်း | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ဝါးခယ်မ | ၁ |
| | | လပွတ္တာ | ၁ |
| | | ကျောင်းကုန်း | ၁ |
| | | စုစုပေါင်း | ၆၉ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၁ |
| | | ဖြူး | ၁၁ |
| | | ပန်းတောင်း | ၇ |
| | | လက်ပံတန်း | ၃ |
| | | ညောင်လေးပင် | ၂ |
| | | ရေတာရှည် | ၂ |
| | | ကဝ | ၂ |
| | | မင်းလှ | ၂ |
| | | သာယာဝတီ | ၁ |
| | | ကျောက်တံခါး | ၁ |
| | | အုတ်ဖို | ၁ |
| | | ဇီးကုန်း | ၁ |
| | | ပြည် | ၁ |
| | | စုစုပေါင်း | ၆၅ |
| ၅။ | မွန်ပြည်နယ် | မော်လမြိုင် | ၄၉ |
| | | ရေး | ၃ |
| | | ကျိုက်ထို | ၂ |
| | | ဘီးလင်း | ၁ |
| | | ပေါင် | ၁ |
| | | ကျိုက်မရော | ၁ |
| | | ချောင်းဆုံ | ၁ |
| | | စုစုပေါင်း | ၅၈ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၈ |
| | | ယင်းမာပင် | ၅ |
| | | ကလေး | ၄ |
| | | ဝက်လက် | ၄ |
| | | ကျွန်းလှ | ၂ |
| | | ရွှေဘို | ၂ |
| | | တန့်ဆည် | ၂ |
| | | ဟုမ္မလင်း | ၂ |
| | | ဘုတလင် | ၂ |
| | | ခင်ကြီး | ၁ |
| | | မုံရွာ | ၁ |
| | | ကနီ | ၁ |
| | | နန်းယွန်း | ၁ |
| | | တမူး | ၁ |
| | | စုစုပေါင်း | ၄၆ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၆ |
| | | မြိုင် | ၆ |
| | | တောင်တွင်းကြီး | ၄ |
| | | ရေနံချောင်း | ၄ |
| | | ချောက် | ၃ |
| | | ဂန့်ဂေါ | ၂ |
| | | ပွင့်ဖြူ | ၂ |
| | | မြို့သစ် | ၁ |
| | | မင်းလှ | ၁ |
| | | စလင်း | ၁ |
| | | ထီးလင်း | ၁ |
| | | စုစုပေါင်း | ၃၁ |
| ၈။ | နေပြည်တော် | လယ်ဝေး | ၅ |
| | | တပ်ကုန်း | ၅ |
| | | ဥတ္တရသီရိ | ၄ |
| | | ဇမ္ဗူသီရိ | ၃ |
| | | ပျဉ်းမနား | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၉။ | ရှမ်းပြည်နယ် | တောင်ကြီး | ၄ |
| | | လားရှိုး | ၃ |
| | | နောင်ချို | ၂ |
| | | မိုးမိတ် | ၁ |
| | | မူဆယ် | ၁ |
| | | မဘိမ်း | ၁ |
| | | ကျောက်မဲ | ၁ |
| | | ဆီဆိုင် | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၀။ | ကချင်ပြည်နယ် | ဖားကန့် | ၁၁ |
| | | မိုးညှင်း | ၂ |
| | | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၁။ | ရခိုင်ပြည်နယ် | အမ်း | ၃ |
| | | စစ်တွေ | ၂ |
| | | ရမ်းဗြဲ | ၁ |
| | | တောင်ကုတ် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၂။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | တွန်းဇံ | ၁ |
| | | တီးတိန် | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံ* | ၁ |
| | | မြိတ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | ကရင်ပြည်နယ် | မြဝတီ | ၁ |
| | | စုစုပေါင်း | ၁ |
| (၁၆-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၂၃၃) ဦး |

* ရန်ကင်းမြို့နယ်မှ (၁)ဦးနှင့် လောင်းလုံမြို့နယ်မှ (၁)ဦး တို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၁၆-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၃၃) ဦးတွင် အနံ့မရရှိသူ (၂၃၄) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၇ မှ*

အဆင့်မြင့်ပညာများကို များပြား တိုးတက်လာစေရေးအတွက် ယခု ရေးဆွဲလျက်ရှိသည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) အောင်မြင်စွာရေးဆွဲနိုင်ရေးနှင့် မဟာဗျူဟာပါ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ရှာဖွေလျှာထားဖို့လိုအပ်လာပါတယ်” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

ရန်ကုန်မြို့ရှိ မြို့နယ်တို့မှ နေ့စဉ်စွန့်ပစ်သောအမှိုက်များ နည်းလာစေရန် အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားခြင်းနှင့် ပြန်လည်အသုံးပြု၍ရသောအမှိုက်များ ခွဲခြားစွန့်ပစ်ခြင်းဖြင့် အမှိုက်ထွက်ရှိမှုကိုလျှော့ချရန် လိုအပ်ကြောင်း၊ မြို့နယ်အသီးသီးမှ နေ့စဉ်ထွက်ရှိသော အမှိုက်တန်ချိန် ၂၅၀၀ ခန့်ကို စည်ပင်သာယာက သိမ်းဆည်းလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သော စွန့်ပစ်ပစ္စည်း တစ်ရက်လျှင် တန် ၃၀ မှ ၅၀ အထိ သိမ်းဆည်းလျက်ရှိရာ ယခုကာလ၌ စည်ပင်သာယာဝန်ထမ်းများအနေဖြင့် အမှိုက်များကို သိမ်းဆည်း၊ ပို့ဆောင်၊ မီးရှို့ဖျက်ဆီးမှုကို နေ့စဉ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စွန့်ပစ်အမှိုက်များကို လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံသို့ နေ့စဉ်ပို့ဆောင်လျက်ရှိပြီး အမှိုက်ထားသိုမှုပုံစံအား ဂျပန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သုံးနှစ်စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ထိုစွန့်ပစ်အမှိုက်မှစွမ်းအင်ထုတ်လုပ်မှုအား ပိုလန်နိုင်ငံနှင့် Time aid credit အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံတွင် အမှိုက်များသောကြောင့် ၂၀၁၈ ခုနှစ် ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ မီးလောင်မှုဖြစ်ပေါ်ခဲ့ရာ မီးခိုးများ ရန်ကုန်မြို့သို့ လွင့်ပျံ့ခဲ့၍ မြေပြင်တွင် အချိန်ပေးငြိမ်းသတ်မှုဖြင့် မီးငြိမ်းခဲ့ပြီး လေထုအတွင်း အန္တရာယ်ကင်းဝေးစေရန် ထိုင်းနိုင်ငံမှပညာရှင်များဖြင့် လေထုတိုင်းတာရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**



◆ *ကျောဖုံးမှ*

၁၂ ပွဲကစားပြီး ရမှတ် ၂၈ မှတ်ဖြင့် ဦးဆောင်ထားသည်။ လီဝမ်ဒေါစကီးသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် ၂၀၁၉- ၂၀၂၀ ရာသီဟာ ၎င်း၏ အကောင်းဆုံးဘောလုံးရာသီကို ပိုင်ဆိုင်ခဲ့တာဖြစ်ပြီး ပြိုင်ပွဲစုံ ၄၇ ပွဲတွင် ၅၅ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။

၎င်းသည် ၂၀၁၄ ခုနှစ်တွင် ပြိုင်ဘက် ဒေါ့မွန်အသင်းမှ ငါးနှစ်စာချုပ်ဖြင့် ဘိုင်ယန်မြူးနစ်အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းဘိုင်ယန်မြူးနစ်အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၀၆ ပွဲတွင် ၂၆၄ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။ ထို့အပြင် ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါဖလား၊ DFB ပိုကယ်ဖလား၊ DFL စူပါဖလား၊ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဖလားနှင့် ယူအီးအက်ဖ်အေ စူပါဖလားတို့ကို ဆွတ်ခူးရရှိထားသည်။ ၎င်းသည် ပြီးခဲ့သည့် သီတင်းပတ်တွင် ဖီဖာ တစ်နှစ်တာအကောင်းဆုံးဆုအတွက် ဆန်ခါတင်သုံးဦးစာရင်း ထုတ်ပြန်ကြေညာခဲ့ရာတွင်လည်း မက်ဆီ၊ စီရော်နယ်ဒိုတို့နှင့်အတူ ပါဝင်လာခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ဒီဇင်ဘာ ၂၀ ရက်တွင် ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၃) အဖြစ် အမှတ်ပေးဇယားဦးဆောင်သူ လေဗာကူဆင်အသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထိုပွဲစဉ်သည် ဘိုင်ယန်မြူးနစ် အသင်းအတွက် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရန် နိုင်ပွဲရယူနိုင်ဖို့ အရေးကြီးသလို လေဗာကူဆင် အသင်းကလည်း အဓိကပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ယူကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ဖို့ အရေးကြီးနေသည်။

**အောင်ဇော်**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၉၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၀၀/၆၄၅ | ကျပ် | ၆၄၀/၆၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၁၀/၆၆၀ | ကျပ် | ၆၆၀/၆၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၇၅/၆၀၅ | ကျပ် | ၆၄၀/၆၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၉၅/၇၂၀ | ကျပ် | ၇၃၅/၇၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၅၉ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၅ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၄၅ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၇ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၆ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၈ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၄ . ၃၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၆ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၅၃၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၂၁၄ | ၂၁၁၈၆၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၅၄၉၅ | ၂၀၆၀၇၆၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၃ | ၂၄၉၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၀ | ၂၂၅၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၄၀၉၃ | ၁၁၆၆၄၁၅၀ |
| EFR | ၃၈၅၀ | ၃၇၀၀ | ၃၁၀ | ၁၁၄၇၇၅၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ပြီးဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တစ်ပြည်လုံးအတိုင်းအတာနှင့် သိရှိနိုင်ရန် ကြေညာပေးခဲ့ပြီးဖြစ်သည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၅၁)

# ရွေးကောက်ပွဲအပေါ် ရှုမြင်သုံးသပ်ချက်

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အသီးသီးတို့က ပုံစံအမျိုးမျိုးဖြင့် ရှုမြင်သုံးသပ်ရေးကြ၊ ပြောဆိုကြလျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ရသူတစ်ဦးအနေဖြင့် ရွေးကောက်ပွဲရှုမြင်သုံးသပ်ချက်ကို အနှစ်ချုပ်မျှဝေပါရစေ။**

**ထူးခြားသည့်ရွေးကောက်ပွဲ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပခြင်းသည် ယခင်ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲကျင်းပပုံများနှင့် မတူညီပါ။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေစဉ်ကာလအတွင်း ကျင်းပခဲ့ရသော ရွေးကောက်ပွဲတစ်ခုဖြစ်သည်။ ရွေးကောက်ပွဲကျင်းပခြင်း မပြုမီက ရွေးကောက်ပွဲကို မကျင်းပဖို့၊ ကိုဗစ်- ၁၉ ရောဂါကင်းစင်သည်အထိ ရွှေ့ဆိုင်းပေးဖို့ နိုင်ငံရေးပါတီအချို့က တောင်းဆိုမှုများရှိခဲ့သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ကျင်းပခြင်းဖြစ်သည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပထမအကြိမ် လွှတ်တော်သက်တမ်း ကုန်ဆုံးသည်နှင့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်း စတင်နိုင်ရန် အချိန်ကိုက်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကုန်ဆုံးပါမည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၃ အရ လွှတ်တော်သက်တမ်းတစ်ခု၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပပေးရမည်ဖြစ်သည်။ ထို့ကြောင့် တတိယအကြိမ်လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကိုလည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ကျင်းပရမည်ဖြစ်သည်။

ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံနေရစဉ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပခဲ့သော နိုင်ငံများရှိသည်။ ယင်းနိုင်ငံများထဲမှ တောင်ကိုရီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေစဉ် ရွေးကောက်ပွဲများ အောင်မြင်အောင် မည်ကဲ့သို့ကျင်းပခဲ့သည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လေ့လာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်သည်။ ရွေးကောက်ပွဲစက်ဝန်းရာသီနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဆုံးဖြတ်ကြေညာခဲ့သည်။ အမှန်တကယ်လည်း ရွေးကောက်ပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာစံလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ချောမောအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင်ပါရှိရေး**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့နှင့် ပူးပေါင်းကာ စီမံချက်ရေးဆွဲ၍ အခြေခံမဲစာရင်းကို ပြုစုခဲ့သည်။ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ရာ နှစ်ကုန်ပိုင်းလောက်တွင် ပြုစုပြီးစီးခဲ့သည်။ အကြိမ်ကြိမ်စိစစ်မှုများ ပြုလုပ်ပြီး ပထမအကြိမ် မဲစာရင်းကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၁၄ -၈-၂၀၂၀ ရက်နေ့အထိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာခဲ့သည်။

မဲစာရင်းတွင် မဲဆန္ဒရှင်များ ကျန်နေခြင်းနှင့် အမှားအယွင်းများကို ထောက်ပြပြောဆိုခဲ့ကြသည်။ မဲစာရင်းတွင် ထည့်သွင်းပေးရေး ပုံစံ ၃ ဖြင့် လျှောက်ထားသူများရှိခဲ့သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မှန်ကန်လျှင် မဲစာရင်းတွင် ထည့်သွင်းပေးသည်။ အမည်၊ မှတ်ပုံတင်စသည့် လွဲမှားမှုများကိုလည်း စိစစ်ပြင်ဆင်ပေးခဲ့သည်။ တစ်ဖက်တွင်လည်း No Vote လှုပ်ရှားမှုပြုနေကြသူများ ရှိနေခဲ့သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် မကျန်ရှိစေရေးနှင့် အားလုံးမဲစာရင်းတွင် ပါဝင်ရေးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ အဓိကအချက်တစ်ချက်ဖြစ်လာသည်။

**“ရွေးကောက်ပွဲတွင် ပြည်တွင်းရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ၃၆ ဖွဲ့ဖြင့် ရွေးကောက်ပွဲလေ့လာသူ ၈၂၁၇ ဦး၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော THE CARTER CENTER ၊ EU ၊ ANFRE အဖွဲ့များနှင့် ပြည်တွင်းရှိ နိုင်ငံတကာသံရုံးများကလည်း ရွေးကောက်ပွဲဖြစ်စဉ်များကို လေ့လာခဲ့ကြသည်။ ရွေးကောက်ပွဲလေ့လာသူအဖွဲ့အစည်းများ၏ ကနဦးထုတ်ပြန်ချက်များတွင်လည်း ရွေးကောက်ပွဲတွင် ချို့ယွင်းအားနည်းမှုအချို့ကို ထောက်ပြကာ ကြီးမားသောပြဿနာကြီးများ တစ်စုံတစ်ရာ မတွေ့ရှိရဘဲ လွတ်လပ်၍ တည်ငြိမ်အေးချမ်းစွာဖြင့် ကျင်းပနိုင်ခဲ့သော ရွေးကောက်ပွဲဖြစ်ကြောင်း ဖော်ပြခဲ့ကြ”**

ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။ ယင်းအချိန်တွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရမှုမြင့်မားလာသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုကိုးကျွန်းမြို့နယ်မှလွဲ၍ ကျန်မြို့နယ်များ Stay at Home ကန့်သတ်ထားချိန်ဖြစ်သည်။ မဲစာရင်းကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာသည့်အပြင် သက်ဆိုင်ရာမဲဆန္ဒရှင်များ လွယ်ကူစွာကြည့်ရှုနိုင်ရေးအတွက် အင်တာနက် အွန်လိုင်းပေါ်တွင်လည်း တင်ပေးခဲ့သည်။ အားလုံးကို ကြည့်ရှုနိုင်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းအလိုက်လည်း ကြည့်ရှုနိုင်သည်။

မဲစာရင်းကြည့်ရှုစစ်ဆေးခြင်း၊ ဖြည့်သွင်းခြင်းများကို မဲဆန္ဒရှင်ကိုယ်တိုင် လာရောက်ကြည့်ရှုနိုင်သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဖုန်းဖြင့် ဆက်သွယ်ကြည့်ရှုစေနိုင်သည်။ အွန်လိုင်းပေါ်တွင်လည်း ကြည့်ရှုနိုင်သည်။ မဲစာရင်းဖြည့်သွင်းရာတွင် သတ်မှတ်ပုံစံများကို ကိုယ်တိုင် ဖြည့်သွင်း လျှောက်ထားနိုင်သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များမှတစ်ဆင့်လည်း လျှောက်ထားစေနိုင်သည်။ ဤနည်းလမ်းများဖြင့် မဲစာရင်းကြည့်ရှုစစ်ဆေးခြင်း၊ ဖြည့်သွင်းခြင်းများကို လွယ်ကူအောင် ဆောင်ရွက်ပေးခဲ့သည်။

ယင်းအချိန်ကာလတွင် ပြည်ပမှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည်များ စိစစ်ပြီး မဲစာရင်းတွင် မပါသေးပါက ဖြည့်သွင်းမှုများ ပြုလုပ်ရသည်။ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရ၍ ဆေးရုံတွင် တက်ရောက်ကုသခံနေရသူများ၊ ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ရန် သတ်မှတ်နေရာများတွင် Quarantine ဝင်ရောက်နေရသူများကိုလည်း မဲစာရင်း၌ မကျန်ရှိစေရေး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၉ (က)၊ နည်းဥပဒေ ၁၄ (က) နှင့်အညီ မဲစာရင်းပြုစုရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က စိစစ်ကြပြီး နောက်ဆက်တွဲမဲစာရင်းတွင် ထည့်သွင်းမှုများ ဆောင်ရွက်ခဲ့ကြသည်။ ဤသည်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းနိုင်ခွင့်ရှိရမည်ဆိုသည့် ဥပဒေက ပေးအပ်သည့် အခွင့်အရေးကို မဲဆန္ဒရှင်များက ကျင့်သုံးကြ၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဥပဒေ၊ နည်းဥပဒေနှင့်အညီ မဲဆန္ဒရှင်များ၏ အခွင့်အရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဤသို့ဖြင့် ပထမအကြိမ်မဲစာရင်းကပ်ထားကြေညာစဉ်က မဲဆန္ဒရှင်စုစုပေါင်း ၃၇ သန်းကျော်ရှိသော်လည်း နောက်ဆုံးမဲစာရင်းပြုစုပြီးသည့်အခါ ၃၈ သန်းကျော် ဖြစ်လာသည်။ ဤသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် ပါဝင်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့်အညီ စွမ်းဆောင်ကြိုးပမ်းအားထုတ်ခဲ့သည့် ဆောင်ရွက်ချက်ပင် ဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပေသည်။

**မဲစာရင်းတွင်ပါဝင်သူတိုင်းဆန္ဒမဲပေးနိုင်ရေး**

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင်ပါရှိရေးသည် အဓိကကျသကဲ့သို့ မဲစာရင်းတွင် ပါဝင်သူတိုင်း ဆန္ဒမဲပေးနိုင်ရေးဆိုသည်မှာ ပို၍အရေးကြီးသောအချက်ဖြစ်သည်။ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံနေချိန်တွင် ဆန္ဒမဲပေးကြရမည်။ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ ရောဂါကူးစက်ခံရမှု လွယ်ကူသည်ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားသည်။ ရောဂါကူးစက်ခံရ၍ ဆေးရုံတက်ရောက်ကုသနေရသူများရှိသည်။ Quarantine ဝင်ရောက်နေသူများ၊ Stay at Home နေရသူများ၊ အသွားအလာကန့်သတ်ခံရသူများ ရှိနေသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲလာရောက်ပေးသူ နည်းပါးလိမ့်မည်ဟူ၍လည်း ပြောဆိုနေကြသည်။ ဤတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်းတွင်ပါဝင်သူတိုင်း ဆန္ဒမဲပေးနိုင်ရေး စီမံဆောင်ရွက်ရပါသည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၏ ပုဒ်မ ၉၀ တွင် ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၅၄ တွင် ကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆန္ဒမဲပေးခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ခဲ့သည်။

Stay at Home အဖြစ် သတ်မှတ်ခံရသော မြို့နယ်များနှင့် လူဦးရေထူထပ်သော သတ်မှတ်မြို့နယ်များတွင် နေထိုင်ကြသည့် အသက် ၆၀နှစ်နှင့်အထက် အသက်အရွယ်ရှိသူများနေထိုင်ရာ အိမ်များသို့ ဆန္ဒမဲရယူရေးအဖွဲ့များ ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲရယူစေခဲ့ခြင်း၊ ကျန်ရှိသည့်မြို့နယ်များတွင် နေထိုင်ကြသည့် အသက် ၆၀ နှစ်နှင့်အထက်ရှိသူများအား သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးစေခြင်းတို့ကို ရွေးကောက်ပွဲမကျင်းပမီ ၁၀ ရက်အလို ကတည်းက စတင်၍ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒနယ်ပြင်ပရောက်နေပြီး ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းသတ်မှတ်ချက်များအရ သွားလာမှုကန့်သတ်ခံရသဖြင့် မိမိ၏မဲဆန္ဒနယ်သို့ပြန်၍ ဆန္ဒမဲပေးနိုင်ခြင်း မရှိသူများအတွက် သတ်မှတ်ပုံစံဖြင့် လျှောက်ထားစေ၍ မိမိမဲစာရင်းပါရှိရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ကြိုတင်ဆန္ဒမဲများ ပေးစေခဲ့သည်။

ရွေးကောက်ပွဲရက်တွင် မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များ ကိုဗစ် –၁၉ ရောဂါ ကူးစက်ခံရမှု ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆန္ဒမဲလာရောက်ပေးနိုင်ရေးကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များရယူကာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် အပိုင်း ၂ ကို ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် မဲရုံအတွင်းနှင့် မဲရုံပြင်ပ စီမံဆောင်ရွက်ထားရှိရမည့်အချက်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လိုက်နာရမည့်အချက်များ၊ မဲဆန္ဒရှင်များ လိုက်နာရမည့်အချက်များပါရှိသည်။ လိုအပ်သည့် မျက်နှာဖုံးအကာအကွယ်များ၊ ပါးစပ်နှာခေါင်းစည်းများ၊ လက်အိတ်များ ဝတ်ဆင်စေသည်။ မဲဆန္ဒရှင်များအတွက် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဝေငှသည်။ ဆန္ဒမဲပေးမည့်မဲရုံများ၊ ကြိုတင်ဆန္ဒမဲပေးမည့်နေရာများတွင် ရေမလို လက်သန့်ဆေးရည်များ ထားရှိသည်။ တစ်ဦးနှင့်တစ်ဦး ၆ ပေခန့်အကွာ တန်းစီစေပြီး စနစ်တကျဆန္ဒမဲပေးစေသည်။ မဲရုံအသီးသီးသို့ လာရောက်ဆန္ဒမဲပေးကြသူ နိုင်ငံနှင့်တစ်ဝန်း အများအပြားရှိခဲ့သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၈၂၇၁၄၄၇ ဦး ရှိသည့်အနက် ကြိုတင်ဆန္ဒမဲပေးသူများနှင့် မဲရုံသို့လာရောက်ဆန္ဒမဲပေးသူ စုစုပေါင်း ၂၇၅၁၂၈၅၅ ဦး ရှိခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၇၁ ဒသမ ၈၉ ရာခိုင်နှုန်းရှိသည်။ ပြည်သူတို့ တာဝန်ကျေခဲ့ကြသည်။

**မဲရလဒ်ကြေညာခြင်း**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင် ပါဝင်နိုင်ရေး၊ မဲစာရင်းတွင် ပါဝင်သူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးတို့ကို ဆောင်ရွက်ရာ၌ ဘက်လိုက်မှုမရှိ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းစွာ ဆောင်ရွက်ခဲ့သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးနှင့် မဲရလဒ်သည်

*စာမျက်နှာ ၂၁ သို့*

# မြန်မာကျောင်းသားများ အင်ဒိုနီးရှားတက္ကသိုလ်များတွင် ပညာသင်ဆုများ ရယူကာ ပညာသင်ကြားလျက်ရှိ

**ရန်ကုန်  ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံး၏ ကြိုးပမ်းပေးမှုဖြင့် မြန်မာကျောင်းသားများ အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာသင်ဆုများရရှိနိုင်ရေးအတွက် ပိုမိုအခွင့်အလမ်း များပြားလာလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး ပါမောက္ခဒေါက်တာ Lza Fadri က ပညာရေးကဏ္ဍ ပူးပေါင်းမြှင့်တင်ရန် စိတ်အားထက်သန်လျက်ရှိပြီး အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံအတွက် ပညာသင်ဆုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေခြင်းသည် အလွန်မဟာဗျူဟာမြောက်ကြောင်း ပညာသင်ဆုပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။ အင်ဒိုနီးရှားပညာရေးနှင့် ယဉ်ကျေးမှုပညာသင်ဆုများကို နှစ်စဉ် မြန်မာကျောင်းသားများကို ပေးအပ်လျက်ရှိပြီး ယခုနှစ်အတွက်လည်း ပညာသင်ဆုများ ပေးအပ်နိုင်ခဲ့သည်။

"၂၀၁၈ ခုနှစ်ကတည်းက မြန်မာကျောင်းသားတွေကို ပညာသင်ဆုတွေပေးအပ်ပြီး အင်ဒိုနီးရှားနိုင်ငံမှာ ပညာသင်ယူနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က မြန်မာကျောင်းသားတွေကို အလုံးစုံပညာသင်ဆုပေးနိုင်ဖို့ဖြစ်ပြီး သို့မှသာ ကျောင်းသားတွေက သူတို့ရဲ့သင်ယူမှုကို အာရုံအပြည့်အဝစိုက်ထည့်နိုင်မှာဖြစ်ပါတယ်"ဟု သံအမတ်ကြီးက ပြောကြားသည်။ လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံအတွင်း ကတက္ကသိုလ်များဖြစ်သည့် Brawijaya University (UB), Andalas University (UNAND)နှင့် Padang State University (UNP) များနှင့် ပူးပေါင်း၍ပညာသင်ဆုများ ပေးအပ်လျက်ရှိသည်။

ယခုနှစ် ဩဂုတ်လက အင်ဒိုနီးရှားနိုင်ငံ Padang မြို့ရှိ UNAND တက္ကသိုလ်မှ မြန်မာကျောင်းသား ကိုးဦးအား ပညာသင်ဆုများပေးအပ်ခဲ့သည်။ သို့သော် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းသားများ အင်ဒိုနီးရှားနိုင်ငံသို့ မသွားရောက်နိုင်သေးဘဲ စက်တင်ဘာလတွင် ကျင်းပသည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် တက္ကသိုလ်၏ မဟာဘွဲ့သင်တန်းနိုင်ငံခြားကျောင်းသားများ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို အွန်လိုင်းစနစ်ဖြင့်သာ တက်ရောက်ခဲ့သည့်အပြင် ဆက်လက်၍လည်း ပညာသင်ယူနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအပြင် အင်္ဂလန်၊ တာဂျစ်ကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ကျောင်းသားများလည်း တက်ရောက်ပညာသင်ယူနေပြီး ခရီးသွားလာမှုစတင်နိုင်ချိန်တွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ကြမည်ဖြစ်သည်။

"ကျွန်မက ၂၀၁၉ခုနှစ်အတွက် အလုံးစုံပညာသင်ဆုကို Brawijaya University (UB)က ရရှိထားပါတယ်။ သူက အင်ဒိုနီးရှားထိပ်တန်း တက္ကသိုလ်တစ်ခုလည်းဖြစ်ပြီး ကျောင်းသား ၆၀၀၀၀ ကျော် ဘွဲ့၊ ဘွဲ့လွန်နဲ့ ပါရဂူဘွဲ့တွေ၊ ဆေးဘက်ဆိုင်ရာမဟာဘွဲ့တွေကို သင်ကြားပေးနေတာ ဖြစ်ပါတယ်။ ကျွန်မကတော့ Public Administration ဘာသာရပ်နဲ့ မဟာဘွဲ့တန်းကို လာရောက်ပညာသင်ကြားနေတာဖြစ်ပါတယ်။ ဒီတက္ကသိုလ်က အရှေ့ဂျာဗားမှာရှိပြီး လုံခြုံစိတ်ချမှုနဲ့ သုတေသနလုပ်ငန်းတွေလုပ်ဖို့အတွက် အဆင်ပြေတဲ့နေရာတစ်ခုလည်းဖြစ်တယ်" ဟု ၂၀၁၉ ခုနှစ်အတွက် အလုံးစုံပညာသင်ဆုရရှိသည့် မခိုင်သရဖီက ပြောသည်။

စိမ်းလန်းသောပတ်ဝန်းကျင်၊ တောတောင်သဘာဝများနှင့်အတူ Bromo မီးတောင်၏အလှ၊ Tanggar လူမျိုးစုတို့၏ ရိုးရာနေထိုင်မှုဘဝကိုလေ့လာရင်း Environmental Science ဘာသာရပ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ Brawijaya University ကျောင်းသား ကိုတင်နိုင်ဦးက ဘွဲ့ကြို ကျောင်းသားများအားလုံး ဘွဲ့အတွက် စာတမ်းရေးကြရသည့် ပညာရေးစနစ်က မြန်မာနိုင်ငံနှင့်မတူဘဲ သုတေသနနည်းစနစ်နှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာကြောင်း သူ့အမြင်ကို ပြောပြသည်။



အင်ဒိုနီးရှားနိုင်ငံသို့ မြန်မာကျောင်းသားများ ပညာသင်ဆုများ ပိုမိုရရှိစေရေးအတွက် အင်ဒိုနီးရှားသံရုံးမှ အခြားအင်ဒိုနီးရှားတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "ပညာရေးပူးပေါင်းဆောင်ရွက်ရာကနေ နှစ်နိုင်ငံလုံးအတွက် အခြားပူးပေါင်းဆောင်ရွက်တဲ့ နယ်ပယ်တွေမှာလည်း ကောင်းတဲ့အကျိုးကျေးဇူးတွေ ရရှိလာနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ သတင်းနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ သံတမန် Sylvia Masri က ပြောသည်။

၂၀၁၉ ခုနှစ်အတွက် Padang, Sumatra အနောက်ပိုင်းတွင် တည်ရှိသော UNP တက္ကသိုလ်မှ ပညာသင်ဆုရရှိထားသူတစ်ဦးဖြစ်သည့် မစုစန်စံဋ္ဌေးက "ပညာသင်ယူနေစဉ်မှာပဲ သူတို့နိုင်ငံရဲ့ အခြေခံပညာရေးစနစ်ကို လေ့လာလိုတဲ့အတွက် ကျောင်းဆရာမအဖြစ် စေတနာ့ဝန်ထမ်းဝင်ရောက်လုပ်ကိုင်ပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ယဉ်ကျေးမှုဓလေ့စရိုက်တွေ၊ ဘာသာစကားတွေနဲ့ အဲဒီကလူအများကြီးနဲ့ ပိုမိုပြီးခင်မင်ရင်းနှီးခဲ့ရတယ်"ဟု သူ့အတွေ့အကြုံကိုပြောကြားသည်။

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ဇင်မင်း**

## ညအပူချိန်များ လျော့နည်းနိုင်

**နေပြည်တော်  ဒီဇင်ဘာ ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၂၀ မှ*

မဲဆန္ဒရှင်များ၏ဆန္ဒနှင့် တစ်ထပ်တည်း ဖြစ်စေရမည်ဟူသော ဦးတည်ချက်ဖြင့် ရွေးကောက်ပွဲလုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲကျင်းပပြီးစီး၍ မဲရလဒ်များ ကြေညာသည့်အခါ လွှတ်တော်အသီးသီး၌ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၁၁၇ ဦး ရှိသည့်အနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၉၂၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၇၁ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၄၂ ဦး စသည်ဖြင့် နိုင်ငံရေးပါတီစုစုပေါင်း ၁၉ ပါတီက ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လေးဦး ရွေးကောက်တင်မြှောက်ခံရသူများတွင် ပါဝင်သည်။

**နှုန်းစံမီသည့်ရွေးကောက်ပွဲ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံနိုင်ရမည်၊ ရွေးကောက်ပွဲရလဒ်နှင့် ပြည်သူ့ဆန္ဒတစ်ထပ်တည်းဖြစ်စေရမည်ဟူသော စံ ၅ ချက်နှင့်အညီဖြစ်စေရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့သည်။ အထွေထွေရွေးကောက်ပွဲကြီးကို စံ ၅ ချက်နှင့်အညီ လွတ်လပ်မျှတစွာ အောင်မြင်အောင်ကျင်းပသွားရန် လိုအပ်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု မရှိစေရေးအတွက်လည်း အထူးအလေးထားရပါမည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါတီစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာ၌ အားလုံးတူညီစွာ လိုက်နာရမည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်အပိုင်း (၁) ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များနှင့်အညီ ထုတ်ပြန်ခဲ့သည်။

ရွေးကောက်ပွဲကို ချောမောအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနစသည့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံး ပါဝင်ခဲ့ကြသည်။ ယင်းတို့ကြောင့် နှုန်းစံမီသည့် ရွေးကောက်ပွဲဟု ဆိုရပါမည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် တစ်နိုင်ငံလုံးရှိ မဲရုံများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ မူဝါဒ လုပ်ငန်းစဉ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ ပြင်ဆင်ခင်းကျင်းမှုများ ပြုလုပ်နိုင်ခဲ့သည်။ ဆန္ဒမဲလာရောက်ပေးသူများသည်လည်း ကျန်းမာရေးစံများနှင့်အညီ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲများ ပေးနိုင်ခဲ့ကြသည်။ လွတ်လပ်စွာဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို လျှို့ဝှက်ဆန္ဒမဲ ပေးခဲ့ကြသည်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များသည်လည်း မဲရုံအတွင်းမှာရှိနေကြသည်။ မဲရုံပိတ်ချိန် မဲများရေတွက်ရာတွင်လည်း မဲရုံကိုယ်စားလှယ်များနှင့် အသိသက်သေ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲလေ့လာသူများရှေ့မှောက်တွင် မဲလက်မှတ်တစ်စောင်စီကို ထောင်ပြ၍ မည်သည့်ကိုယ်စားလှယ်လောင်းကို မဲပေးခဲ့ကြောင်း ကြေညာခဲ့သည်။ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်ကို ပြည်သူများ မြင်တွေ့ခဲ့ရသည်။ ပွင့်လင်းမြင်သာမှုရှိသည်။

အသက် ၆၀ နှစ်အထက်ရှိ မဲဆန္ဒရှင်များထံသို့ အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲရယူခြင်း၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များတွင်လည်း မဲဆန္ဒရှင်များသည် လွတ်လပ်စွာဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကိုရွေးချယ်ကာ လျှို့ဝှက်ဆန္ဒမဲပေးခဲ့ကြသည်။ ယင်းလုပ်ငန်းဖြစ်စဉ်များတွင်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်ပါကြည့်ရှုခွင့်ရှိသည်။ အချို့နေရာများ၌ ဆန္ဒမဲလက်မှတ်များ လွဲမှားထုတ်ပေးမိခြင်း၊ ဆန္ဒမဲလက်မှတ်လွဲမှား၍ ဆန္ဒမဲပေးမိခြင်း၊ UEC အမှတ်အသားမပါသည့် တံဆိပ်တုံးဖြင့်နှိပ်၍ ဆန္ဒပြုခဲ့ခြင်းစသည့် ချို့ယွင်းချက်အလွဲများ တွေ့ရှိရသည့်အခါ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများက မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကိုမျှ ထိခိုက်နစ်နာမှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ ယင်းသို့ စီမံဆောင်ရွက်ခြင်းဖြင့် လွတ်လပ်၍တရားမျှတမှုဖြစ်စေသည်။ ကောင်းသောအစဉ်အလာတစ်ခုအဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သင့်သည်။

ရွေးကောက်ပွဲတွင် ပြည်တွင်းရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ၃၆ ဖွဲ့ဖြင့် ရွေးကောက်ပွဲလေ့လာသူ ၈၂၁၇ ဦး၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော THE CARTER CENTER ၊ EU၊ ANFRE အဖွဲ့များနှင့် ပြည်တွင်းရှိနိုင်ငံတကာသံရုံးများကလည်း ရွေးကောက်ပွဲဖြစ်စဉ်များကို လေ့လာခဲ့ကြသည်။ ရွေးကောက်ပွဲလေ့လာသူအဖွဲ့အစည်းများ၏ ကနဦးထုတ်ပြန်ချက်များတွင်လည်း ရွေးကောက်ပွဲတွင် ချို့ယွင်းအားနည်းမှုအချို့ကို ထောက်ပြကာ ကြီးမားသော ပြဿနာကြီးများ တစ်စုံတစ်ရာမတွေ့ရှိရဘဲ လွတ်လပ်၍ တည်ငြိမ်အေးချမ်းစွာဖြင့် ကျင်းပနိုင်ခဲ့သော ရွေးကောက်ပွဲဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

**ရွေးကောက်ပွဲနှင့်ဒီမိုကရေစီကျင့်စဉ်**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။ နိုင်ငံသားများက မိမိတို့ထံတွင်ရှိသော နိုင်ငံတော်၏အချုပ်အခြာအာဏာကို မိမိတို့ကိုယ်စားကျင့်သုံးနိုင်စေရန် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေး၍ မိမိတို့စိတ်ကြိုက်ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။ ဒီမိုကရေစီကျင့်စဉ်ဖြစ်သည်။

ယခုရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများသည် လွတ်လပ်စွာဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို လျှို့ဝှက်စွာဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ခဲ့ကြပြီးဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်တွင် အများစု၏ဆန္ဒကို အနည်းစုက လေးစားလိုက်နာကြရပါမည်။ သို့ဖြစ်၍ ဒီမိုကရေစီကျင့်စဉ်နှင့် ညီသည့် ရွေးကောက်ပွဲဟု ဆိုရပါမည်။

**စုပေါင်းအားဖြင့် နိုင်ငံ့တာဝန်ကျေပွန်ခဲ့ကြပါပြီ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဖြင့် မြန်မာနိုင်ငံဒီမိုကရေစီခရီး၏ တတိယခြေလှမ်းကို အောင်မြင်စွာ လှမ်းလှမ်းနိုင်ခဲ့ပါပြီ။ ပုံမှန်အခြေအနေထက် ထူးခြားစွာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကျရောက်နေသည့်ကာလတွင် အခက်အခဲများစွာကို စုပေါင်းအားဖြင့် ကျော်လွှားနိုင်ခဲ့ပါပြီ။ နိုင်ငံနှင့် ပြည်သူအကျိုးကို တာဝန်ယူဆောင်ရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူတို့က မိမိတို့၏ယုံကြည်မှုဖြင့် ရွေးချယ်ခဲ့ကြပြီ။

ထူးခြားသည့်အခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကြားမှ ကျင်းပခဲ့ရသည့်အားလျော်စွာ အချို့အချို့သောနေရာအနည်းငယ်၌ အဆင်မပြေမှုများ ရှိကောင်းရှိနိုင်သည်။ တစ်ဖက်တွင်လည်း ယခုရွေးကောက်ပွဲကြီးမှ အတွေ့အကြုံကောင်းများစွာ ရရှိခဲ့ကြသည်။ နောင်ရွေးကောက်ပွဲများတွင် ယခုထက်ပိုကောင်းအောင် ဆောင်ရွက်နိုင်ကြပါမည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအားလည်းကောင်း၊ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ တာဝန်ရှိသူများအားလည်းကောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအားလည်းကောင်း၊ ပူးပေါင်းပါဝင်အကူအညီပေးခဲ့ကြသည့် ဝန်ထမ်းများအားလုံးကိုလည်းကောင်း အထူးဂုဏ်ပြုမှတ်တမ်းတင်ရပါမည်။ အဓိကမှာ တစ်ခဲနက်ဆန္ဒပြုမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများသည်သာ အဓိကဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် ပြည်သူ၊ အစိုးရ၊ တာဝန်ရှိဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ စုပေါင်းအားဖြင့် တစ်နည်းဆိုရသော် နိုင်ငံသားပြည်သူများအားလုံး၏ စုပေါင်းအားဖြင့် နိုင်ငံ့တာဝန်ကျေပွန်ခဲ့ကြခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်ရကြောင်း ပါဗျာ။

- **၂၀၂၀ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းမှာ ပြည်သူများ၏ စုပေါင်းအင်အားသည်သာ အဓိကဖြစ်ပါ၏။**
- **ပြည်သူတို့ကယုံကြည်စွာ ရွေးချယ်လိုက်ကြသည့် ပြည်သူ့ကိုယ်စားလှယ်များအားလုံး နိုင်ငံနှင့် ပြည်သူအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေ၊**
- **နိုင်ငံတော်၏ဒီမိုကရေစီရှေ့ခရီး ချောမောအောင်မြင်ပါစေ။**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးစောဦး
## အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နေ (ဦးရော်ဘီဆင်-ဒေါ်သီရိမာကုလ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒဂုဏ်သီရိလမ်း၊ အမှတ် ၇၈(မြေညီ)နေ (ဒေါ်မီနာ)၊ဒေါ်ညိုညိုသန်းတို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းမောင်ဦး-ဒေါ်ခင်မြင့်၊ ဦးစောခင်- ဒေါ်သန်းသန်း ငွေ၊ ဦးခင်မောင်လှ-ဒေါ်သန်းသန်းစိုး၊ ဦးမောင်ကြီး-ဒေါ်မြင့်မြင့်စိုး၊ ဦးမြင့်မောင်- ဒေါ်မငယ်၊ ဦးရွှေလှ B.E(E.P)- ဒေါက်တာသိန်းသိန်းဦး၊ ဦးသန်းဝင်း-ဒေါ်နုနုငယ်၊ ဦးတင်အောင်-ဒေါ်ယဉ်မင်းမြင့်၊ ဦးမင်းမင်းဦး-ဒေါ်ချောစုစုလှိုင်၊ ဦးဇော်မင်းသန်း၊ ဦးအောင်ဇော်မင်း- ဒေါ်ယဉ်ငြိမ်းအေး၊ ဦးအောင်ဇော်ထွေး-ဒေါက်တာရူပရွှေရည်၊ ဦးဝင်းကျော်သူ-ဒေါ်နှင်းနုစောတို့၏ဖခင်၊ မြေး ၃၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး/အဖိုးသည် ၁၄-၁၂-၂၀၂၀ရက် မွန်းလွဲ ၂:၂၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၂၀ရက် ညနေ ၃နာရီတွင် မန္တလေးကြာနီကန်သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

မင်းဘူးမြို့နေ (ဦးလှသောင်း- ဒေါ်မြကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နဝဒေးလမ်းသွယ်၊ အမှတ် ၁၈ နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့သည်၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်အေး-(ဒေါ်ကြည်ကြည်အုန်း)မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ နဝဒေးလမ်းသွယ်၊ အမှတ်(၁၈)နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း) နှင့် ဇနီးဒေါ်အေးအေးထွန်း**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး- ဒေါ်ခင်သီတာ တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့်**
**သံရုံးမိသားစု၊ ဒါကာမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

ဦးဇော်ထွန်းဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ချစ်လှစွာသောမိခင် ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးကြီး မျိုးကြည်-ဒေါ်လေးနွယ်နီဝင်းနှင့်**
**မမေမြန်မာ၊ မမို့မို့လွင်**

---

## ဒုရဲအုပ် ဒေါ်လီလီထွေး(ငြိမ်း)
## ရဲအရာရှိ အမှတ်စဉ် ၉/၈၄
## ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး
## အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ (26-4B)နေ ဦးခင်မောင်သိန်း [ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးရုံး]၏ဇနီး၊ ဦးရဲထွဋ်အောင်(UK)-ဒေါ်နန်းခမ်းအုံ၊ ဒေါက်တာအောင်လတ် (အရိုး အကူးကု-နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး)-ဒေါ်တင်ငြိမ်းငြိမ်းစိုး၊ ဗိုလ်ကြီးမျိုးမင်းအောင် (D.S.T.A-10 သံချပ်ကာ ယန္တရား သင်တန်းကျောင်း)-ဒေါ်ဝေဝေမြင့်၊ မသဲစုစုထွေး(BBM, Paradise Bakery)-ဦးထွန်းအောင်သူတို့၏ ချစ်လှစွာသောမိခင်၊ မောင်စိုင်းစွမ် ရွက်မိန်း၊ မောင်လုဂ်စိုင်းမွန်းဟန်ဖ၊ မရှင်မိုးဟန်၊ မမေသီရိဂုဏ်တို့၏အဘွားသည် ၁၆-၁၂-၂၀၂၀ရက် ည ၁၀:၄၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၂၀ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဘဒ္ဒန္တအဂ္ဂဝံသ
## သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၈)ဝါ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်း (ဘုန်းကြီးလမ်း)၊ အာသာဝတီကျောင်းတိုက်၊ အောင်မြန်မာကျောင်း၊ နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသသည် (၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်) ၁၆-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပြီးစီးပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

**တပည့်သံဃာများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာ အောင်ခင်
## ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
## ပြည်သူ့ရေနံလုပ်ငန်း၊ မြန်မာ့ရေနံကော်ပိုရေးရှင်း
## အချိန်ပိုင်းပါမောက္ခ (ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)
## အသက် (၈၈)နှစ်

မြန်မာနိုင်ငံရေနံဘူမိဗေဒပညာရှင်များအသင်း၏ ရာသက်ပန်နာယကနှင့် The Father of Petroleum Geology in Myanmar ဖြစ်သော ဒေါက်တာ အောင်ခင်သည် ၁၆-၁၂-၂၀၂၀ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ အမှုဆောင်များနှင့် အသင်းသူ အသင်းသားများ**
**မြန်မာနိုင်ငံရေနံဘူမိဗေဒပညာရှင်များအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်လှလှရွှေ
## အသက်(၉၀)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ လှလှမွန်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှလှရွှေသည် ၁၇-၁၂-၂၀၂၀ ရက် နံနက် ၈နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၈)နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး)၏ ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ချိုချိုဝင်း**
**သာသနာရေးဦးစီးဌာန**

---

# ဦးမြင့်အေး
## အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၄)ရပ်ကွက်၊ အမှတ် (၁၄၈)နေ (ဦးရုံ-ဒေါ်တင်ကြည်)တို့၏သား၊ (ဦးမြရင်-ဒေါ်မမလေး)တို့၏သားသမက်၊ မဆွေဇင်ဦး၊ မောင်ကျော်ဇင်ဦးတို့၏ဖခင်ကြီး၊ ဒေါ်ကြည်ကြည်ညွန့်၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၃-၁၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၁:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၂၀ရက် (စနေနေ့)တွင် ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဒေါ်သောင်းရှင်
## စက်မှု-၂(ငြိမ်း)
## အသက်(၇၄)နှစ်

မော်လမြိုင်မြို့နေ (ဦးချစ်မြား- ဒေါ်ကြင်ယုံ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးဘိုးဆင်-ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ (ဦးစိန်မြိုင်) စက်မှု -၂ (ငြိမ်း)၏ဇနီး၊ (ဦးသန့်ချိုအေး)၏မိခင်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ လမ်းမ၊ အမှတ် (၉/ခ)နေ ဒေါ်သောင်းရှင်သည် ၁၆-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄:၂၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(နှလုံးကုသဆောင်)၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ရက်(သောကြာနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

# ဒေါ်အွန်ဖတ်အင်(ခ)ဒေါ်ကျင်လှ
## အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ် (က)ရပ်ကွက်၊ သုဒဿနလမ်း၊ အမှတ် (၁၃)နေ [ဦးအွန်ဟုတ်ကင်-ဒေါ်တန်ကင်ကြူး(ခ)ဒေါ်ကျင်ရွှေ]တို့၏သမီး၊ (ဦးငေါ်ရှန်ဟန်း-ဒေါ်အေး)တို့၏သမီးချွေးမ၊ [ဦးငေါ်ကီစွမ်း(ခ)ဦးမျိုးမြင့်]၏ဇနီး၊ ဦးငေါ်ကီလင်း(ခ)ဦးအောင်စိုး-ဒေါ်စန်းစန်းအောင်၊ [ဦးတီးတီး(ခ)ဦးသန်းငွေ]၊ ဦးငေါ်ဘွန်ကောင်း(ခ)ဦးဖိုးလမင်း-(ဒေါ်သီရိ)၊ ဒေါ်ငေါ် ဘိရှင်(ခ)ဒေါ်မိရှင်၊ ဦးမင်းကြိုင်-ဒေါ်ငေါ်ပေါက်စ၊ ဦးမြင့်အောင်-ဒေါ်မိုးမိုးဆွေ၊ ဦးတင်ထွန်း-ဒေါ်မိုးမိုးဇင်၊ (ဦးမျိုးအောင်)-ဒေါ်လောင်မိဝေတို့၏မိခင်၊ မပပ၊ မသက်မာအေး၊ မဖြိုးဖြိုးသန့်၊ မချောစုဝင်း၊ ဒေါက်တာကျော်စန်းလွင်-မဝင်းမျိုးသော်၊ ဒေါက်တာကျော်မင်း-ဒေါက်တာ မြတ်စုဝင်း၊ မောင်ရဲလင်းအောင်-မဖြူဖြူမင်း၊ မအိအိမွန်၊ မငုဝါအောင်၊ မထားထားလှိုင်၊ မောင်နေစောလင်း၊ မမေမြတ်သိင်္ဂီ၊ ဒေါက်တာ ဇင်ဇင်မင်း၊ မောင်ကျော်မိုးမြင့်၊ မစုမြတ်သူ၊ မဝိုင်းသော်ထား၊ မောင်ချမ်းမင်းကျော်၊ မောင်အောင်သိန်းဆင့်တို့၏အဘွား၊ မောင်ဖြိုးဝင်းဟိန်း၊ မလင်းရွှေရည်ဖြူ၊ Leo Daniel Lee တို့၏ အဘွားသည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀နာရီတွင် နေအိမ် ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
# ဒေါ်မြင့်မြင့်မော်
## (ငွေဥဩတိုက်၊ မုံရွာမြို့)
## အသက် (၆၇)နှစ်

မုံရွာမြို့၊ အလယ်ရပ်၊ မာဃလမ်း၊ ငွေဥဩတိုက်နေ (ဦးပြား-ဒေါ်အုန်းကြည်)တို့၏သမီး၊ ဒေါ်ကြင်စိန်၊ (ဒေါက်တာ မောင်မောင်)-ဒေါက်တာ စဝ်မြကြည်တို့၏ညီမ၊ ဒေါက်တာမောင်မောင်လတ် (UK)-ဒေါ်အေးအေးခိုင်၊ ဦးမောင်မောင်လေး-ဒေါ်ဥမ္မာခင်၊ ဦးတင်ဝင်း-ဒေါ်ကြည်ကြည်မာ(ခ)ဒေါ်ခင်မငြိမ်းတို့၏အစ်မကြီး၊ တူ၊ တူမ ၁၃ ယောက်တို့၏အဒေါ်၊ မြေး ၁၂ ယောက်တို့၏ချစ်လှစွာ သောအဘွားသည် ၁၂-၁၂-၂၀၂၀ရက် (စနေနေ့) နံနက် ၁:၃၀ နာရီတွင် လူကြီးရောဂါဖြင့် မုံရွာမြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် မုံရွာမြို့၊ အလယ်ရပ်၊ မာဃလမ်း၊ ငွေဥဩတိုက်နေအိမ်မှ ဆာကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေး တရားတော်နာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ဦးစိန်ညွှန့်
## ဘိုးသာရွာ၊ စစ်တွေမြို့
## အသက် (၉၁)နှစ်

နာရေးကူညီမှုအသင်း (စစ်တွေ)မှ အတွင်းရေးမှူး ဦးသာလှအောင်၏မိခင်သည် ၁၇-၁၂-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကော်မတီဝင်များ**
**နာရေးကူညီမှုအသင်း(စစ်တွေ)**

---

## တောင်တွင်းကြီးမြို့နယ်အသင်း
## (ရန်ကုန်)
# ဦးဇော်ဝင်း
## သက်ကြီးကန်တော့ခံ
## အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၄)ရပ်ကွက်၊ မြရတနာ (၁)လမ်း၊ အမှတ် (၅၄၂)နေ ဦးဇော်ဝင်းသည် ၁၅-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၂၀ရက်တွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

# ဦးကျော်လှိုင်
## စိုက်ပျိုးရေး(ငြိမ်း)
## တောင်ကုတ်မြို့နယ်၊ ရွာမမြို့
## တောင်ကုတ်မြို့နယ်အသင်း(နာယကကြီး)
## အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၆၅)၊ (၅)လွှာ (B) နေ ဒေါ်ရွှေသန်း (စိုက်ပျိုးရေး-ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ဇော်မိုး (Hyundai Manager) ဒေါ်အေးအေးခိုင်တို့၏ဖခင်သည် ၁၄-၁၂-၂၀၂၀ရက် နံနက် ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်ငွေးဝင်း
## (ဘီးလင်းမြို့)
## အသက်(၆၇)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဆရာစံရပ်ကွက်၊ သုခလမ်းနေ (ဦးကျော်သိန်း-ဒေါ်လှရွှေ)တို့၏သမီး၊ ဦးကြည်သွင်-ဒေါ်အေးသန်းတို့၏ သမီးချွေးမ၊ ဦးမြင့်သိန်း-ဒေါ်စန်းစန်းနု၊ ဦးသိန်းနွယ်-ဒေါ်လှဲ့လှဲ့ငွေးတို့၏ညီမ၊ မောင်ဇော်မျိုးထွန်း- မပန်းဆီဇာ၊ မောင်လွင်မောင်မောင်ငွေး-မဇူလိုင်မိုးတို့၏ မိခင်၊ မောင်ကောင်းအုပ်စိုး၊ မောင်ဘုန်းမြင့်မြတ်တို့၏ အဘွား၊ ဦးမြင့်ဦး၏ ချစ်လှစွာသောဇနီးသည် ၁၇-၁၂-၂၀၂၀ ရက် (ကြာသပတေးနေ့)ညနေ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
# ဟာဂျီ ယူစွဖ်(ခ)ဦးတင်ရွှေ
## အသက်(၆၀)

ရွှေဘရားသား အိမ်ဆောက်ကုန်မာပစ္စည်းဆိုင် အမှတ် ၁၈၄၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်နေ [ဟာဂျီ ဦးမူဆာ(ခ)ဦးခင်လတ်(ကျိုက်လတ်)- ဟာဂျီမဒေါ်ရှုပ်ရှုဘီ]တို့၏သား အဗ္ဗဒွလ်ကာသရ်၊ ဟာဂျီဦးရွှေမောင်၊(ဟာဂျီယာဆင်)တို့၏ ညီ၊ (ဟာဂျီ မွတ်စ်တဖာ)၏အစ်ကို၊ ဟာဂျီမ ဖာတမာဘီ၏ ခင်ပွန်း၊ အနီစားဘီ၊ ဇူဗေဒါးဘီ၊ HF မိုဟာမွဒ်မူဆာ၊ မိုဟာမွဒ်ဖိုင်ဇဲလ်တို့၏ဖခင်၊ မိုဟမ္မဒ်ဂျမားလွတ်ဒိုးန်၊ ဟာဂျီဂဇာလီ၊ ဇူဘာနီဘီတို့၏ ယောက္ခထီးသည် ၅-၁၂-၂၀၂၀ရက် (စနေနေ့)နံနက် ၈နာရီတွင် ပုဇွန်တောင်မြို့နယ်၊ ၅၅လမ်း၊ အမှတ်(၁၁)(A-2)နေအိမ်၌ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့်ယင်းနေ့ ဇိုဟိုနမာဇ်အပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွနာပြီးစီးပါကြောင်း။

မင်္ဂဖိရတ်သ် ဒိုအာပြုပေးပါရန်

**ကျန်ရစ်သူမိသားစု**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၈၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၆-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၃,၁၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၈၂) ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၇-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၈၅၃) ခု | (၁၈၅) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၈၉) ခု | (၅၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၄၄) ခု | (၄၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၇၄) ခု | (၁၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၁၁) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၁၀) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၃) ခု | (၂၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၁) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈၁) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၈၈) ခု | (၂၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၂၆၄) ခု | (၅၇၃) ဦး |
| **စုစုပေါင်း** | **(၂၃,၁၈၈) ခု** | **(၁,၁၈၂) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | ၈-၁၂-၂၀ | ၉-၁၂-၂၀ | ၁၀-၁၂-၂၀ | ၁၁-၁၂-၂၀ | ၁၂-၁၂-၂၀ | ၁၃-၁၂-၂၀ | ၁၄-၁၂-၂၀ | ၁၅-၁၂-၂၀ | ၁၆-၁၂-၂၀ | ၁၇-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၅.၆ | ၆.၉ | ၅.၉ | ၆.၆ | ၅.၆ | ၆.၁ | ၆.၁ | ၄.၈ | ၅.၃ | ၅.၁ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၈-၁၂-၂၀၂၀) ရက်နေ့မှ (၁၇-၁၂-၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၈,၅၆၄) ခုမှ အများဆုံး(၂၄,၀၉၉) ခု အထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၁,၉၂၉) ခု ဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ●

## မုံရွာမြို့တွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ခြင်း အသိပညာပေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မုံရွာ ဒီဇင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မုံရွာမြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေးသည့် နှာခေါင်းစည်းတပ်ဆင်ရေး လှုထုလှုပ်ရှားမှု စီမံချက်ကို ယနေ့ နံနက်ပိုင်းတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေးဦးစွာ နှာခေါင်းစည်းတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို လူစည်ကားရာ နေရာများဖြစ်သော မုံရွာမြို့ရှိ နန္ဒဝန်ဈေး၊ စက်မှုဇုန်ဈေး၊ ဈေးဟောင်း၊ မြသလ္လာဈေး၊ ချင်းတွင်းရတနာဈေးနှင့် မြဝတီရပ်ကွက် သစ္စာလမ်းအတွင်းရှိ ပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းများ

စာမျက်နှာ ၄ ကော်လံ ၁ ❐




မုံရွာမြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## ရန်ကုန်မြို့ပြတွင် စွန့်ပစ်အမှိုက်ထားရှိမည့် နေရာသစ်များ လျာထားရန်လိုအပ်လာ

ရန်ကုန် ဒီဇင်ဘာ ၁၇

လူဦးရေနှစ်စဉ်တိုးတက်လျက်ရှိသောရန်ကုန်မြို့၌ နေ့စဉ်စွန့်ပစ်သောအမှိုက်များ တိုးပွားလာလျက်ရှိရာ မြေရှားပါးလာသော မြို့ပြအခြေအနေတွင် သက်တမ်းကုန်လာသောအမှိုက်ပုံတို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကြိုတင်ကာကွယ်နိုင်ရန် ရန်ကုန်မြို့ပြအတွက် စွန့်ပစ်အမှိုက်ထားရှိမည့်နေရာသစ်များလျာထားရန် လိုအပ်လာကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"အမှိုက်ပုံတွေဟာ မြေကြီးပေါ်မှာပဲ ပုံလာတာကြာပြီ။ တစ်ဖက်မှာလည်း မြေရှားပါးတဲ့ပြဿနာတွေလည်း ကြုံလာရတယ်။ နှစ်စဉ်လူဦးရေများလာတဲ့အတွက် အမှိုက်ထွက်တာလည်း များလာတယ်။အရင်အမှိုက်ပုံဟောင်းတွေရဲ့ သက်တမ်းကလည်း ကုန်လာပြီဆိုတော့ အဲဒီအမှိုက်ပုံမှာပဲ အမှိုက်တွေများလာတယ်။ ဒါကြောင့် စွန့်ပစ်အမှိုက်ကနေ စွမ်းအင်ထုတ်တာ၊ ဘိုင်အိုဂက်စ်ထုတ်တာလုပ်ဆောင်ပြီးတော့ ရန်ကုန်မြို့ပြအနာဂတ်အတွက် အမှိုက်ပုံနေရာသစ်တွေ

စာမျက်နှာ ၁၉ ကော်လံ ၁ ❍

## ထူးခြားသည့် ညအပူချိန်များ

၁၇-၁၂-၂၀၂၀

| | | |
|---|---|---|
| ဟားခါးမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၇ | ဒီဂရီစင်တီဂရိတ် |
| မချမ်းဘောမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၉ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၉ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ်မြို့ | ၉ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၉ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၉ | ဒီဂရီစင်တီဂရိတ် |

## ဘွန်ဒက်စ်လီဂါ သွင်းဂိုး ၂၅၀ ပြည့်မြောက်ခဲ့သည့် တတိယမြောက် ကစားသမား လီဝမ်ဒေါစကီးဖြစ်လာ

တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ဒီဇင်ဘာ ၁၇ ရက်က ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၂) အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဝုဖ်ဘတ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် နှစ်ဂိုးစလုံး သွင်းယူပေးနိုင်ခဲ့သည့်အတွက် ဂတ်မူလာ ၃၆၅ ဂိုး၊ ဖစ်ရှာ ၂၆၈ ဂိုးတို့ပြီးနောက် ဘွန်ဒက်စ်လီဂါ သွင်းဂိုး ၂၅၀ ပြည့်မြောက်သည့် တတိယမြောက် ကစားသမား ဖြစ်လာခဲ့သည်။



လီဝမ်ဒေါစကီးသည် အဆိုပါ ပွဲစဉ်တွင် ၎င်း၏ ဘွန်ဒက်စ်လီဂါသွင်းဂိုး ၂၅၀ ပြည့်မြောက်ခဲ့သည့်ဂိုးကို ပွဲကစားချိန် ၄၅ မိနစ်တွင် ကိုးမန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ဘွန်ဒက်စ်လီဂါ ၂၅၁ ဂိုးမြောက်ကို ပွဲကစားချိန် မိနစ် ၅၀ တွင် ဘိုတန်၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် (၃၂ နှစ်) အရွယ် လီဝမ်ဒေါစကီးသည် ယခုနှစ်ရာသီ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၇ ပွဲတွင် ၁၈ ဂိုးအထိ သွင်းယူထားနိုင်သူဖြစ်ပြီး ၂၀၁၉- ၂၀၂၀ ရာသီမှ လက်ရှိအချိန်အထိ ပြိုင်ပွဲစုံ ၆၄ ပွဲတွင် ၇၃ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။

လီဝမ်ဒေါစကီး၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသေးသည့် ဝုဖ်ဘတ်အသင်းကို အနိုင်ရရှိခဲ့သည့်အတွက် ၁၂ ပွဲကစားပြီး လိုက်ပ်ဇစ်အသင်းနှင့် ရမှတ် ၂၇ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားအဆင့် (၂) နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယားကို လေဗာကူဆင်အသင်းက

စာမျက်နှာ ၁၉ ကော်လံ ၁ ◆

## ကိုဗစ် - ၁၉ ကာကွယ်ဆေးသည် ငွေကျည်ဆန် မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ပြော

စာ ၁၃